www.burmeseclassic.com

ရှုတိုင်းယဉ်

ဥပဒေ နှင့် သုတ ရသစာပေ

# သစ်တောဥပဒေ၊ နည်းဥပဒေ

# FOREST LAW

# တောရိုင်းတိရစ္ဆာန်

# နှင့်

# သဘာဝအပင်များကာကွယ်ရေးနှင့်

# သဘာဝနယ်မြေများ

# ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ

ဥပဒေပြန့်ပွားရေးသညီအစိက

စုစောင်းသူ - ဥပဒေသုတေသီ

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဒေါ်ခင်ဝင်းမြင့်၊ ရွှေတိုင်းယဉ်စာပေ၊
(မြ-၁၄၇၂၁)
အမှတ် (၁၀၀) မြေညီ၊ ၃၇ လမ်း(အောက်လမ်း)၊
မဟာဗန္ဓုလနှင့် ကုန်သည်လမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ - ဦးထွန်းထွန်းလင်း (မြ-၀၅၈၀၆)
ထိပ်တန်းပုံနှိပ်တိုက်
အမှတ်(၁၁၅)၊(၃၄)လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ပထမအကြိမ်၊
၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၂၀၀၀ ကျပ်

ဖြန့်ချိရေး - ရွှေတိုင်းယဉ် ဥပဒေနှင့်သုတရသစာပေ
အမှတ် (၁၀၀) မြေညီ၊ ၃၇ လမ်း(အောက်လမ်း)၊
မဟာဗန္ဓုလနှင့် ကုန်သည်လမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၄၃၀၇၀၀၇၁၊ ၀၁ ၃၈၇၆၃၁၊
၀၁ ၂၅၄၀၀၃၊ ၀၉ ၄၂၅၃၀၇၆၇၅၂

၀၆၀

ဥပဒေသုတေသီ

သစ်တောဥပဒေ Forest Law နှင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ/ဥပဒေသုတေသီ။ -ရန်ကုန်။

ရွှေတိုင်းယဉ်စာပေ၊ ၂၀၁၃။

၁၂၂ စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) သစ်တောဥပဒေ Forest Law နှင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ။


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|---|
| | | | **သစ်တောဥပဒေ** | |
| | | | **The Forest Law** | |
| ၁။ | **အခန်း** | (၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၂ |
| ၂။ | **Chapter** | **I** | Title and Definition | ၃ |
| ၂။ | **အခန်း** | (၂) | အခြေခံမူများ | ၆ |
| 2. | **Chapter** | **II** | Basic Principles | ၇ |
| ၃။ | **အခန်း** | (၃) | ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်း | ၈ |
| 3. | **Chapter** | **III** | Constitution of Reserved Forest and Declaration of Protected Public Forest | ၉ |
| ၄။ | **အခန်း** | (၄) | သစ်တောနယ်မြေ စီမံခန့်ခွဲရေး | ၁၀ |
| 4. | **Chapter** | **IV** | Management of Forest Land | ၁၁ |
| ၅။ | **အခန်း** | (၅) | သစ်တောစိုက်ခင်းတည်ဆောက်ခြင်း | ၁၄ |
| 5. | **Chapter** | **V** | Establishment of Forest Plantation | ၁၅ |
| ၆။ | **အခန်း** | (၆) | သစ်တောထွက်ပစ္စည်းထုတ်ယူခွင့် | ၁၆ |
| 6. | **Chapter** | **VI** | Permission for Extraction of Forest Produce | ၁၇ |
| ၇။ | **အခန်း** | (၇) | သစ်တောထွက်ပစ္စည်းသယ်ယူရွှေ့ပြောင်းခြင်း | ၁၈ |
| 7. | **Chapter** | **VII** | Removal of Forest Produce | ၁၉ |


www.burmeseclassic.com

www.burmeseclassic.com


| | | | |
|---|---|---|---|
| ၈။ | **အခန်း (၈)** | ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များ စီမံခန့်ခွဲခြင်း | ၂၀ |
| 8. | **Chapter VIII** | Disposal of Drift, Standed and Waif Timber | ၂၀ |
| ၉။ | **အခန်း (၉)** | သစ်အခြေခံအသုံးပြုသည့် စက်ရုံတည်ထောင်ခြင်း | ၂၂ |
| 9. | **Chapter IX** | Establishment of Wood-based Industry | ၂၄ |
| ၁၀။ | **အခန်း (၁၀)** | ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၂၂ |
| 10. | **Chapter X** | Search, Arrest and Administrative Action | ၂၄ |
| ၁၁။ | **အခန်း (၁၁)** | အယူခံခြင်း | ၂၆ |
| 11. | **Chapter XI** | Appeal | ၂၆ |
| ၁၂။ | **အခန်း (၁၂)** | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၂၆ |
| 12. | **Chapter XII** | Offences and Penalties | ၂၆ |
| ၁၃။ | **အခန်း (၁၃)** | အထွေထွေ | ၃၂ |
| 13. | **Chapter XIII** | Miscellaneous | ၃၂ |


## သစ်တောနည်းဥပဒေများ


| | | | |
|---|---|---|---|
| ၁။ | **အခန်း (၁)** | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၃၈ |
| ၂။ | **အခန်း (၂)** | ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်း | ၃၉ |
| ၃။ | **အခန်း (၃)** | သစ်တောနယ်မြေ စီမံခန့်ခွဲရေး | ၄၅ |
| ၄။ | **အခန်း (၄)** | သစ်တောစိုက်ခင်းတည်ထောင်ခြင်း | ၄၈ |
| ၅။ | **အခန်း (၅)** | သစ်တောထွက်ပစ္စည်းထုတ်ယူခွင့် | ၅၂ |
| ၆။ | **အခန်း (၆)** | သစ်တောထွက်ပစ္စည်းသယ်ယူရွှေ့ပြောင်းခြင်း | ၅၂ |
| ၇။ | **အခန်း (၇)** | ရေမျောကမ်းတင်သစ်များ စီမံခန့်ခွဲခြင်း | ၅၃ |
| ၈။ | **အခန်း (၈)** | ကိုယ်ပိုင်တံဆိပ်တုံးများကို မှတ်ပုံတင်ခြင်းနှင့် သစ်များကို တံဆိပ်ရိုက်မှတ်ခြင်း | ၅၆ |

www.burmeseclassic.com


၉။ **အခန်း (၉)** သစ်သိုလှောင်ဆိပ်များ ၅၈

၁၀။ **အခန်း(၁၀)** သစ်အခြေခံအသုံးပြုသည့်စက်ရုံ တည်ထောင်ခြင်း ၅၉

၁၁။ **အခန်း(၁၁)** ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း ၆၀

၁၂။ **အခန်း(၁၂)** ပြစ်မှုနှင့် ပြစ်ဒဏ်များ ၆၂

၁၃။ **အခန်း(၁၃)** အထွေထွေ ၆၉

၁၄။ သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့် ကြော်ငြာစာအမှတ် ၆၂/၉၈ ၇၀


## တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ


၁။ **အခန်း (၁)** အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ၇၄

၂။ **အခန်း (၂)** ရည်ရွယ်ချက်များ ၇၆

၃။ **အခန်း (၃)** ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ ၇၆

၄။ **အခန်း (၄)** သဘာဝနယ်မြေများသတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များတည်ထောင်ခြင်း ၇၇

၅။ **အခန်း (၅)** ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ၈၀

၆။ **အခန်း (၆)** အမဲလိုက်ခြင်း ၈၂

၇။ **အခန်း (၇)** တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့် ၈၂

၈။ **အခန်း (၈)** မှတ်ပုံတင်ခြင်း ၈၃

၉။ **အခန်း (၉)** စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း ၈၄

၁၀။ **အခန်း(၁၀)** အယူခံခြင်း ၈၅

၁၁။ **အခန်း(၁၁)** ပြစ်မှုနှင့် ပြစ်ဒဏ်များ ၈၆

၁၂။ **အခန်း(၁၂)** အထွေထွေ ၈၈


www.burmeseclassic.com

www.burmeseclassic.com

# တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးနည်းဥပဒေ


၁။ **အခန်း** (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ၉၀

၂။ **အခန်း** (၂) သဘာဝနယ်မြေသတ်မှတ်ခြင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များတည်ထောင်ခြင်း ၉၁

၃။ **အခန်း** (၃) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ၉၉

၄။ **အခန်း** (၄) အမဲလိုက်ခြင်း

၅။ **အခန်း** (၅) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့် ၁၀၅

၆။ **အခန်း** (၆) မှတ်ပုံတင်ခြင်း ၁၁၀

၇။ **အခန်း(၇)** ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် အရေးယူခြင်း ၁၁၁

၈။ **အခန်း(၈)** စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း ၁၁၄

၉။ **အခန်း(၉)** အထွေထွေ ၁၁၄


www.burmeseclassic.com

www.burmeseclassic.com

# သစ်တောဥပဒေ၊ နည်းဥပဒေ

# FOREST LAW

နှင့်

# တောရိုင်းတိရစ္ဆာန်

နှင့်

# သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# သစ်တောဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၂)

၁၃၅၄ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ ရက်

(၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **သစ်တောဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ကြိုးဝိုင်းတော** ဆိုသည်မှာ ဤဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသည့် နယ်မြေကို ဆိုသည်၊

(ခ) **ကြိုးပြင်ကာကွယ်တော** ဆိုသည်မှာ ဤဥပဒေအရ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာထားသည့်နယ်မြေကို ဆိုသည်၊

(ဂ) **သစ်တောနယ်မြေ** ဆိုသည်မှာ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောတို့ ပါဝင်သည့် နယ်မြေကိုဆိုသည်၊

www.burmeseclassic.com

www.burmeseclassic.com



The State Law and Order Restoration Council

# The Forest Law

(The State Law and Order Restoration Council Law No.8/92)

The 9th Waxing Day of Tazaungmon, 1354 ME

(3rd November, 1992)

The State Law and Order Restoration Council hereby enacts the following Law:-

## CHAPTER I

## Title and Definition

1. This Law shall be called the **Forest Law.**
2. The following expressions contained in this Law shall have the meanings given hereunder: -
   (a) **Reserved Forest** means land constituted as a reserved forest under this Law;
   (b) **Protected Public Forest** means land declared to be protected public forest under this Law;
   (c) **Forest Land** means land including reserved forest and protected public forest;

www.burmeseclassic.com

www.burmeseclassic.com



(ဃ) **အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေမှအပ အခြားမြေများကိုဆိုသည်၊

(င) **သစ်တောထွက်ပစ္စည်း** ဆိုသည်မှာ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ပေါက်ရောက်နေသော သို့မဟုတ် တွေ့ရှိရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီးနှင့် ယင်းတို့မှထွက်ရှိသော ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် တောတိရစ္ဆာန်များ၊ ပိုးမွှားများ၊ ယင်းတို့၏ အစိတ်အပိုင်းများနှင့် ယင်းတို့မှ ထွက်ရှိသော ပစ္စည်းများလည်း ပါဝင်သည်၊

(စ) **အသေးစားသစ်တောထွက်ပစ္စည်း** ဆိုသည်မှာ ဤဥပဒေအရ အသေးစားသစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်ကြေညာထားသည့် သစ်တောထွက်ပစ္စည်းများကို ဆိုသည်၊

(ဆ) **သစ်ပင်** ဆိုသည်မှာ သစ်မြစ်၊ သစ်ငုတ်၊ ပင်စည်၊ အကိုင်းအခက်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွနှင့် အပင်ပေါက်တို့ ပါဝင်သည်၊

(ဇ) **တားမြစ်သစ်ပင်** ဆိုသည်မှာ ကျွန်းပင်နှင့် ဤဥပဒေအရ တားမြစ်သစ်ပင်အဖြစ် သတ်မှတ်ကြေညာထားသည့်သစ်ပင်ကို ဆိုသည်၊

(ဈ) **သစ်** ဆိုသည်မှာ လဲနေသောသစ်ပင်၊ ခုတ်လှဲပြီးသစ်ပင်၊ ခုတ်ထွင်ဖြတ်တောက်ပြုပြင်ထားသော သစ် သို့မဟုတ် သစ်လုံးကိုဆိုသည်၊

(ည) **ထင်း** ဆိုသည်မှာ လောင်စာအဖြစ်သော အသုံးပြုရန် သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စကို ဆိုသည်၊

(ဋ) **အိမ်မွေးတိရစ္ဆာန်** ဆိုသည်မှာ လူတို့ မွေးမြူထားသော ဆင်အပါအဝင် တိရစ္ဆာန်များကို ဆိုသည်၊

(ဌ) **မျှောစာ** ဆိုသည်မှာ သစ်တောထွက်ပစ္စည်းများကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းနိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုဆိုသည်၊

(ဍ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေအရ သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ပြုသည့် အမိန့် သို့မဟုတ် သစ်တောထွက်ပစ္စည်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခွင့် အမိန့်ကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ပြုရန် ချုပ်ဆိုသည့်စာချုပ်လည်း ပါဝင်သည်၊

(ဎ) **ဝန်ကြီး** ဆိုသည်မှာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

www.burmeseclassic.com

www.burmeseclassic.com



(d) **Land at the disposal of the Government** means other land with the exception of land in which a Government department, organization or any person has acquired right of cultivation, right of possession, right of use and occupancy, beneficial enjoyment, heritable right or transferable right under any existing law;

(e) **Forest Produce** means trees, leaves, flowers and fruits grown on or found in forest land or land at the disposal of the Government and their by-products. This expression also includes wild animals and insects, their parts and their by-products;

(f) **Minor Forest Produce** means forest produce declared as a minor forest produce under this Law;

(g) **Tree** includes root, stump, stem, branch, bush, creeper, bamboo, cane, orchid and seedling;

(h) **Reserved Tree** means a teak tree and any tree declared as a reserved tree under this Law;

(i) **Timber** means a tree which has fallen or which has been falled and wood or log, whether cut up, fashioned or hollowed out;

(j) **Firewood** means a tree, part or piece of timber suitable only for use as fuel;

(k) **Domestic Animal** means animals raised by man including elephants;

(l) **Removal Pass** means a permit issued under this Law to move forest produce from one township to another within the country;

(m) **Permit** means an order permitting extraction of forest produce or an order permitting right of operation relating to forest produce. This expression also includes an agreement executed to permit extraction of forest produce;

(n) **Minister** means the Minister of the Ministry of Forestry.

www.burmeseclassic.com

www.burmeseclassic.com



(ဏ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(တ) **သစ်တောအရာရှိ** ဆိုသည်မှာ ပြည်နယ်၊ တိုင်း၊ ခရိုင် သို့မဟုတ် မြို့နယ် သစ်တော ဦးစီးဌာန၏ အကြီးအကဲကို ဆိုသည်၊

(ထ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ သစ်တောဦးစီးဌာန၏ တောကြပ်မှ ညွှန်ကြားရေး မှူးချုပ်အထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများကို ဆိုသည်။

## အခန်း (၂)

## အခြေခံမူများ

၃။ ဤဥပဒေကို အောက်ပါအခြေခံမူများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) အစိုးရ၏ သစ်တောရေးရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) အစိုးရ၏ သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည် ဖော်ရန်၊

(ဂ) အစိုးရ၏ သစ်တောရေးရာမူဝါဒနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒ တို့ကို အကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုအခန်း ကဏ္ဍကို မြှင့်တင်ပေးရန်၊

(ဃ) သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူဖြစ် စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွား ခံစားနိုင်စေရန်၊

(င) သစ်တောထိန်းသိမ်းကာကွယ်ရေး၊ သဘာဝဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးတို့ နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင် ရွက်ရန်၊

(စ) သစ်တောနှင့် ဇီဝမျိုးများ ပြုန်းတီးခြင်း၊ မီးလောင်ခြင်း၊ ပိုးမွှားကျရောက်ခြင်းနှင့် အပင်ရောဂါကျရောက်ခြင်း ဘေးအန္တရာယ်တို့မှ ထိန်းသိမ်းကာကွယ်နိုင်ရန်၊

(ဆ) သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောစိုက်ခင်းသစ်များ တည်ထောင်ရေးတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရန်၊

(ဇ) ပြည်တွင်း လောင်စာလိုအပ်ချက်ကို အထောက်အကူဖြစ်စေရန်၊

www.burmeseclassic.com

www.burmeseclassic.com


(o) **Director-General** means the Director-General of the Forest Department;

(p) **Forest Officer** means the Head of the State/ Divisional, District or Township Forest Department;

(q) **Forest Staff** means the forest administrative staff at different levels from a Forest Guard to the Director-General of the Forest Department.

# CHAPTER II

## Basic Principles

3. This Law shall be implemented in accordance with the following basic principles: -

(a) to implement the forestry policy of the Government;

(b) to implement the environmental conservation policy of the Government;

(c) to promote the sector of public co-operation in implementing the forestry policy and the environmental conservation policy of the Government;

(d) to develop the economy of the State, to contribute towards the food, clothing and shelter needs of the public and for perpetual enjoyment of benefits by conservation and protection of forest;

(e) to carry out in accordance with international agreements relating to conservation of forests and conservation of environment;

(f) to prevent the dangers of destruction of forest and bio-diversity, outbreak of fires, infestation of insects and occurrence of plant disease;

(g) to carry out simultaneously conservation of natural forests and establishment of forest plantations;

(h) to contribute towards the fuel requirement of the country;

www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၃)

## ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တောသတ်မှတ်ကြေညာခြင်း

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သဘာဝတောတောင်၊ ရေ၊ မြေ တို့ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရန်အလို့ငှာ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင် နယ်နိမိတ်သတ်မှတ်၍ အောက်ပါ ကြိုးဝိုင်းတော အမျိုးအစားများကို ဖွဲ့စည်းနိုင်သည် -

(က) စီးပွားရေးသစ်ထုတ်ကြိုးဝိုင်းတော၊

(ခ) ဒေသန္တရထောက်ပံ့ရေးကြိုးဝိုင်းတော၊

(ဂ) ရေဝေရေလဲ ထိန်းသိမ်းရေးကြိုးဝိုင်းတော၊

(ဃ) သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းရေးကြိုးဝိုင်းတော၊

(င) အခြားကြိုးဝိုင်းတော အမျိုးအစားများ။

၅။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ကြိုးဝိုင်းတောပြင်ပရှိ အစိုးရ စီမံခန့်ခွဲခွင့်ရှိသော မြေတွင် နယ်နိမိတ်ဖော်ပြ၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်သည် -

(က) ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း၊

(ခ) အပူပိုင်းဒေသတောထိန်းသိမ်းကာကွယ်ခြင်း၊

(ဂ) ဒီရေတော ထိန်းသိမ်းကာကွယ်ခြင်း၊

(ဃ) သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းကာကွယ်ခြင်း၊

(င) သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်း။

၆။ ဝန်ကြီးသည် -

(က) ကြိုးဝိုင်းတောဖွဲ့စည်းခြင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းမပြုမီ မည်သည့်နယ်မြေဒေသကို ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းရန် သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကြေညာရမည်၊

(ခ) ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးဝိုင်းတော နယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောကြေးတိုင်အရာရှိတစ်ဦးကို ခန့်အပ်တာဝန်ပေးရမည်၊

www.burmeseclassic.com

www.burmeseclassic.com



# CHAPTER III

## Constitution of Reserved Forest and Declaration of Protected Public Forest

4. In order to conserve the environmental factors and to maintain a sustained yield of the forest produce, the Minister may, with the approval of the Government, constitute the following categories of reserved forest by demarcation on land at the disposal of the Government: -
   (a) commercial reserved forest;
   (b) local supply reserved forest;
   (c) watershed or catchment protection reserved forest;
   (d) environment and bio-diversity conservation reserved forest;
   (e) other categories of reserved forest.
5. The Minister may, with the approval of the Government, declare as protected public forest, specifying limits on land at the disposal of the Government, outside reserved forests for the following purposes: -
   (a) protection of water and soil;
   (b) conservation of arid-zone forest;
   (c) conservation of mangrove forests;
   (d) conservation of environment and bio-diversity;
   (e) conservation for sustainable production.
6. The Minister shall: -
   (a) before constituting a reserved forest or declaring a protected public forest, declare in the manner prescribed that it is proposed to constitute any land a reserved forest or to prescribe any land a protected public forest;
   (b) in respect of constituting a reserved forest appoint a Forest Settlement Officer to inquire into and determine in the manner prescribed the affected rights of the public on the relevant land and to carry out demarcation of the reserved forest;

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန် ညွှန်ကြားရေးမှူးချုပ်ကို တာဝန်ပေးအပ်ရမည်၊

(ဃ) သစ်တောကြေးတိုင်အရာရှိက ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ပြီးနောက် ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် တင်ပြလာသော အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ ကြိုးဝိုင်းတောဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်၊

(င) ညွှန်ကြားရေးမှူးချုပ်က ပုဒ်မခွဲ (ဂ) အရ ဆောင်ရွက်ပြီးနောက် တင်ပြလာသော အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ ကြိုးပြင်ကာကွယ်တောသတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

၇။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ကြိုးဝိုင်းတောတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကြိုးဝိုင်းတော အမျိုးအစား ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်ခြင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် ပြောင်းလဲသတ်မှတ်ခြင်း ပြုနိုင်သည်၊

(ခ) ဆက်လက်ကာကွယ်ထိန်းသိမ်းထားရန် မလိုအပ်သည့် ကြိုးပြင်ကာကွယ်တော တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကြိုးပြင်ကာကွယ်တောအဖြစ်မှ ပယ်ဖျက်နိုင်သည်၊

၈။ (က) နိုင်ငံတော်အတွင်း မည်သည့်နေရာဒေသတွင်မဆို ပေါက်ရောက်နေသော ကျွန်းပင်သည် နိုင်ငံတော်ပိုင်ဖြစ်သည်၊

(ခ) ဝန်ကြီးသည် သစ်တောဦးစီးဌာနက ထိန်းသိမ်းကာကွယ်ရမည့် တားမြစ်သစ်ပင် အမျိုးအမည်များကို နေရာဒေသအလိုက် သတ်မှတ်ကြေညာခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း (၄)

## သစ်တောနယ်မြေ စီမံခန့်ခွဲရေး

၉။ သစ်တောဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အစိုးရ၏ သစ်တောရေးရာမူဝါဒကို အကောင်အထည်ဖော်ခြင်း၊

(ခ) ရေ၊ မြေ၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေး၊ သစ်တောဖုံးလွှမ်းသည့် နယ်မြေများ ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်းသည့် စီမံကိန်းများကို အကောင်အထည်ဖော်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(c) in respect of specifying a protected public forest delegate the Director-General to inquire into and determine in the manner prescribed the affected rights of the public which may arise under the prohibitions contained in the declaration;

(d) publish a notification constituting a reserved forest after consideration of the report submitted through the Director-General by the Forest Settlement Officer after carrying out in accordace with sub-section (b);

(e) publish a notification determining a protected public forest after consideration of the reort submitted by the Director-General after carrying out in accordance with sub-section (c).

7. The Minister may, with the approval of the Government: -

(a) alter the category of the whole or a portion of the reserved forest; cancel the category of being a reserved forest; convert into a protected public forest;

(b) cause the whole or a portion of the protected public forest which no longer requires conservation to cease to be a protected public forest.

8. (a) A standing teak tree wherever situated in the State is owned by the State;

(b) The Minister may declare, alter or cancel according to the locality the species of reserved trees which are to be conserved by the Forest Department.

# CHAPTER IV

## Management of Forest Law

9. The functions and responsibilities of the Forest Department are as follows:-

(a) implementation of the forestry policy of the Government;

(b) implementation of the plans relating to conservation of water, soil, bio-diversity and environment, sustained yield of forest produce and protection of forest covered land;

www.burmeseclassic.com

www.burmeseclassic.com



(ဂ) သစ်တောနယ်မြေကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဃ) ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် တားမြစ်သစ်ပင်အမျိုးအမည်များ သတ်မှတ်ရေး၊ ပြင်ဆင်ရေး သို့မဟုတ် ဖျက်သိမ်းရေးတို့အတွက် ဝန်ကြီးထံသို့ အဆိုပြုတင်ပြခြင်း၊

(င) သစ်တောပညာရပ်နှင့်စပ်လျဉ်းသော ကျောင်းများ၊ သင်တန်းများဖွင့်လှစ်ရေး၊ ပြည်ပသို့ သစ်တောပညာရပ်ဆိုင်ရာ ပညာသင်များ စေလွှတ်ရေးတို့ကို စီစဉ်ဆောင်ရွက်ခြင်း၊

(စ) သစ်တောတက္ကသိုလ်ကို စီမံခန့်ခွဲခြင်း၊

(ဆ) သစ်တောသယံဇာတစာရင်းများ ကောက်ယူပြုစုခြင်း၊

(ဇ) သစ်တောသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေပါ အခြေခံမူများနှင့်အညီ သစ်တောနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အောက်ပါစီမံကိန်းများကို ရေးဆွဲ၍ ဝန်ကြီးထံ တင်ပြရမည် -

(က) အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် လုပ်ငန်းလမ်းညွှန်အဖြစ် အသုံးပြုရမည့် သစ်တောကဏ္ဍနှင့် စပ်လျဉ်းသည့် စီမံကိန်း၊

(ခ) သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းသည့် စီမံကိန်း၊

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၀ ပါ စီမံကိန်းများနှင့် စပ်လျဉ်း၍ -

(က) အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးထံသို့ နှစ်စဉ်တင်ပြအစီရင်ခံရမည်၊

(ခ) အခါအားလျော်စွာ ပြန်လည်သုံးသပ်ပြီး လိုအပ်ချက်များရှိပါက ပြင်ဆင်ဖြည့်စွက်နိုင်ရန် ဝန်ကြီးထံသို့ အဆိုပြုတင်ပြရမည်၊

(ဂ) လိုအပ်သော သစ်တောသယံဇာတစာရင်းကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ၁၀ နှစ်တစ်ကြိမ် ကောက်ယူ၍ စာရင်းဇယားပြုစုရမည်။

၁၂။ မည်သူမဆို သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအတွင်း -

(က) ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်လိုလျှင် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည်၊

(ခ) ပညာရေး သို့မဟုတ် သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်း၊ သင်တန်းဖွင့်လှစ်ခြင်း သို့မဟုတ် လေ့လာရေးစခန်းချခြင်းပြုလိုလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

www.burmeseclassic.com

www.burmeseclassic.com


(c) management of forest land in accordance with the provisions of this Law;

(d) submitting proposals to the Minister for the determination, alteration or cancellation of reserved forest, protected public forest and species of reserved trees;

(e) establishing and managing schools and training courses relating to forestry and sending trainees abroad;

(f) administering Forestry Institute;

(g) inventorying forest resources;

(h) carrying out forest research.

10. In order to carry out the forest and environment conservation work successfully, in accordance with the basis principles contained in this Law, the Director-General shall draw up the following plans and submit to the Minister: -

(a) plan relating to the forest sector, to be used as a guideline in the Government department, organizations and private enterprises;

(b) Plan relating to forest administration.

11. The Director-General shall, in respect of the plans contained in section 10:-

(a) report the work progress annually to the Minister;

(b) review from time to time and if requirements warrant alteration submit a proposal to the Minister;

(c) collect and collate necessary forest resources data in the prescribed manner every ten years.

12. Whoever, within a forest land and forest covered land at the disposal of the Government: -

(a) is desirous of carrying out any development work or economic scheme shall obtain the prior approval of the Forestry Ministry:

(b) is desirous of carrying out educational or research work or conducting a training courses or a study tour shall obtain the prior sanction of the Director-General or the Forest Officer empowered by him.

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

## သစ်တောစိုက်ခင်း တည်ထောင်ခြင်း

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သစ်တောနယ်မြေ သို့မဟုတ် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် အောက်ပါ သစ်တောစိုက်ခင်းများကို တည်ထောင်နိုင်သည် -

(က) စီးပွားရေးစိုက်ခင်း၊

(ခ) စက်မှုကုန်ကြမ်းစိုက်ခင်း၊

(ဂ) ရေမြေသဘာဝဝန်းကျင်ထိန်းသိမ်းရေးစိုက်ခင်း၊

(ဃ) ဒေသန္တရထောက်ပံ့ရေးစိုက်ခင်း၊

(င) ကျေးရွာထင်းစိုက်ခင်း၊

(စ) အခြားစိုက်ခင်း။

၁၄။ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိလျှင် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းကို -

(က) အစိုးရနှင့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်၊

(ခ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိသည်။

၁၅။ ညွှန်ကြားရေးမှူးချုပ်သည် ကျေးရွာအနီးပတ်ဝန်းကျင်တွင်ရှိသော ကြိုးဝိုင်းတောတွင်ဖြစ်စေ၊ ကြိုးပြင်ကာကွယ်တောတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ အောက်ပါကျေးရွာပိုင် ထင်းစိုက်ခင်းများကို စည်းကမ်းသတ်မှတ်ချက်ဖြင့် တည်ထောင်ခွင့်ပြုနိုင်သည် -

(က) သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း၊

(ခ) ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင် ထင်းစိုက်ခင်း။

၁၆။ စီးပွားဖြစ် သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ရရှိသူသည် ခွင့်ပြုမိန့်အရ နိုင်ငံတော်အတွက် သစ်တောစိုက်ခင်းတည်ထောင်ခြင်း သို့မဟုတ် သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် တာဝန်ရှိလျှင် ယင်းလုပ်ငန်း၏ မိမိ၏ ကုန်ကျစရိတ်ဖြင့် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



# CHAPTER V

## Establishment of Forest Plantation

13. The Director-General may, with the approval of the Minister, establish the following plantations on a forest land or land at the disposal of the GovernmentL: -
    (a) commercial plantation;
    (b) industrial plantation;
    (c) environmental conservation plantation;
    (d) local supply plantation;
    (e) village firewood plantation;l
    (f) other plantation.
14. If permission is obtained from the Government: -
    (a) the Government and any person or any organization have the right to carry out in joint-venture;
    (b) any person or any organization has the right to carry out in accordance with the stipulation, cultivation and maintenance of forest plantations with the exception of village-owned firewood plantations cultivated by the villagers for their use.
15. The Director-General may grant permission to establish with stiuplation the following village-owned firewood plantations in a reserved forest or protected public forest or on land at the disposal of the Government in the vicinity of the village:-
    (a) firewood plantation established by the Forest Department for a certain period and then transferred to be maintained and used as village-owned;
    (b) village-owned firewood plantation established, maintained and used by the villages by collective labour.
16. A person having obtained the right to extract forest produce on a commercial scale who has the personsibility of establishing forest plantations or carrying out natural regeneration under a permit for the State shall carry out the same at his own expense and in accordance with stipulation.

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

## သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်

၁၇။ သစ်တောထွက်ပစ္စည်းကို ခွင့်ပြုမိန့်ရရှိပြီးမှသာ ထုတ်ယူခွင့်ရှိသည်။ သို့ရာတွင် စီးပွားဖြစ် မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက်ဖြစ်လျှင် သတ်မှတ်အရေအတွက်ထက် မကျော်လွန်ပါက ခွင့်ပြုမိန့်ရယူရန်မလိုဘဲ ထုတ်ယူနိုင်သည်။

၁၈။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုရာတွင် စီးပွားဖြစ်ထုတ်ယူခြင်းဖြစ်ပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးရမည်။ သို့ရာတွင် အောက်ပါတို့အတွက် ဈေးပြိုင်စနစ်ကျင့်သုံးခြင်းမပြုဘဲ ထုတ်ယူခွင့်ပြုနိုင်သည် -

(က) သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းများကို နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်သည့်ကိစ္စ၊

(ခ) သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က ဝန်ကြီးအား လုပ်ပိုင်ခွင့်ပေးအပ်ထားသည့်ကိစ္စ၊

(ဂ) စီးပွားဖြစ် အသေးစားသစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊

(ဃ) စီးပွားဖြစ်မဟုတ်သည့် အောက်ပါလုပ်ငန်းများတွင် သုံးစွဲရန်ဖြစ်သော သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ -

(၁) သုတေသနနှင့် ပညာပေးလုပ်ငန်း၊

(၂) ပြည်သူ့အကျိုးပြု သို့မဟုတ် ဘာသာရေးလုပ်ငန်း။

၁၉။ (က) စီးပွားဖြစ်သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ -

(၁) ဝန်ကြီးသည် သက်တမ်း ၅ နှစ်နှင့် ၅ နှစ်ထက်ပိုသောကာလအတွက် ခွင့်ပြုနိုင်သည်၊

(၂) ညွှန်ကြားရေးမှူးချုပ်သည် သက်တမ်း ၂ နှစ်အထက်မှ ၄ နှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်၊

(၃) ပြည်နယ်၊ တိုင်း သစ်တောအရာရှိသည် သက်တမ်း ၁ နှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူသည် လုံလောက်သော အကြောင်းရှိလျှင် ခွင့်ပြုမိန့်သက်တမ်းကို တစ်ကြိမ်လျှင် ၆ လထက်မပိုစေဘဲ ၂ ကြိမ်အထိ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com


# CHAPTER VI

## Permission for Extraction of Forest Produce

17. Forest produce may only be extracted after obtaining a permit. However, if it is for domestic or agricultural or piscatorial use not on a commercial scale, forest produce may be extracted in an amount not exceeding the stipulated quantity, without obtaining a permit.

18. In permitting the extraction of forest produce the Forest Department shall use the competitive bidding system if the extraction is on a commercial scale. However, extraction for the following purposes may be permitted without using the competitive bidding system:-
    (a) where extraction of forest produce and sales in and outside the country are carried out as a State-owned enterprise;
    (b) where the Minister is empowered by the Government in respect of the extraction of forest produce;
    (c) where minor forest produce is permitted to be extracted on a commercial scale;
    (d) where forest produce to be used in the following works not on a commercial scale is permitted to be extracted: -
        (i) research and educational work;
        (ii) work beneficial to the public or religious work.

19. (a) In respect of permission for extraction of forest produce on a commercial scale: -
        (i) the Minister may grant permission for a period of 5 years and above;
        (ii) the Director-General may grant permission for a term extending from over 2 years to 4 years;
        (iii) the State/ Divisional Forest Officer may grant permission for a term which may extend to 1 year.
    (b) The person granting permissin for extraction of forest produce under sub-section (a) may, for sufficient reason, extend the term of the permit for not more than 6 months at a time and not more than twice.

www.burmeseclassic.com

www.burmeseclassic.com



၂၀။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သတ်မှတ်နိုင်သည် -

(က) အသေးစားသစ်တောထွက်ပစ္စည်း အမျိုးအမည်၊

(ခ) အခွန်နှုန်းနှင့် အခြားအခကြေးငွေများ၊

(ဂ) စီးပွားဖြစ်မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် ခွင့်ပြုမိန့်မလိုဘဲ သစ်တောအရာရှိများက ထုတ်ယူခွင့်ပေးနိုင်သည့် သစ်တောထွက်ပစ္စည်းတစ်ခုချင်း၏ အရေအတွက်၊

(ဃ) ခွင့်ပြုမိန့်ပါ စည်းကမ်းဖောက်ဖျက်မှုအတွက် တပ်ရိုက်မည့်ဒဏ်ကြေး၊

(င) စည်းကမ်းချက်များ။

၂၁။ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ခ) သစ်တောဦးစီးဌာနက ဤဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ တားမြစ်ချက်နှင့် ကန့်သတ်ချက်များကို လိုက်နာရမည်၊

(ဂ) ပေးဆောင်ရန်ရှိသော အခွန်အခများ၊ အာမခံငွေများ၊ ကြိုတင်ငွေများကို ပေးဆောင်ရမည်၊

(ဃ) သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တိုင်းတာပြီး တံဆိပ်ရိုက်မှတ်ခြင်း၊ မှတ်ပုံတင်ထားသော ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ခြင်း ပြုရမည်။

၂၂။ သစ်တောအရာရှိသည် သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေမှ ထုတ်လုပ်သည့် အခွန်ဆောင်ပြီးသောထင်းကို မီးသွေးဖုတ်နိုင်ရန် သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် မီးသွေးဖိုတည်ထောင်ခွင့်နှင့် မီးသွေးဖုတ်ခွင့် ပြုနိုင်သည်။

## အခန်း (၇)

## သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်း

၂၃။ (က) မည်သူမဆို သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းလိုလျှင် ဤကိစ္စအလို့ငှာ ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိထံမှ မျှောစာလျှောက်ထားရယူရမည်၊

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် အောက်ပါကိစ္စရပ်များနှင့် အကျုံးမဝင်စေ

(၁) သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုထားသည့် နေရာဒေသအတွင်း သယ်ယူရွှေ့ပြောင်းခြင်း၊

(၂) သတ်မှတ်သည့် အရေအတွက်ထက် မပိုသော စီးပွားဖြစ်မဟုတ်သည့် အသေးစားသစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


20. The Director-General may, with the approval of the Minister, determine the following in respect of the permission for extraction of forest produce: -

(a) variety of minor forest produce;
(b) rate of royalty and other fees;
(c) the quantity of each forest produce, the extraction of which is allowed by the Forest Officers, without a permit for domestic or agricultural or piscatorial use not on a commercial scale;
(d) penalty to be imposed for breach of condition contained in the permit;
(e) terms and conditions.

21. A person who has obtained permission for extraction of forest produce shall:-

(a) abide by the conditions contained in the permit;
(b) abide by the orders, directives, prohibitions and restrictions issued by the Forest Department in accordance with this Law;
(c) pay the royalties, security deposits and advances due;
(d) affix the mark after measuring in the manner prescribed or affix the property-mark which has been registered.

22. The Forest Officer may permit the construction of charcoal kiln and burning of royalty-paid firewood into charcoal extracted from forest land and land at the disposal of the Government subject to prescribed conditions.

## CHAPTER VII
## Removal of Forest Produce

23. (a) Whoever is desirous of moving any forest produce from one township to another within the country shall apply for a removal pass from the Forest Officer empowered by the Director-General for this purpose.

(b) The provision of sub-section (a) shall not apply to the following cases:-

(i) moving forest produce within the area permitted for extraction thereof;
(ii) moving minor forest produce not exceeding the prescribed quantity and not on a commercial scale;

www.burmeseclassic.com

www.burmeseclassic.com


(၃) စည်ပင်သာယာနယ်နိမိတ်တစ်ခုအတွင်းရှိ မြို့နယ်တစ်ခုမှတစ်ခုသို့ သယ်ယူရွှေ့ပြောင်းခြင်း။

၂၄။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်းကို စစ်ဆေးရန်နှင့် ကျသင့်သော အခွန်အခများကို ကောက်ခံနိုင်ရန် လိုအပ်သော သစ်တောကင်းရုံးများကို တည်ထောင်ထားရှိနိုင်သည်။

၂၅။ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် -

(က) မျှောစာကို မိမိနှင့်အတူ တစ်ပါတည်းယူဆောင်လာရမည်၊

(ခ) သက်ဆိုင်ရာ သစ်တောကင်းရုံးများ၏ စစ်ဆေးခြင်းနှင့် အခွန်အခစည်းကြပ်ခြင်းကို ခံယူရမည်။

၂၆။ (က) ညွှန်ကြားရေးမှူးချုပ်သည် သစ်များကို ဖောင်ဖွဲ့၍ မျှောချရသည့် ဖောင်ဖွဲ့ဆိပ်များကို သတ်မှတ်ပေးရမည်၊

(ခ) သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် ဖောင်ဖွဲ့ဆိပ်မှစ၍ သစ်ဖောင်များကို ထိန်းသိမ်းကွပ်ကဲမှုဖြင့်သာ မျှောချရမည်။

## အခန်း (၈)

## ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များ စီမံခန့်ခွဲခြင်း

၂၇။ ဖောင်ဖွဲ့ဆိပ်မှစ၍ ထိန်းသိမ်းကွပ်ကဲမှုမရှိဘဲ မျောလာသည့် သစ်ဖောင်၊ သို့မဟုတ် သစ်ကို ရေမျောကမ်းတင်သစ်ဟု သတ်မှတ်သည်။

၂၈။ (က) အောက်ပါသစ်များသည် တစ်ဦးတစ်ယောက်ပိုင်ဆိုင်ကြောင်းကို သတ်မှတ်သည့်ကာလအတွင်း ခိုင်လုံစွာ တင်ပြခြင်းမပြုနိုင်လျှင် ပိုင်ရှင်မဲ့သစ်ဖြစ်သည်ဟု မှတ်ယူရမည် -

(၁) ရေမျောကမ်းတင်သစ် သို့မဟုတ် နစ်မြုပ်လျက်တွေ့ရှိသည့်သစ်များ၊

(၂) မှတ်ပုံတင်ထားသော ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ထားခြင်းမရှိသည့်သစ်များ၊

(၃) ရိုက်မှတ်ထားသော မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်တံဆိပ်ကို ပုံသဏ္ဌာန်ပြောင်းလဲဖျက်ဆီးထားသည့်သစ်များ၊

(ခ) သစ်တောဝန်ထမ်းသည် ပုဒ်မခွဲ (က) ပါ သစ်များကို သစ်တောကင်းရုံး သို့မဟုတ် သစ်ဆိပ်များသို့ စုသိမ်းယူဆောင်ယူလာခွင့်ရှိသည်။

၂၉။ သစ်တောအရာရှိသည် ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

www.burmeseclassic.com

www.burmeseclassic.com



(iii) moving from one township to another in a City Development area.

24. The Forest Department may establish the required revenue-stations to examine forest produce in transit and to collect the royalties due.

25. A person moving forest produce shall: -

(a) carry the removal pass together with him;

(b) submit to the examination and assessment of royalty at the relevant revenue-station.

26. (a) The Director-General shall determine the rafting stations where timber is to be rafted and floated;

(b) A person moving forest produce shall float timber below the rafting station only in rafts under control.

# CHAPTER VIII

## Disposal of Drift, Stranded and Waif Timber

27. Raft or timber floated below a rafting station without control is deemed to be "adrift."

28. (a) The following timber shall be deemed to be waif timber unless and until any person establishes his right thereto within the prescribed period: -

(i) timber found adrift, stranded or sunk;

(ii) timber to which a registered property-mark has not been affixed;

(iii) timber on which a registered property mark has been obliterated.

(b) The Forest Staff has the right to collect timber mentioned in sub-section (a) and bring to the revenue stations (or) timber deeppts.

29. The Forest Officer shall dispose of the drift and waif timber in the manner prescribed.

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

## သစ်အခြေခံအသုံးပြုသည့်စက်ရုံတည်ထောင်ခြင်း

၃၀။ သစ်အခြေခံအသုံးပြုသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ လွှစင်၊ လွှစက်၊ လျှောထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့် စက်တည်ထောင်လုပ်ကိုင်လိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်သည် ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုမိန့်ကို ရရှိပြီးမှသာ တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်။

၃၁။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၃၀ ပါ ကိစ္စအလို့ငှာ အခွန်အခနှုန်းများ၊ ခွင့်ပြုမိန့်သက်တမ်းနှင့် ခွင့်ပြုမိန့်ဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

## အခန်း (၁၀)

## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၂။ ဤဥပဒေအရ သစ်တောဝန်ထမ်းများ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည့် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် သတ်မှတ်ပေးရမည်။

၃၃။ (က) သစ်တောအရာရှိသည် ဖမ်းဆီးရမိသည့် သစ်တောထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) ၁ တန်ထက်မပိုသော ကျွန်း သို့မဟုတ် တားမြစ်သစ်ပင်မှ ထွက်ရှိသည့် ၃ တန်ထက်မပိုသော သစ်များ ဖမ်းဆီးရမိခြင်းဖြစ်လျှင် ကျပ် ၁၀၀၀၀ ထက်မပိုသော ဒဏ်ကြေးကို ပေးဆောင်စေပြီး သစ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊

(၂) ကျွန်း သို့မဟုတ် တားမြစ်သစ်ပင်မှထွက်ရှိသော သစ်မှအပ ၃ တန်ထက်မပိုသော အခြားသစ်ပင်များ ဖမ်းဆီးရမိခြင်းဖြစ်လျှင် သစ်များ၏ ဒေသတန်ဖိုး ၂ ဆနှင့် ကျပ် ၁၀၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး သစ်များ ပြန်လည်ပေးအပ်ခြင်း၊

(၃) သစ်မှအပ ဒေသတန်ဖိုးကျပ် ၅၀၀၀ ထက်မပိုသော အခြားသစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိခြင်းဖြစ်လျှင် ယင်းပစ္စည်းများ၏ ဒေသတန်ဖိုးနှင့် ကျပ် ၁၀၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး ပစ္စည်းများ ပြန်လည်ပေးအပ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


# CHAPTER IX
## Establishment of Wood-based Industry

30. A private entrepreneur who is desirous of establishing a sawpit, sawmill, tongue-and-groove mill, plywood mill, veneer mill or a wood-based industry with the exception of wood-based cottage industries and furniture industries has the right to establish the same only after obtaining a permit from the Forest Officer empowered for this purpose.

31. The Director-General may, with the approval of the Minister, determine the rates of royalties, and terms and conditions of the permit for the purpose of section 30.

# CHAPTER X
## Search, Arrest and Administrative Action

32. Powers relating to search, arrest, seizure and disposal of exhibits, which forest staff are authorized to exercise under this Law shall be prescribed by rules.

33. (a) A Forest Officer may pass any order relating to the following administrative action in respect of forest produce seized:-
   (i) in case of seizure of teak timber not exceeding 1 ton or timber from reserved tree not exceeding 3 tons, causing payment to be made of a penalty not exceeding kyats 10,000 and confiscating the timber;
   (ii) in case of seizure of timber other than timber from teak or reserved tree not exceeding 3 tons, causing payment to be made of a penalty not exceeding kyats 10,000 and double the local value of the timber and relasing the timber;
   (iii) in case of seizure of other forest produce the local value of which does not exceed kyats 5,000 other than timber, causing payment to be made of penalty not exceeding kyats 10,000 and double the local value of such forest produce and releasing the sam

www.burmeseclassic.com

www.burmeseclassic.com



(ç) မရွှေ့မပြောင်းနိုင်သော သစ်တောထွက်ပစ္စည်း ဖမ်းဆီးရမိခြင်းဖြစ်လျှင် ယင်းပစ္စည်းများ၏ ဒေသတန်ဖိုး ၂ ဆနှင့် ကျပ် ၁၀၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး ပစ္စည်းများ ပြန်လည်ပေးအပ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သည့်အမိန့်ကို လိုက်နာသူအား ဤဥပဒေအရ တရားစွဲဆိုခြင်းမပြုရ၊ လိုက်နာရန် ပျက်ကွက်သူကိုသာ ဤဥပဒေအရ တရားစွဲဆိုရမည်။

၃၄။ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ရရှိသူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ် သို့မဟုတ် အလုပ်သမားတစ်ဦးဦးကဖြစ်စေ ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ခဲ့လျှင် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟုယူဆလျှင် သတ်မှတ်သည့် ဒဏ်ကြေးငွေကိုပါ ပေးဆောင်စေခြင်း။

၃၅။ သစ်တောအရာရှိသည် ဤဥပဒေအရ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည့် သစ်တောထွက်ပစ္စည်းကို မျှောစာမပါဘဲ သယ်ယူရွှေ့ပြောင်းသူအား ကျပ် ၅၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး ဆက်လက်သယ်ယူရွှေ့ပြောင်းခွင့်ပြုနိုင်သည်။ ဒဏ်ကြေးပေးဆောင်ရန် ပျက်ကွက်ပါက သယ်ယူလာသော သစ်တောထွက်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၆။ (က) သစ်တောဝန်ထမ်းသည် သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာနက ရရန်ရှိသော အခွန်အခ၊ ဒဏ်ကြေးများကို မရရှိသေးသမျှ ယင်းသစ်တောထွက်ပစ္စည်းကို ထိန်းသိမ်းထားနိုင်သည်၊

(ခ) သတ်မှတ်ကာလအတွင်း အခွန်အခ၊ ဒဏ်ကြေးများပေးဆောင်ရန် ပျက်ကွက်ပါက ပုဒ်မခွဲ (က) အရ ထိန်းသိမ်းထားသော သစ်တောထွက်ပစ္စည်းကို သစ်တောအရာရှိသည် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ စီမံခန့်ခွဲခွင့်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



(iv) in case of seizure of immovable forest produce, causing payment to be made of a penalty not exceeding kyats 10.000 and double the local value of such produce and releasing the same.

(b) No legal proceeding shall be instituted under this Law against a person who abides by the order passed under sub-section (a). Legal proceeding shall only be instituted under this Law against a person who fails to abide by the same.

34. If a person who has obtained permission to extract forest produce or his agent or his labourer violates any condition of the permit, the person granting permission to extract forest produce may pass any of the following orders: -

(a) causing the suspension of the whole or any portion of the work carried out under the permit;

(b) causing payment of the prescribed penalty to be made and permitting the work to be carried on;

(c) cancelling the permit;

(d) cancelling the permit and confiscating the security deposit and advances; if it is considered necessary causing payment of the prescribed penalty.

35. The Forest Officer may cause payment of penalty not exceeding kyats 5,000 to be made by a person who moves without a removal pass forest produce lawfully owned under this Law and allow the forest produce to be moved. If there is failure to pay the penalty, the forest produce shall be confiscated.

36. (a) The forest staff may, in respect of any forest produce, keep in custody such forest produce until and unless the royalties and penalties payable to the Forest Department have been recovered;

(b) In case of failure to pay the royalties and penalties within the prescribed period, the Forest Officer shall dispose of the forest produce kept in custody under sub-section (a) in the manner prescribed.

www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၁၁)
## အယူခံခြင်း

၃၇။ (က) ဤဥပဒေအရ မြို့နယ်သစ်တောအရာရှိက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာခရိုင် သို့မဟုတ် ပြည်နယ်၊ တိုင်းသစ်တောအရာရှိထံ သတ်မှတ်သည့်အတိုင်း အယူခံဝင်နိုင်သည်၊

(ခ) ခရိုင် သို့မဟုတ် ပြည်နယ်၊ တိုင်းသစ်တောအရာရှိသည် မြို့နယ် သစ်တောအရာရှိက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၈။ (က) ဤဥပဒေအရ ခရိုင် သို့မဟုတ် ပြည်နယ်၊ တိုင်းသစ်တောအရာရှိက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ခရိုင် သို့မဟုတ် ပြည်နယ်တိုင်း သစ်တောအရာရှိက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၉။ (က) ဤဥပဒေအရ သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ခ) ဝန်ကြီးသည် သစ်တောကြေးတိုင်အရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်ရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) ကြိုးဝိုင်းတောအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



# CHAPTER XI

## Appeal

37. (a) A person dissatisfied with an order or decision made by the Township Forest Officer under this Law may file an appeal to the relevant District Forest Officer or State/ Divisional Forest Officer as may be prescribed, within 30 days from the date of such order or decision;

(b) The Distric Forest Officer or the State/ Divisional Forest Officer may confirm, alter or set aside the order or decision made by the Township Forest Officer.

38. (a) A person dissatisfied with an order or decision made by the District Forest Officer or the State/ Divisional Forest Officer may file an appeal to the Director-General within 60 days from the date of such order or decision;

(b) The Director-General may confirm, alter or set aside the order or decision made by the District Forest Officer or the State/Divisional Forest Officer.

39. (a) A person dissatisfied with an order or decision made by a Forest Settlement Officer or the Director-General may file an appeal to the Minister within 60 days from the date of such order or decision;

(b) the Minister may confirm, alter or set aside the order or decision made by the Forest Settlement Officer or the Director-General;

(c) The decision of the Minister shall be final and conclusive.

# CHAPTER XII

## Offences and Penalties

40. Whoever commits any of the following acts shall, on conviction, be punished with fine which may extend to kyats 5,000 or with imprisonment for a term which may extend to 6 months or with both:-

(a) trespassing and encroaching in a reserved forest;

www.burmeseclassic.com

www.burmeseclassic.com



(ခ) ကြိုးဝိုင်းတောအတွင်း အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဂ) ကြိုးဝိုင်းတောအတွင်း ခွင့်ပြုမိန့်မရရှိဘဲ မြေကို ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ကြိုးဝိုင်းတောအတွင်း ရေစီးရေလာပျက်စီးစေခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(င) ကြိုးဝိုင်းတောအတွင်း တိရစ္ဆာန်များ ဖမ်းဆီးခြင်း၊ အမဲလိုက်ပစ်ခတ်ခြင်း သို့မဟုတ် ငါးဖမ်းခြင်း၊

(စ) ကြိုးဝိုင်းတောအတွင်း သစ်တောများ မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်များထားရှိခြင်း၊

(ဆ) သစ်တောကင်းရုံး၏ စစ်ဆေးခြင်းကို မခံယူဘဲ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်း၊

(ဇ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

၄၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းနှင့် တားမြစ်သစ်ပင်မှထွက်ရှိသော သစ်မှအပ သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း၊ သို့မဟုတ် တရားမဝင်လက်ဝယ်ထားရှိခြင်း၊

(ခ) ပုဒ်မ ၁၈ ပုဒ်မခွဲ (ဃ) အရ ထုတ်ယူသော သစ်တောထွက်ပစ္စည်းကို ထုတ်ယူခွင့်ပေးသူ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း သို့မဟုတ် အခြားလုပ်ငန်း၌ လွှဲပြောင်းသုံးစွဲခြင်း။

၄၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) ကြိုးဝိုင်းတောအတွင်းရှိ မည်သည့်သစ်ပင်ကိုမဆို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်္ဂသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းမဟုတ်သည့် တားမြစ်သစ်ပင်မှ ထွက်ရှိသော သစ်ကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(b) pasturing domestic animals or permitting domestic animals to trespass in a reserved forest;

(c) breaking up any land, clearing, digging or causing damage to the original condition of the land without a permit in a reserved forest;

(d) causing damage to a water-course, poisoning the water, using chemicals or explosives in the water in a reserved forest;

(e) catching animals, hunting or fishing in a reserved forest;

(f) kindling, keeping and carrying and fire or leaving any fire burning which may set fire to the forests in a reserved forest;

(g) moving forest produce without submitting to examination at the revenue station;

(h) violating any provision of the rule, procedure, order, directive or notification issued under this Law.

41. Whoever commits any of the following acts shall, on conviction, be punished with fine which may extend to kyats 10,000 or with imprisonment which may extend to 1 years or with both:-

(a) extracting, moving, keeping in possession unlawfully any forest produce, with the exception of timber from teak and reserved tree, without a permit;

(b) selling or utilizing in other works, forest produce extracted under section 18 sub-sectin (d), without the prior permission of the person authorized to grant permission for extraction.

42. Whoever commits any of the following acts shall, on conviction, be punished with fine which may extend to kyats 20,000 or with imprisonment for a term which may extend to 2 years or with both: -

(a) felling, cutting, girdling, marking, lopping, tapping or induring by fire or otherwise any tree in a reserved forest;

(b) extracting, moving or keeping in possession unlawfully timber from reserved other than teak without a permit.

www.burmeseclassic.com

www.burmeseclassic.com



(ဂ) သစ်အခြေခံသုံးပြုသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ ခွင့်ပြုမိန့်မရရှိဘဲ လွှစင်၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့်စက် တည်ထောင်လုပ်ကိုင်ခြင်း၊

(ဃ) ခွင့်ပြုမိန့်မရရှိဘဲ မီးသွေးဖိုတည်ထောင်ခြင်း သို့မဟုတ် မီးသွေးဖုတ်ခြင်း။

၄၃။ (က) မည်သူမဆို သစ်တောနယ်မြေတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ ခွင့်ပြုမိန့်မရရှိဘဲ ကျွန်းပင်ကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊ ကျွန်းသစ်ကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်းပြုလျှင် ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ခုနစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ပြစ်မှုကျူးလွန်ခြင်းသည် သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေမှအပ ကျန်မြေပေါ်တွင် ပေါက်ရောက်တည်ရှိနေသော ကျွန်းပင် သို့မဟုတ် ကျွန်းသစ်နှင့်စပ်လျဉ်း၍ ကျူးလွန်ခြင်းဖြစ်လျှင် ထိုသူအား ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံမည်။

၄၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) သစ်တောဝန်ထမ်းများအသုံးပြုသည့် တံဆိပ်တုံးတစ်ခုခုကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် တံဆိပ်တုံးအတုပြုလုပ်ခြင်း၊ တံဆိပ်တုံးအတုကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် တံဆိပ်တုံးအတုဖြင့် သစ်တောထွက်ပစ္စည်းတွင် ရိုက်မှတ်ခြင်း၊

(ခ) သစ်တောဝန်ထမ်းများ အသုံးပြုသည့် တံဆိပ်တုံး သို့မဟုတ် ကိုယ်ပိုင်တံဆိပ်တုံးကို သစ်တောထွက်ပစ္စည်းတွင် တရားမဝင်ရိုက်မှတ်ခြင်း၊

(ဂ) သစ်တောထွက်ပစ္စည်းတွင် သစ်တောဝန်ထမ်း သို့မဟုတ် ယင်းက လွှဲအပ်ထားသူက ရိုက်မှတ်ထားသည့် တံဆိပ်အမှတ်အသားကို ပုံသဏ္ဌာန်ပျက်အောင် ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် မထင်ရှားစေရန် ဖျက်ပစ်ခြင်း၊

(ဃ) သစ်တောနယ်မြေ နယ်နိမိတ်အမှတ်အသားတစ်ခုခုကို ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်အောင် ပြုလုပ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


(c) establishing and operating a saw pit, saw-mill, tongueand-groove mill, plywood mill, veneer mill or a woodbased industry with the exceptin of wood-based cottage industries and furniture industries without a permit;

(d) constructing a charcoal kiln or burning charcoal without a permit.

43. (a) Whoever fells, cuts, girdles, marks, lops, taps, injures by fire or otherwise any teak tree in a forest land or land at the disposal of the Government or extracts, moves or keeps in possession unlawfully any teak timber without a permit shall be punished with fine which may extend to kyats 50,000 or with imprisonment for a term which may extend to 7 years or with both;

(b) If the commission of offence under sub-section (a) is in respect of teak timber or teak tree growing or standing upon land other than forest land and land at the disposal of the Government, such person shall be punished with fine which may extend to kyats 5,000 or with imprisonment for a term which may extend to 6 months or with both.

44. Whoever commits any of the following acts shall, on conviction, be punished with fine wich may extend to kyats 30,000 or with imprisonment for a term which may extend to 3 years or with both: -

(a) having in his possession or counterfeiting a marking hammer used by forest staff; having in his possession a counterfeit marking hammer or affixing a mark on the forest produce with counterfeit marking hammer;

(b) unlawfully affixing a mark on the forest produce with a marking hammer used by forest staff or with a property marking hammer;

(c) altering, defacing or obliterating and mark affixed on the forest produce by the forest staff or by a person delegated by him;

(d) altering, moving, destroying of defacing any boundarymark of a forest land without permission.

www.burmeseclassic.com

www.burmeseclassic.com



၄၅။ မည်သည့်သစ်တောဝန်ထမ်းမဆို ဤဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲ သုံးစားပြု၍ တစ်ဦးတစ်ယောက်သောသူအား ထိခိုက်နစ်နာစေရန် သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ခိုင်လုံသော အကြောင်းမရှိဘဲ သိမ်းယူလျှင် ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၆။ မည်သည့်သစ်တောဝန်ထမ်းမဆို မိမိ၏လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ တစ်ဦးတစ်ယောက် ထံမှ ပစ္စည်း သို့မဟုတ် ငွေကြေးကို အဂတိလိုက်စားသောနည်းဖြင့်ဖြစ်စေ၊ ဥပဒေနှင့် ဆန့်ကျင်သောနည်းဖြင့်ဖြစ်စေ ရယူ၍ မသမာသောနည်းဖြင့် သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ် ထားရှိခြင်းကိစ္စတွင် ပါဝင်ပူးပေါင်းကြံစည်လျှင် အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများ ဆုံး ထောင်ဒဏ် ၇ နှစ်အထိ ကျခံစေရမည်။

၄၇။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိ ယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင် သည်၊

(ဂ) ပြစ်မှုကျူးလွန်ခြင်းကြောင့် သစ်တောဦးစီးဌာန၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၄၈။ တရားရုံးသည် -

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သစ်တောထွက်ပစ္စည်းများကို သစ်တော ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊

(ခ) ပုဒ်မ ၄၅ အရ တပ်ရိုက်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ မတရားသဖြင့် ပစ္စည်းသိမ်းခြင်းခံရသူအား နစ်နာကြေးအဖြစ် ထုတ်ပေး နိုင်သည်။

## အခန်း (၁၃)

## အထွေထွေ

၄၉။ (က) ဝန်ကြီးသည် ဤဥပဒေအရ ထုတ်ယူခွင့်ပြုသည့် သစ်တောထွက်ပစ္စည်းများ အတွက် ရရန်ရှိသည့် အခွန်အခကို လျှော့ပေါ့ပေးခြင်း၊ လျှော်ပစ်ခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း ပြုနိုင်သည်၊

www.burmeseclassic.com

www.burmeseclassic.com



45. Any forest staff who, by misuring the power conferred on him under this Law, vexatiously seizes any forest produce without valid reason shall be punished with fine which any extend to kyats 10,000 or with imprisonment for a term which may extend to 1 year or with both.

46. Any forest staff who, by reason of his power, accepts from any person cash or kind in a corrupt manner orin contravention of the Law and participates and conspires in extracting, moving or unlawfully having in possession forest produce in a wrongul manner shall be punished with imprisonment which, may extend from a minimum of 1 year to a maximum of 7 years.

47. The convicting Court shall, in respect of any legal proceeding instituted under this Law, award punishment for the relevant offence and in addition: -

(a) shall pass order for confiscation of all forest produce in respect of which the offence has been committed;

(b) may pass order for the confiscation of vehicles/ vessels, animals and other machinery, tools and implements used in the commission of the offence;

(c) may pass order for the value of the loss and damage to the Forest Department as a result of the commission of the offence, to be paid by way of compensation to the Forest Department.

48. The Court: -

(a) shall hand-over the confiscated forest produce to the Forest Department;

(b) may pay as damages to the person whose property has been wrongfully seized, the whole or any portion of the fine imposed under section 45.

## CHAPTER XIII
## Miscellaneous

49. (a) The Minister may reduce, waive or exempt from payment of any royalty due, in respect of forest produce permitted to be extracted under this Law;

www.burmeseclassic.com

www.burmeseclassic.com



(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၈ ပုဒ်မခွဲ (ဃ) အရ ထုတ်ယူခွင့်ပြုသည့် သစ်တောထွက်ပစ္စည်းများအတွက် ရရန်ရှိသည့် အခွန်အခကို လျှော့ပေါ့ပေးခြင်း၊ လျှော်ပစ်ခြင်း၊ သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း ပြုနိုင်သည်။

၅၀။ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို သစ်တောအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၅၁။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသော ငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကောလိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၅၂။ ပြည်သူ့ရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၅၃။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၅၄။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့် အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် သစ်တောထွက်ပစ္စည်းနှင့် စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင်လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေထင်ရှားပြရန် တာဝန်ရှိသည်။

၅၅။ ၁၉၀၂ ခုနှစ်၊ သစ်တောဥပဒေအရ တည်ရှိဆဲ ကြိုးဝိုင်းတောများကို ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောများဖြစ်သည်ဟု မှတ်ယူရမည်။

၅၆။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ မထုတ်ပြန်မီ ၁၉၀၂ ခုနှစ် သစ်တောဥပဒေအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ ဆာကျူလာများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) သစ်တောရေးရာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

www.burmeseclassic.com

www.burmeseclassic.com



(b) The Director-General may reduce, waive or exempt from payment of any royalty due, in respect of forest produce permitted to be extracted under section 18 sub-section (d).

50. The Director-General may delegate the powers conferred on him under this Law of the Forest Officers.

51. All money payable to the Forest Department under this Law shall be recovered as if it were an arrear of land revenue. A Forest Officer who has been assigned responsibility by the Ministry of Forestry for this purpose shall exercise the powers of a Collector under the existing laws.

52. When a request is made by the Forest staff for assistance in the performance of their duties, the People's Police Force shall render necessary assistance.

53. If an exhibit relating to any legal proceeding instituted under this Law is not easily produceable before the Court, such exhibit need not be produced before the Court. However, a report or other relevant documentary evidence as to the manner of custody the same may be submitted. Such submission shall be deemed as if it were a submission of the exhibit before the Court and the relevant Court may dispose of the same in accordance with law.

54. In a case where administrative action is taken or, in a case where a legal proceeding is instituted under this Law, the burden of proving lawful ownership or lawful right of possession in respect of the forest produce shall lie on the person against whom action is taken.

55. The reseved forests existing under the Forest Act, 1902 shall be deemed to be reserved forests constituted under this Law.

56. Before the issuance of rules, procedures, notifications and directives under this Law, rules, notifications directives and circulars issued under the Forest Act, 1902 may continue to be applicable in so far as they are not inconsistent with this Law.

57. For the purpose of carrying out the provisions of this Law:-

(a) the Ministry of Forestry may issue rules and procedures as may be necessary with the approval of the Government.

www.burmeseclassic.com

www.burmeseclassic.com



(ခ) သစ်တောရေးရာဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာနသည် လိုအပ်သော အမိန့် ညွှန်ကြားချက်နှင့် အမိန့်ကြော်ငြာစာတို့ကို ထုတ်ပြန်နိုင်သည်။

၅၈။ The Forest Act, 1902 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

♦ ♦ ♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



(b) the Ministry of Forestry and the Forest Department may issue orders, directives and notifications as may be necessary.

58. The Forest Act, 1902 is hereby repealed.

♦ ♦ ♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## သစ်တောရေးရာဝန်ကြီးဌာန

**(အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၉၅)**

**ရန်ကုန်မြို့၊ ၁၃၅၇ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်**

**(၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)**

သစ်တောဥပဒေပုဒ်မ ၅၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ သစ်တောရေးရာဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်၊ အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေကို သစ်တောနည်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် သစ်တောဥပဒေတွင်ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သစ်တောကင်းရုံး** ဆိုသည်မှာ သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်းကို စစ်ဆေးရန်နှင့် ကျသင့်သော အခွန်အခများကို ကောက်ခံနိုင်ရန် သစ်တောဥပဒေပုဒ်မ ၂၄ အရ တည်ထောင်ထားသောရုံးကို ဆိုသည်။

(ခ) **သစ်လုံး** ဆိုသည်မှာ ခါးလည်လုံးပတ် (၃) ပေနှင့်အထက်ရှိသော သစ်လုံးကို ဆိုသည်။

(ဂ) **တိုင်** ဆိုသည်မှာ ခါးလည်လုံးပတ် (၃) ပေထက်ငယ်၍ (၁) ပေနှင့်အထက်ရှိသော သစ်လုံးကိုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



(ယ) **ဈေး** ဆိုသည်မှာ ခါးလည်လုံးပတ် (၁) ပေထက်ငယ်သော သစ်ကိုဆိုသည်။

(ર) **ဖောင်** ဆိုသည်မှာ ရေမျှောရန်အတွက် ပြင်ဆင်ဖွဲ့စည်းထားသော ဝါး၊ ကြိမ် သို့မဟုတ် သစ်ကို ဆိုသည်။

(စ) **လွှစင်** ဆိုသည်မှာ သစ်ကို လက်လွှဖြင့် ခွဲစိတ်တိုက်ဖြတ်သောနေရာကို ဆိုသည်။

(ဆ) **လွှစက်** ဆိုသည်မှာ စက်အားအသုံးပြု၍ သစ်လုံးနှင့် ခွဲသားများကို ခွဲစိတ်သော စက်ကိုဆိုသည်။

(ဇ) **သစ်ဘစ်တန်** ဆိုသည်မှာ သစ်ကုဗပေ (၅၀) ကို ဆိုသည်။

(ဈ) **ကျွန်းစို** ဆိုသည်မှာ အညွန့် သို့မဟုတ် အရွက်ပါရှိသော ကျွန်းသစ်ကိုဖြစ်စေ၊ အခေါက်၊ အခွံများကို လက်နှင့်ဆွဲခွာ၍ မရနိုင်သော ကျွန်းသစ်ကိုဖြစ်စေ၊ အခေါက်၊ အခွံများကို ကိရိယာတစ်ခုခုအသုံးပြု၍ ဖယ်ရှားထားသော ကျွန်းသစ် ကိုဖြစ်စေ ဆိုသည်။

(ည) **နယ်နိမိတ်အမှတ်အသား** ဆိုသည်မှာ ကျောက်တိုင်၊ ကွန်ကရစ်တိုင်၊ သံတိုင်၊ သစ် သားတိုင်၊ ပိုက်လုံး၊ ကျောက်ပုံ၊ သစ်ပင်တွင် သတ်မှတ်ထားသော အမှတ် သို့မဟုတ် တစ်နည်းနည်းဖြင့် သတ်မှတ်နယ်နိမိတ်ကို ဖော်ပြထားသော အမှတ် အသားကို ဆိုသည်။

(ဋ) **သစ်တောလမ်း** ဆိုသည်မှာ သစ်တောလုပ်ငန်းများ လုပ်ကိုင်ရန်နှင့် သစ်တော ထွက်ပစ္စည်းများထုတ်ယူရန် သီးခြားဖောက်လုပ်ထားသောလမ်းကိုဆိုသည်။

(ဌ) **ကိုယ်ပိုင်တံဆိပ်** ဆိုသည်မှာ သစ်ကို တံဆိပ်ရှင် ပိုင်ဆိုင်ခွင့်ရှိကြောင်းဖော်ပြရန် သစ်တွင် ရိုက်မှတ်သည့်တံဆိပ်ကို ဆိုသည်။

(ဍ) **ရွှေ့ပြောင်းတောင်ယာ** ဆိုသည်မှာ သစ်ပင်များကို ခုတ်လှဲခြင်း၊ မီးရှို့ခြင်းဖြင့် တစ်နေရာတည်းတွင် အတည်တကျ ထွန်ယက်စိုက်ပျိုးခြင်းမပြုဘဲ ရွှေ့ပြောင်း စိုက်ပျိုးခြင်းကို ဆိုသည်။

## အခန်း (၂)

## ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်း

၃။ ဝန်ကြီးသည် သစ်တောဥပဒေပုဒ်မ ၆ အရ ကြိုးဝိုင်းတောဖွဲ့စည်းရန် သို့မဟုတ် ကြိုးပြင် ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရ မည် -

(က) တည်နေရာ၊ နယ်နိမိတ်နှင့် အကျယ်အဝန်း၊

(ခ) အမည်နှင့် အမျိုးအစား၊

www.burmeseclassic.com

www.burmeseclassic.com



(ဂ) နည်းဥပဒေ ၅ ပါ ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်းသည့် တားမြစ်ချက်များ၊

(ဃ) သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်အား တာဝန်ပေးအပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ။

၄။ (က) ဝန်ကြီးသည် ကြိုးဝိုင်းတောဖွဲ့စည်းရန် ကြေညာရာတွင် သစ်တောကြေးတိုင်အရာရှိကို ကူညီရန် သစ်တောအရာရှိတစ်ဦး သို့မဟုတ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ အရာရှိတစ်ဦးတို့ကို တွဲဖက်တာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ အရာရှိကို တွဲဖက်တာဝန်ပေးအပ်ခြင်းမပြုမီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းရမည်။

၅။ ဝန်ကြီးသည် ကြိုးဝိုင်းတောဖွဲ့စည်းရန် သို့မဟုတ် ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာရာတွင် ကြေညာသည့်နေ့တွင် တည်ရှိနေသော အခွင့်အရေးများမှအပ အောက်ပါကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်း၍ တားမြစ်ချက်များ ထည့်သွင်းဖော်ပြနိုင်သည် -

(က) အဆောက်အအုံအသစ် ဆောက်လုပ်ခြင်း၊

(ခ) သစ်ပင်ခုတ်ခြင်း၊

(ဂ) သစ်တောထွက်ပစ္စည်း ထုတ်ယူခြင်း၊

(ဃ) မြေကွက်ရှင်းလင်းခြင်း၊

(င) သီးနှံ သို့မဟုတ် သစ်တောစိုက်ခင်းအသစ် တည်ထောင်ခြင်း၊

(စ) စားကျက်မြေအဖြစ် အသုံးပြုခြင်း၊

(ဆ) တောမီးရှို့ခြင်း။

၆။ (က) သစ်တောကြေးတိုင်အရာရှိသည် ကြိုးဝိုင်းတောဖွဲ့စည်းမည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်နှင့် မြေအသုံးချပိုင်ခွင့် အခွင့်အရေး ထိခိုက်နစ်နာမှုများရှိလျှင် တင်ပြတောင်းဆိုကြရန် မိမိအား ခန့်အပ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ရမည်။ အခွင့်အရေးတောင်းဆိုလိုသူများသည် ကြေငြာချက်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း သစ်တောကြေးတိုင်အရာရှိထံ တင်ပြတောင်းဆိုရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် ကာလအတွင်း တင်ပြတောင်းဆိုမှု တစ်စုံတစ်ရာမရှိလျှင် ကြိုးဝိုင်းတောဖွဲ့စည်းမည့် နယ်မြေဒေသရှိ အများပြည်သူတို့တွင် အခွင့်အရေးတစ်စုံတစ်ရာ ထိခိုက်နစ်နာမှု မရှိဟု မှတ်ယူရမည်။

(ဂ) သစ်တောကြေးတိုင်အရာရှိသည် နည်းဥပဒေခွဲ (က) အရ တင်ပြတောင်းဆိုမှုများ ရှိခဲ့လျှင် ယင်းတို့ကို စုံစမ်းစစ်ဆေး၍ တောင်းဆိုမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခွင့်ပြုခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်းပြုလုပ်၍ ညွှန်ကြားရေး

www.burmeseclassic.com

www.burmeseclassic.com



မှူးချုပ်ထံ တင်ပြရမည်။ ထို့ပြင် အဆိုပါ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ အခွင့်အရေးတင်ပြတောင်းဆိုသူများထံ အကြောင်းကြားရမည်။

၇။ (က) သစ်တောကြေးတိုင်အရာရှိသည် နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (က) အရ အခွင့်အရေးတင်ပြတောင်းဆိုမှုများကို နည်းဥပဒေခွဲ (ဂ) အရ စုံစမ်းစစ်ဆေးရာတွင် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် -

(၁) မိရိုးဖလာလုပ်ပိုင်ခွင့်ရှိခဲ့သည့် မြေကိုချန်လှပ်ပြီး ကြိုးဝိုင်းတောအတွက် မြေအလုံအလောက် ကျန်ရှိစေရန် အဆိုပြု ကြိုးဝိုင်းနယ်နိမိတ်ကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း၊

(၂) တရားမကျင့်ထုံးဥပဒေအရ သက်သေဆင့်ခေါ်ခြင်းနှင့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊

(၃) မြေသိမ်းဥပဒေအရ မြေကိုသိမ်းယူရန် ဆောင်ရွက်ခြင်း၊

(၄) စားကျက်ချပိုင်ခွင့်၊ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်နှင့် အခြားအခွင့်အရေးများကို ခွင့်ပြုရာတွင် အရေအတွက်၊ အမျိုးအစား၊ ဧရိယာ၊ နယ်နိမိတ်၊ အချိန်ရာသီ၊ ခွင့်ပြုပုံခွင့်ပြုနည်းနှင့် အခြားအချက်အလက်များကို မှတ်တမ်းတင်ထားခြင်း။

(ခ) သစ်တောကြေးတိုင်အရာရှိသည် -

(၁) မြေသိမ်းဥပဒေအလို့ငှာ ကော်လိတ်တော်အရာရှိဖြစ်သည်ဟူ၍ မှတ်ယူရမည်၊

(၂) အခွင့်အရေးတောင်းဆိုသူ သဘောတူညီပါက မြေကိုဖြစ်စေ၊ ငွေကိုဖြစ်စေ၊ မြေနှင့် ငွေပေါင်း၍ဖြစ်စေ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပေးလျော်ပိုင်ခွင့်ရှိသည်၊

(၃) ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ရရှိမှသာ မြေသိမ်းခြင်း၊ လျော်ကြေးပေးခြင်း၊ သို့မဟုတ် အခွင့်အရေးတောင်းဆိုသူအား မြေလွှဲအပ်ပေးခြင်း ပြုရမည်။

၈။ (က) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (ဂ) အရ သစ်တောကြေးတိုင်အရာရှိက တင်ပြလာသော အစီရင်ခံစာကို စိစစ်သုံးသပ်၍ အောက်ပါတို့နှင့် ညီညွတ်ကြောင်း တွေ့ရှိရပါက ကြိုးဝိုင်းတောဖွဲ့စည်းကြောင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်နိုင်ရေးအတွက် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံ ဆက်လက်တင်ပြရမည် -

(၁) နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (က) အရ အခွင့်အရေးတောင်းဆိုရန် သတ်မှတ်ထားသည့် အချိန်ကာလ ကုန်ဆုံးခြင်းနှင့် တောင်းဆိုသည့် အခွင့်အရေးများကို သစ်တောကြေးတိုင်အရာရှိက ဆုံးဖြတ်ပြီးဖြစ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


(၂) သစ်တောဥပဒေပုဒ်မ ၃၉ အရ အယူခံဝင်ရန် သတ်မှတ်ထားသည့် ကာလ ကုန်ဆုံးခြင်းနှင့် အယူခံဝင်သည့်အမှုများကို ဆုံးဖြတ်ပြီးဖြစ်ခြင်း၊

(၃) သစ်တောကြိုးဝိုင်း ဖွဲ့စည်းရေးအတွက် သိမ်းယူရန်လိုအပ်သည့် မြေအားလုံးကို သိမ်းယူပြီးဖြစ်ခြင်း။

(ခ) ဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်က နည်းဥပဒေခွဲ (က) အရ တင်ပြလာသော အစီရင်ခံစာကို စိစစ်သုံးသပ်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကြိုးဝိုင်းတော ဖွဲ့စည်းမည့် နယ်မြေအမျိုးအစား၊ ကြိုးဝိုင်းတောအမျိုးအစား၊ ခွင့်ပြုသည့် အခွင့်အရေး၊ ချန်လှပ်ကွက်နှင့် စတင်သတ်မှတ်သည့် နေ့ရက်တို့ကို ဖော်ပြကာ ကြိုးဝိုင်းတော ဖွဲ့စည်းကြောင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

၉။ အများပြည်သူတို့သည် ကြိုးဝိုင်းတောဖွဲ့စည်းသည့်နေ့မှစ၍ အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသော အခွင့်အရေးများကိုသာ ခံစားခွင့်ရှိသည်။

၁၀။ ဝန်ကြီးသည် နည်းဥပဒေ ၈ အရ အမိန့်ကြော်ငြာစာမထုတ်ပြန်မီ နည်းဥပဒေ ၃ အရ ထုတ်ပြန်ထားသော ကြိုးဝိုင်းတောဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြေညာချက်ကို ပြန်လည် ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ပြန်လည်ရုပ်သိမ်းကြောင်း အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၁၁။ နည်းဥပဒေ ၈ အရ ကြိုးဝိုင်းတောဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် ယင်းသို့ ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအရ -

(က) ခွင့်ပြုထားသော မြေ၊ သို့မဟုတ် အဆောက်အအုံ တစ်ခုခု၏ အကျိုးခံစားခွင့်မှ တစ်ပါး ကျန်အခွင့်အရေးကို လွှဲပြောင်းခြင်းမပြုရ။

(ခ) ခွင့်ပြုထားသော အခွင့်အရေးများကို ကြေညာသည့်နေ့မှစ၍ တစ်ဆက်တည်း (၅) နှစ်ထက် ကျော်လွန်၍ ခံစားခြင်းမရှိလျှင် အဆိုပါ အခွင့်အရေးသည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ သစ်တောဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးက ကြိုးဝိုင်းတောတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ခဲ့လျှင် ဖွဲ့စည်းစဉ်က ပျက်ပြယ်ပြီးဖြစ်သော အများပြည်သူတို့၏ သစ်တောထွက်ပစ္စည်း ထုတ်ယူသုံးစွဲခွင့်နှင့် မြေအသုံးချခွင့် အခွင့်အရေးများ ပြန်လည်ရပိုင်ခွင့် မရှိစေရ။

၁၃။ (က) ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့် စပ်လျဉ်း၍ တာဝန်ပေးအပ်ခြင်းခံရသည့်အခါ ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာမည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခြင်းနှင့် မြေအသုံးချပိုင်ခွင့် အခွင့်အရေး ထိခိုက်နစ်နာမှုများရှိလျှင် တင်ပြတောင်းဆိုကြရန် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ မိမိအား တာဝန်ပေးအပ်သည့်နေ့မှ ရက်ပေါင်း (၃၀)

www.burmeseclassic.com

www.burmeseclassic.com



အတွင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ရမည်။ အခွင့်အရေး တောင်းဆိုလိုသူသည် ကြေညာချက်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြတောင်းဆိုရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် ကာလအတွင်း တင်ပြတောင်းဆိုမှုတစ်စုံတစ်ရာမရှိလျှင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာမည့် နယ်မြေဒေသရှိ အများပြည်သူတို့တွင် အခွင့်အရေးတစ်စုံတစ်ရာ ထိခိုက်နစ်နာမှုမရှိဟု မှတ်ယူရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (က) အရ တင်ပြတောင်းဆိုမှုများရှိခဲ့လျှင် ယင်းတို့ကို စုံစမ်းစစ်ဆေး၍ တောင်းဆိုမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခွင့်ပြုခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ အဆိုပါ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ တင်ပြတောင်းဆိုသူများထံ အကြောင်းကြားရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ (၈) အရ ဆောင်ရွက်ပြီးနောက် အောက်ပါတို့နှင့် ညီညွတ်သည့်အခါ ကြိုးပြင်ကာကွယ်တော သတ်မှတ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးအတွက် ဝန်ကြီးထံ တင်ပြအစီရင်ခံရမည် -

(၁) သစ်တောဥပဒေပုဒ်မ ၃၉ အရ အယူခံဝင်ရန် သတ်မှတ်ထားသည့်ကာလကုန်ဆုံးခြင်းနှင့် အယူခံဝင်သည့်အမှုများကို ဆုံးဖြတ်ပြီးဖြစ်ခြင်း၊

(၂) ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာရေးအတွက် သိမ်းယူရန် လိုအပ်သည့် မြေအားလုံးကို သိမ်းယူပြီးဖြစ်ခြင်း၊

၁၄။ (က) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ (က) အရ တင်ပြတောင်းဆိုမှုများကို နည်းဥပဒေခွဲ (ဂ) အရ စုံစမ်းစစ်ဆေးရာတွင် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် -

(၁) မိရိုးဖလာလုပ်ပိုင်ခွင့် ရှိခဲ့သည့်မြေကို ချန်လှပ်ပြီး ကြိုးပြင်ကာကွယ်တောအတွက် မြေအလုံအလောက် ကျန်ရှိစေရန် အဆိုပြု ကြိုးပြင်ကာကွယ်တောနယ်နိမိတ်ကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း၊

(၂) တရားမကျင့်ထုံးဥပဒေအရ သက်သေဆင့်ခေါ်ခြင်းနှင့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊

(၃) မြေသိမ်းဥပဒေအရ မြေကိုသိမ်းယူရန် ဆောင်ရွက်ခြင်း၊

(၄) စားကျက်ချပိုင်ခွင့်၊ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်နှင့် အခြားအခွင့်အရေးများကို ခွင့်ပြုရာတွင် အရေအတွက်၊ အမျိုးအစား၊ ဧရိယာ၊ နယ်နိမိတ်၊ အချိန်ရာသီ၊ ခွင့်ပြုပုံခွင့်ပြုနည်းနှင့် အခြားအချက်အလက်များကို မှတ်တမ်းတင်ထားခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) ညွှန်ကြားရေးမှူးချုပ်သည် -
(၁) မြေသိမ်းဥပဒေအလို့ငှာ ကော်လိတ်တော်အရာရှိဖြစ်သည်ဟူ၍ မှတ်ယူရမည်၊
(၂) အခွင့်အရေးတောင်းဆိုသူ သဘောတူညီပါက မြေကိုဖြစ်စေ၊ ငွေကိုဖြစ်စေ၊ မြေနှင့်ငွေ ပေါင်း၍ဖြစ်စေ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပေးလျော်ပိုင်ခွင့်ရှိသည်၊
(၃) ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ရရှိမှသာ မြေသိမ်းခြင်း၊ လျော်ကြေးပေးခြင်း၊ သို့မဟုတ် အခွင့်အရေးတောင်းဆိုသူအား မြေလွှဲအပ်ပေးခြင်း ပြုရမည်။

၁၅။ ဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်က နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ (ဃ) အရ တင်ပြလာသော အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကြိုးပြင်ကာကွယ်တောသတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

၁၆။ ဝန်ကြီးသည် နည်းဥပဒေ ၁၅ အရ အမိန့်ကြော်ငြာစာမထုတ်ပြန်မီ နည်းဥပဒေ ၃ အရ ထုတ်ပြန်ထားသော ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ပြန်လည်ရုပ်သိမ်းကြောင်း အများပြည်သူသိရှိနိုင်ရန်အတွက် ထုတ်ပြန်ကြေညာရမည်။

၁၇။ နည်းဥပဒေ ၁၅ အရ ကြိုးပြင်ကာကွယ်တော သတ်မှတ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် ယင်းသို့ သတ်မှတ်အမိန့်ကြော်ငြာစာအရ -
(က) ခွင့်ပြုထားသော မြေ၊ သို့မဟုတ် အဆောက်အအုံတစ်ခုခု၏ အကျိုးခံစားခွင့်မှတစ်ပါး ကျန်အခွင့်အရေးများကို လွှဲပြောင်းခြင်းမပြုရ၊
(ခ) ခွင့်ပြုထားသော အခွင့်အရေးများကို ကြေညာသည့်နေ့မှစ၍ တစ်ဆက်တည်း (၃) နှစ်ထက်ကျော်လွန်၍ ခံစားခြင်းမရှိလျှင် အဆိုပါအခွင့်အရေးသည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၈။ သစ်တောဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) အရ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးက ကြိုးပြင်ကာကွယ်တောတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ခဲ့လျှင် သတ်မှတ်ကြေညာစဉ်က ပျက်ပြယ်ပြီးဖြစ်သော အများပြည်သူတို့၏ သစ်တောထွက်ပစ္စည်း ထုတ်ယူသုံးစွဲခြင်းနှင့် မြေအသုံးချပိုင်ခွင့် အခွင့်အရေးများ ပြန်လည်ရထိုက်ခွင့် မရှိစေရ။

၁၉။ မည်သူမျှ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့် လွှဲအပ်ထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ ကြိုးပြင်ကာကွယ်တောအတွင်း အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

www.burmeseclassic.com

www.burmeseclassic.com


(က) သစ်တောဦးစီးဌာနက သတ်မှတ်ထားသော သစ်ပင်အမျိုးအစားများကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း၊

(ဃ) စိုက်ပျိုးရန်အတွက် မြေကိုတူးဆွခြင်း၊ သို့မဟုတ် ရှင်းလင်းခြင်း၊

(င) ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း၊ သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊

(စ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း၊ သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း၊

(ဆ) မီးမွှေးခြင်း၊ မီးဖိုခြင်း၊ သို့မဟုတ် မီးသယ်ယူခြင်း။

## အခန်း (၃)

## သစ်တောနယ်မြေ စီမံခန့်ခွဲခြင်း

၂၀။ သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအတွင်း -

(က) ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်းလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ဆောင်ရွက်ခြင်းကို သဘာဝဝန်းကျင်အား ထိခိုက်ပျက်စီးခြင်းမရှိလျှင် သစ်တောရေးရာဝန်ကြီးဌာနက ခွင့်ပြုနိုင်သည်၊

(ခ) ပညာရေး သို့မဟုတ် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ သင်တန်းဖွင့်လှစ်ခြင်း၊ သို့မဟုတ် လေ့လာရေးစခန်းချခြင်းကို သဘာဝဝန်းကျင်အား ထိခိုက်ပျက်စီးစေခြင်းမရှိလျှင် ညွှန်ကြားရေးမှူးချုပ်၊ သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့် လွှဲအပ်ထားသည့် သစ်တောအရာရှိက ခွင့်ပြုနိုင်သည်။

၂၁။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) သစ်တောပညာရပ်နှင့် စပ်လျဉ်းသော ကျောင်းများ၊ သင်တန်းများ ဖွင့်လှစ်ရေးနှင့် စပ်လျဉ်း၍ အုပ်ချုပ်မှုကော်မတီများ ဖွဲ့စည်းခြင်း၊ စည်းကမ်းများ သတ်မှတ်ခြင်း၊ ဘဏ္ဍာရေးလိုအပ်ချက်များကို တောင်းခံ၍ သုံးစွဲခြင်း၊

(ခ) သစ်တောတက္ကသိုလ် ဖွဲ့စည်းပုံရေးဆွဲခြင်း၊ နှစ်စဉ်ဘဏ္ဍာရေးလိုအပ်ချက်များကို တောင်းခံခြင်း၊ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ မြန်မာနိုင်ငံ ပညာရေးကော်မတီသို့ ကိုယ်စားလှယ်စေလွှတ်ခြင်းနှင့် ပညာရေးကော်မတီက ချမှတ်သည့် ပညာရေးမူဝါဒများကို အကောင်အထည်ဖော်ခြင်း၊ ပြည်ပသစ်တောတက္ကသိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


(ဂ) သစ်တောသယံဇာတစာရင်းများကို (၁၀) နှစ်တစ်ကြိမ် ကောက်ယူနိုင်ရေးအတွက် စာရင်းကောက်ယူရေးစီမံချက်များ ရေးဆွဲခြင်း၊ ဘဏ္ဍာရေးလိုအပ်ချက်များကို တောင်းခံခြင်း၊ စာရင်းများကို (၅) နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) မြန်မာ့သိပ္ပံနှင့် နည်းပညာဦးစီးဌာနနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ သုတေသနအဖွဲ့အစည်းများနှင့်လည်းကောင်း ဆက်သွယ်၍ နိုင်ငံတော်အတွက် အကျိုးရှိမည့် သစ်တောသုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ သုတေသနရလဒ်များကို ကုမ္ပဏီများ၊ ပုဂ္ဂလိကများသို့ ထိုက်သင့်သော အဖိုးစားနားဖြင့် ရောင်းချဖြန့်ဖြူးခြင်း။

၂၂။ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (က)၊ သို့မဟုတ် နည်းဥပဒေခွဲ (ခ) အရ ခွင့်ပြုချက်ရရှိသူသည် -

(က) သက်ဆိုင်ရာခွင့်ပြုချက်တွင် သတ်မှတ်ခွင့်ပြုထားသော ကိစ္စရပ်များကိုသာ ဆောင်ရွက်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးစေခြင်း မရှိစေရန် အလေးဂရုပြုရမည်၊

(ခ) သက်ဆိုင်ရာခွင့်ပြုချက်ကို ခွင့်ပြုမိန့်ပေးသူ၏ သဘောတူညီချက်မရဘဲ လွှဲပြောင်းခြင်း မပြုရ၊

(ဂ) သက်ဆိုင်ရာခွင့်ပြုချက်ဖြင့် မိမိအသုံးပြုခဲ့သော ပစ္စည်းများကို ခွင့်ပြုချက်ကုန်ဆုံးသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ရွှေ့ပြောင်းဝယ်ယူရမည်။

၂၃။ (က) နည်းဥပဒေ ၂၂၊ နည်းဥပဒေခွဲ (ဂ) ပါ သတ်မှတ်သည့်ရက်ထက် ကျော်လွန်၍ ကျန်ရှိသောပစ္စည်းများကို သစ်တောဦးစီးဌာနက လိုအပ်သလို ဖျက်သိမ်းထုခွဲပြီး ကုန်ကျစရိတ်ကို ခွင့်ပြုချက်ရသူထံ တောင်းခံရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုချက်ရသူက ပေးဆောင်ရမည့်ငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၂၄။ (က) ကြိုးပြင်ကာကွယ်တောနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအတွင်း မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးကိုင်ဆောင်သွားလာခွင့်ပြုခြင်းနှင့် ပတ်သက်သည့် နည်းလမ်းစည်းကမ်းများကို သစ်တောအရာရှိက သတ်မှတ်ကြေညာရမည်၊

(ခ) မီးသုံးစွဲသူသည် သစ်တောအရာရှိက သတ်မှတ်ကြေညာထားသည့် နည်းလမ်းစည်းကမ်းများကို လိုက်နာရမည်။

၂၅။ မည်သူမဆို လောင်စာပစ္စည်းများကို သစ်တောနယ်မြေနှင့် ယင်းနယ်မြေအဖြစ်သတ်မှတ်ရန် ကြေညာထားသည့် နယ်နိမိတ်မှ ကိုက် (၁၀၀) ပြင်ပတွင် စုပုံပြီးမှသာ မီးရှို့ရမည်။ ယင်းသို့ မီးရှို့ရာတွင် မီးပြန့်ပွားခြင်းမရှိစေရန် ကြိုတင်ကာကွယ်ထားပြီး ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com


၂၆။ ပြည်နယ်၊ တိုင်း၊ သို့မဟုတ် ခရိုင်သစ်တောအရာရှိသည် သစ်တောနယ်မြေနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည် -

(က) မည်သည့် သစ်ပင်၊ သို့မဟုတ် သစ်ကိုမဆို လက်အောက်သစ်တောဝန်ထမ်းအား သတ်မှတ်ချက်နှင့်အညီ ခုတ်လှဲစေခြင်း၊ ပိုင်းဖြတ်စေခြင်း၊ ထစ်မှတ်စေခြင်း၊ ချိုးဖြတ်စေခြင်း၊ ဖောက်ထွင်းစေခြင်း၊ မီး၊ သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) သစ်တောဥပဒေပုဒ်မ ၁၇ အရ စီးပွားဖြစ်မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး၊ သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် သတ်မှတ်အရေအတွက်ထက် မကျော်လွန်စေဘဲ သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်း၊

(ဂ) သစ်တောဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ) အရ စီးပွားဖြစ် အသေးစားသစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်း၊

(ဃ) ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် သစ်တောဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) အရ စီးပွားဖြစ်မဟုတ်သည့် သုတေသနနှင့် ပညာပေးလုပ်ငန်း၊ ပြည်သူ့အကျိုးပြု၊ သို့မဟုတ် ဘာသာရေးလုပ်ငန်းများတွင် သုံးစွဲရန်ဖြစ်သော သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်း၊

(င) မြေများကို စိုက်ပျိုးလုပ်ကိုင်ရန်ဖြစ်စေ၊ အခြားကိစ္စအတွက်ဖြစ်စေ ခုတ်ထွင်ရန်၊ ရှင်းလင်းရန်၊ ထွန်ယက်ရန်၊ သို့မဟုတ် တူးဆွရန် ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း၊

(စ) တောင်သူလယ်သမားများအား သစ်တောနယ်မြေအတွင်းမှ လယ်ယာမြေများသို့ ရေပေးသွင်းရန် ရေမြောင်းများ ဖောက်လုပ်ခွင့်ပြုခြင်း။

၂၇။ မည်သူမျှသစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ပေါက်ရောက်နေသည့် ကျွန်းနှင့် တားမြစ်သစ်ပင်များကို ခွင့်ပြုမိန့်အရ ထုတ်ယူခြင်းမှတစ်ပါး ပိုင်းဖြတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း မပြုရ။

၂၈။ သစ်တောဦးစီးဌာနသည် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေဧရိယာ၏ တစ်စိတ်တစ်ဒေသကို ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခွင့်မရှိသော နယ်မြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

၂၉။ မည်သူမျှ နည်းဥပဒေ ၂၈ အရ ကြေညာထားသည့်နယ်မြေတွင် ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်မရရှိဘဲ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း မပြုရ။

၃၀။ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ပေါက်ရောက်နေသော တားမြစ်သစ်ပင်စာရင်းတွင် မပါဝင်သည့် သစ်ပင်နှင့် သစ်များကို အောက်ပါကိစ္စရပ်များမှအပ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ သို့မဟုတ် ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုမိန့်မရရှိဘဲ မည်သူမျှ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ခွဲစိတ်ခြင်း၊ သို့မဟုတ် သယ်ယူရွှေ့ပြောင်းခြင်း မပြုရ -

www.burmeseclassic.com

www.burmeseclassic.com


(က) သုတေသနနှင့် ပညာရေးလုပ်ငန်း၊ ပြည်သူ့အကျိုးပြု၊ သို့မဟုတ် ဘာသာရေးလုပ်ငန်းများတွင် သုံးစွဲရန်ဖြစ်သော သစ်တောထွက်ပစ္စည်းများနှင့် စီးပွားဖြစ်မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး၊ သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် ထုတ်ယူသော သစ်တောထွက်ပစ္စည်းများကို ထုတ်ယူသည့်နေ့မှ (၁) နှစ်အတွင်းနှင့် ထုတ်ယူသည့်နေရာမှ မိုင် (၂၀) အတွင်း သုံးစွဲခြင်း၊

(ခ) မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး၊ သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် သတ်မှတ်အရေအတွက်ထက် မကျော်လွန်ဘဲ ထုတ်ယူခြင်း။

၃၁။ မည်သူမဆို သစ်တောထွက်ပစ္စည်းကို နည်းဥပဒေ ၃၀၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲခြင်းမပြုပါက သစ်တောဦးစီးဌာနက စည်းကြပ်သော အခွန်ငွေကို ပေးဆောင်ရမည်။

၃၂။ မည်သူမျှ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအတွင်း ပြည်နယ်၊ တိုင်း၊ သို့မဟုတ် ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ စီးပွားရေးအလို့ငှာ တာစမြစ်သစ်ပင်မဟုတ်သည့် သစ်ပင်များကို ထင်း၊ မီးသွေးအလို့ငှာ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သို့မဟုတ် ခွဲစိတ်ခြင်းမပြုရ။

၃၃။ ပြည်နယ်၊ တိုင်း၊ သို့မဟုတ် ခရိုင်သစ်တောအရာရှိသည် သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ခွင့်ပြုမိန့်အရ ခုတ်လှဲထားသော ကျွန်းမှအပ တားမြစ်သစ်ပင်မှ ထွက်ရှိသည့် တိုင်းဖျားကိုင်းနားကို စည်းကမ်းချက်နှင့်အညီ ထုတ်လုပ်ခွင့်ပြုနိုင်သည်။

၃၄။ ပြည်နယ်၊ တိုင်း၊ သို့မဟုတ် ခရိုင်သစ်တောအရာရှိသည် သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေပေါ်ရှိ အသေးစားသစ်တောထွက်ပစ္စည်းများကို စီးပွားဖြစ်ထုတ်ယူခြင်း၊ စုသိမ်းခြင်း၊ သို့မဟုတ် သယ်ယူရွှေ့ပြောင်းခြင်းကို ခွင့်ပြုနိုင်သည်။

၃၅။ ခရိုင်သစ်တောအရာရှိသည် ကြိုးဝိုင်းတော၊ သို့မဟုတ် ကြိုးပြင်ကာကွယ်တော၏ မူလနယ်နိမိတ်ကို မထိခိုက်စေဘဲ လိုအပ်သလို ပြန်လည်ပြုပြင်နိုင်သည်။

## အခန်း (၄)
## သစ်တောစိုက်ခင်းတည်ထောင်ခြင်း

၃၆။ သစ်တောဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ စီးပွားရေးစိုက်ခင်းများကို တည်ထောင်ရာတွင် အောက်ပါမူများကို အခြေခံရမည် -

(က) ပျက်စီးပြုန်းတီးနေသော သစ်တောများ၌ စိုက်ပျိုးခြင်း၊

(ခ) စီးပွားရေးအရ တန်ဖိုးနည်းသောသစ်များ ပေါက်ရောက်နေသည့် သစ်တောများ၌ စိုက်ပျိုးခြင်း၊

(ဂ) ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသော သစ်မျိုးများဖြင့် စိုက်ပျိုးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(ဃ) သစ်အထွက်နှုန်းကောင်း၍ ထုတ်ယူသုံးစွဲမှုတန်ဖိုးရှိသော သစ်မျိုးများဖြင့် စိုက်ပျိုးခြင်း၊

(င) ရေ၊ မြေနှင့် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးမှုမရှိစေသော နည်းများဖြင့် စိုက်ပျိုးခြင်း၊

(စ) ဒေသခံပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေခြင်း။

၃၇။ သစ်တောဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ စက်မှုကုန်ကြမ်းစိုက်ခင်းများကို တည်ထောင်ရာတွင် အောက်ပါမူများကို အခြေခံရမည် -

(က) ပျက်စီးပြုန်းတီးနေသော သစ်တောများ၌ စိုက်ပျိုးခြင်း၊

(ခ) စီးပွားရေးအရ တန်ဖိုးနည်းသော သစ်များ ပေါက်ရောက်နေသည့်သစ်တောများ၌ စိုက်ပျိုးခြင်း၊

(ဂ) စက်မှုလုပ်ငန်းသုံးနှင့် ဆီလျော်သောသစ်မျိုးကို စိုက်ပျိုးခြင်း၊

(ဃ) သယ်ယူပို့ဆောင်မှုလွယ်ကူပြီး စက်ရုံအနီးပတ်ဝန်းကျင်တွင်ရှိသော ကြိုးဝိုင်းတော၊ ကြိုးပြင်တောများကို စိုက်ပျိုးခြင်း၊

(င) ရေ၊ မြေနှင့် သဘာဝဝန်းကျင်ကို ပျက်စီးမှုမရှိစေသော နည်းများဖြင့် စိုက်ပျိုးခြင်း၊

၃၈။ သစ်တောဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ) အရ ရေ၊ မြေ၊ သဘာဝဝန်းကျင်ထိန်းသိမ်းစိုက်ခင်းများကို တည်ထောင်ရာတွင် အောက်ပါမူများကို အခြေခံရမည် -

(က) တောများ ပျက်စီးပြုန်းတီးခဲ့သော ရေဝေရေလဲဒေသများနှင့် အပူပိုင်းဒေသများတွင် စိုက်ပျိုးခြင်း၊

(ခ) ရေဝေရေလဲဒေသ၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်များကျက်စားနေထိုင်ရာဒေသရင်းများကို ပြန်လည်တည်ထောင်ရန်အတွက် သင့်လျော်မည့် ဒေသခံအပင်မျိုးများဖြင့် စိုက်ပျိုးခြင်း၊

(ဂ) ဒေသ၊ ရာသီဥတုနှင့် မြေမျက်နှာပြင် အနေအထားများအပေါ် မူတည်၍ သင့်လျော်သည့် စိုက်ပျိုးနည်းများနှင့်အတူ မြေပြုပြင်တည်ဆောက်ရေးနည်းများဖြင့် တွဲဖက်ဆောင်ရွက်ခြင်း။

၃၉။ သစ်တောဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဃ) အရ ဒေသန္တရထောက်ပံ့ရေးစိုက်ခင်းများကို တည်ထောင်ရာတွင် အောက်ပါမူများကို အခြေခံရမည် -

(က) ဒေသန္တရထောက်ပံ့ရေးကြိုးဝိုင်းများနှင့် ကြိုးပြင်ကာကွယ်တောများအတွင်း၌ စိုက်ပျိုးခြင်း၊

(ခ) ဒေသခံပြည်သူများ၏ လိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ တိုင်၊ မျောများရရှိစေနိုင်သည့် ဘက်စုံအကျိုးပြုစေပြီး အကြီးမြန်သော သစ်မျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ပျက်စီးပြုန်းတီးနေသော သစ်တောနယ်မြေများအတွင်း၌ ဦးစားပေးစိုက်ပျိုးခြင်း၊

(ဃ) ရေ၊ မြေနှင့် သဘာဝဝန်းကျင်ကို ပျက်စီးမှုမရှိစေသော နည်းများဖြင့် စိုက်ပျိုးခြင်း။

၄၀။ သစ်တောဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (င) အရ ကျေးရွာထင်းစိုက်ခင်းများကို တည်ထောင်ရာတွင် အောက်ပါမူများကို အခြေခံရမည် -

(က) ကျေးရွာပိုင်မြေများ၊ ကြိုးပြင်ကာကွယ်တောများအတွင်း၌ စိုက်ပျိုးခြင်း၊

(ခ) စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခြင်း၊

(ဂ) မြေအသုံးချမှုတန်ဖိုး ပိုမိုရရှိစေရန် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းကို ကျေးရွာလူထုအား ခွင့်ပြုခြင်း၊

(ဃ) ခုတ်လှဲရိတ်သိမ်းချိန် ရောက်ရှိသောအခါ ကျေးရွာလူထုအား အခွန်အခ ပေးဆောင်စေ၍ သုံးစွဲခွင့်ပြုခြင်း။

BURMESE CLASSIC

၄၁။ သစ်တောဥပဒေပုဒ်မ ၁၄ အရ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က လုပ်ကိုင်ဆောင်ရွက်ရာတွင်ဖြစ်စေ အောက်ပါတို့နှင့် ညီညွတ်ရမည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ သို့မဟုတ် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာပြီးဖြစ်ခြင်း၊

(ခ) သစ်တောရေးရာဝန်ကြီးဌာနက သဘောတူခွင့်ပြုသော သစ်အမျိုးအစားနှင့် နေရာဒေသဖြစ်ခြင်း၊

(ဂ) ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင် လုပ်ကိုင်မှုဖြစ်ခြင်း၊

(ဃ) သစ်တောရေးရာဝန်ကြီးဌာနက သဘောတူခွင့်ပြုသော ရေ၊ မြေနှင့် သဘာဝဝန်းကျင်ကို ပျက်စီးမှုမရှိစေသော စိုက်ပျိုးနည်းဖြစ်စေခြင်း၊

(င) ဒေသခံပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေခြင်း၊

(စ) စီးပွားရေး၊ စက်မှုကုန်ကြမ်း၊ သို့မဟုတ် လောင်စာ လိုအပ်ချက်ကို အထောက်အကူဖြစ်စေသည့် သစ်တောစိုက်ခင်းဖြစ်ခြင်း၊

(ဆ) ဒေသအလိုက် သတ်မှတ်ထားသော အခွန်ကို ပေးဆောင်ခြင်း၊

၄၂။ (က) သစ်တောဦးစီးဌာနသည် သစ်တောဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ တည်ထောင်မည့် ထင်းစိုက်ခင်းနှင့်စပ်လျဉ်း၍ ပထမနှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းအားလုံးကို တာဝန်ယူလုပ်ကိုင်ပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com


(ခ) ဒုတိယနှစ်မှစ၍ ခုတ်လှဲရိတ်သိမ်းချိန်အထိ ထင်းစိုက်ခင်းအား ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနက ဖြန့်ဖြူးပေးသည့် နည်းပညာရပ်များကို အသုံးချ၍ သက်ဆိုင်ရာ ကျေးရွာလူထုက တာဝန်ယူဆောင်ရွက်ရမည်၊

(ဂ) ထင်းစိုက်ခင်းအား လွှဲပြောင်းရယူသည့်ကျေးရွာသည် ခုတ်လှဲရိတ်သိမ်းသည့်အခါ ရောင်းဝယ်ဖောက်ကားမှုအတွက်ဖြစ်လျှင် သစ်တောဦးစီးဌာနက သတ်မှတ်သော အခွန်ကို ပေးဆောင်ရမည်။

၄၃။ သစ်တောဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင် ထင်းစိုက်ခင်းများနှင့် စပ်လျဉ်း၍ -

(က) သစ်တောဦးစီးဌာနသည် စတင်စိုက်ပျိုးတည်ထောင်သည့်နှစ်တွင် ဒေသ၏ လိုအပ်ချက်နှင့် ကိုက်ညီသော ပျိုးပင်များကို ဖြန့်ဝေပေးရမည်၊

(ခ) စတင်စိုက်ပျိုးသည့်အချိန်မှ ခုတ်လှဲရိတ်သိမ်းချိန်အထိ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနက လမ်းညွှန်ပြသသည့်အတိုင်း ကျေးရွာလူထုက လိုက်နာဆောင်ရွက်ရမည်၊

(ဂ) သစ်တောဦးစီးဌာနသည် မြေအသုံးချမှုတန်ဖိုး ပိုမိုရှိစေရန်အတွက် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း နည်းပညာများကိုလည်း ပြသပေးရမည်၊

(ဃ) သစ်တောဦးစီးဌာနက သတ်မှတ်ပေးသော ခုတ်လှဲရိတ်သိမ်းချိန်တွင် ကျေးရွာလူထုက ထင်းများကို မိမိသုံးအတွက် အခမဲ့ထုတ်ယူသုံးစွဲနိုင်သည်။

၄၄။ စီးပွားဖြစ် သစ်ထုတ်ယူခွင့်ရရှိသူသည် ခွင့်ပြုမိန့်အရ နိုင်ငံတော်အတွက် သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ သို့မဟုတ် သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် တာဝန်ရှိလျှင် -

(က) သစ်ထုတ်လုပ်ခြင်းမပြုမီ ထုတ်ယူမည့်စီမံချက်ကို သစ်တောဦးစီးဌာနသို့ တင်ပြရမည်၊

(ခ) သစ်ထုတ်ယူသော သစ်ကွက်အတွင်း၌ သစ်တောစိုက်ခင်းကို မိမိ၏ ကုန်ကျစရိတ်ဖြင့် ပြန်လည်စိုက်ပျိုးပေးရမည်၊

(ဂ) သစ်တောဦးစီးဌာနက လိုအပ်သည်ဟု သတ်မှတ်သော သစ်တောနယ်မြေအတွင်း သဘာဝသစ်တော ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို မိမိ၏ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ပေးရမည်၊

(ဃ) သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းကြောင့် သဘာဝဝန်းကျင်ပျက်စီးမှုများအတွက် သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၅)
## သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်

၄၅။ သစ်တောဦးစီးဌာနသည် သစ်တောဥပဒေပုဒ်မ ၁၈ အရ စီးပွားဖြစ်သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ ဈေးပြိုင်စနစ်ကျင့်သုံးရာတွင် လိုက်နာရမည့် နည်းလမ်း များကို သတ်မှတ်ထားရှိရမည်။

၄၆။ သစ်တောဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) အရ ခွင့်ပြုမိန့်မလိုသည့် သစ်တောထွက်ပစ္စည်းများကို ထုတ်ယူခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်သစ်တောအရာရှိသည် -

(က) ထုတ်ယူခွင့်တောင်းခံသော သစ်နှင့် တိုင်များအတွက် ပင်ထောင်ရိုက်မှတ်၍ ငုတ်ရင်းတွင် 'မိမိသုံး' တံဆိပ်ရိုက်မှတ်ပေးရမည်၊

(ခ) ထုတ်ယူခွင့်ရရှိသူ၏ အမည်၊ နေရပ်လိပ်စာ၊ သစ်တောထွက်ပစ္စည်း အမျိုးအမည်နှင့် အရေအတွက်တို့ကို မှတ်တမ်းတင်ထားရမည်။

၄၇။ ခရိုင်သစ်တောအရာရှိသည် သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေမှ ထုတ်လုပ်သည့် အခွန်ဆောင်ပြီးသောထင်းကို မီးသွေးဖုတ်နိုင်ရန် ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာ သတ်မှတ်သည့် လိုင်စင်ပုံစံနှင့် ယင်းလိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ မီးသွေးဖိုတည်ထောင်ခွင့်နှင့် မီးသွေးဖုတ်ခွင့်ပြုနိုင်သည်။

## အခန်း (၆)
## သစ်တောထွက်ပစ္စည်းသယ်ယူရွှေ့ပြောင်းခြင်း

၄၈။ (က) သစ်တောဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်များမှတစ်ပါး သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းလိုလျှင် ပြည်နယ်၊ တိုင်းသစ်တောအရာရှိက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိထံမှ မျှောစာလျှောက်ထားရယူရမည်။

(ခ) မျှောစာရရှိသူသည် မျှောစာအတွက် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်ရမည်။

၄၉။ (က) မြို့နယ်သစ်တောအရာရှိ သို့မဟုတ် ၎င်းက တာဝန်ပေးအပ်ခြင်းခံရသော ဝန်ထမ်းသည် အခွန်ဆောင်ပြီးသော သစ်တောထွက်ပစ္စည်းများအတွက် မျှောစာထုတ်ပေးခွင့်ရှိသည်။

(ခ) ထုတ်ပေးသည့် မျှောစာတိုင်းတွင် အောက်ပါတို့ ဖော်ပြပါရှိရမည် -

(၁) သစ်ဖြစ်ပါက သစ်အမျိုးအမည်နှင့် သစ်လုံး၊ သို့မဟုတ် ခွဲသားအရေအတွက်၊

(၂) အခြားသစ်တောထွက်ပစ္စည်းဖြစ်ပါက အရေအတွက်နှင့်အမျိုးအစား၊

www.burmeseclassic.com

www.burmeseclassic.com



(၃) သစ်လုံးနှင့် ခွဲသားများပေါ်၌ ပါရှိသည့် တံဆိပ်အမှတ်အသား၊
(၄) သယ်ယူမည့် ခရီးလမ်းဆုံး၊
(၅) မျှောစာ၏ သက်တမ်းကာလ၊
(၆) လမ်းခရီးတွင် ရပ်တန့်၍စစ်ဆေးခံရမည့် သစ်တောကင်းရုံးများ၏ အမည်စာရင်း။

၅၀။ သစ်တောဝန်ထမ်းသည် သစ်တောထွက်ပစ္စည်း သယ်ဆောင်လာသူ မည်သူကိုမဆို မျှောစာ ပါမပါ စစ်ဆေးမေးမြန်းခွင့်ရှိသည်။ သစ်တောထွက်ပစ္စည်းကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်သော်လည်း မျှောစာမပါဘဲ သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရပါက သစ်တောဥပဒေပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ရန် သက်ဆိုင်ရာ အမှုတွဲကို မြို့နယ်အဆင့် သစ်တောအရာရှိထံ လွှဲပြောင်းပေးအပ်ရမည်။

၅၁။ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် မိမိသယ်ယူရွှေ့ပြောင်းမည့် သစ်တောထွက်ပစ္စည်းများကို စစ်ဆေးခံရန်၊ အခွန်ဆောင်ရန်၊ သို့မဟုတ် တံဆိပ်အမှတ်အသား ရိုက်မှတ်ရန် သက်ဆိုင်ရာ သစ်တောကင်းရုံးသို့ သယ်ဆောင်သွားရမည်။

၅၂။ မည်သူမျှ ပေးဆောင်ရန်ရှိသော အခွန်အခများကို ပေးဆောင်ခြင်း မပြုရသေးမီအတွင်း သစ်တောထွက်ပစ္စည်းများကို သစ်တောကင်းရုံးမှ သယ်ယူရွှေ့ပြောင်းခြင်း မပြုရ။

၅၃။ သစ်သယ်ယူရွှေ့ပြောင်းသူသည် သစ်လုံးကြီးများဖြင့်ဖွဲ့သော နှစ်ပေခွဲထက် ပိုမိုနှစ်မြုပ်သည့် သစ်ဖောင်နှင့် သစ်လုံးများကို ခိုင်ခံ့စွာ နေရာတကျဖွဲ့စည်းချည်နှောင် တွဲဖက်ထားသည့် ဖောင့်ဖြင့်သာ မျှောချရမည်။

၅၄။ နည်းဥပဒေ ၅၃ ပါ သစ်ဖောင်ကြီးများကို နှစ်စဉ် မေလ (၁၆) ရက်နေ့မှ ဒီဇင်ဘာလ (၁၄) ရက်နေ့အတွင်း၌သာ ချင်းတွင်းမြစ်တစ်လျှောက် မျှောချခွင့်ရှိသည်။

၅၅။ မည်သူမဆို မိမိကြီးကြပ်ကွပ်ကဲ သယ်ဆောင်လာသည့် သစ်၊ ထင်း၊ မျှော၊ ဝါး၊ သို့မဟုတ် ကြိမ်ဖောင်များ တူးမြောင်းနှင့် ဆက်သွယ်လျက်ရှိသည့် ရေလွှဲဆည်ပေါက်သို့ ဆိုက်ရောက်သည့်အခါတွင် ဆည်ကြီးကြပ်သူ၏ သတ်မှတ်ချက်အတိုင်း ကြန့်ကြာမှုမရှိစေဘဲ ရေလွှဲဆည်ကိုဖြတ်၍ သယ်ယူရွှေ့ပြောင်းရမည်။ ရွှေ့ပြောင်းရန် ရေမလုံလောက်ကြောင်း ဆည်ကြီးကြပ်သူက ထင်မြင်လျှင် သစ်တောဝန်ထမ်းက အထူးခွင့်ပြုမိန့်အရ ခွင့်ပြုသည့်လမ်းမှ သယ်ယူရွှေ့ပြောင်းရမည်။

၅၆။ (က) သစ်တောဦးစီးဌာနသည် သစ်ဖောင်များကို ချည်ထားခြင်း၊ ရပ်ထားခြင်း၊ သို့မဟုတ် ဆွဲထားခြင်းမပြုရသော နယ်နိမိတ်များကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

(ခ) မည်သူမျှ နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း၌ သစ်ဖောင်များကို ချည်ထားခြင်း၊ ရပ်ထားခြင်း၊ သို့မဟုတ် ဆွဲထားခြင်း မပြုရ။

www.burmeseclassic.com

www.burmeseclassic.com


၅၇။ (က) ပြည်နယ်၊ တိုင်း၊ သို့မဟုတ် ခရိုင်သစ်တောအရာရှိသည် တံတားများ၊ တာတမံများ၊ သို့မဟုတ် ယင်းတို့နှင့် ဆက်စပ်နေသည့်လုပ်ငန်းများကို ကာကွယ်ရန်အလို့ငှာ သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းရာ၌ လိုက်နာရမည့်စည်းကမ်းချက်များကို အမိန့်ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

(ခ) သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူ မည်သူမျှ နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်သတ်မှတ်သည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

၅၈။ မည်သူမျှ သစ်တောဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) အရ မျှောစာမလိုက်ဘဲ သယ်ယူရွှေ့ပြောင်းခွင့်ရှိသော သစ်တောထွက်ပစ္စည်းများမှအပ ကျန်သစ်တောထွက်ပစ္စည်းများကို ပြည်နယ်၊ တိုင်း၊ သို့မဟုတ် ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ နေဝင်ချိန်မှ နေထွက်ချိန်အတွင်း သစ်တောကင်းရုံးများကို ဖြတ်ကျော်၍ သယ်ယူရွှေ့ပြောင်းခြင်း မပြုရ။

၅၉။ မျှောစာရရှိသူသည် သစ်တောထွက်ပစ္စည်းများကို သယ်ယူရွှေ့ပြောင်းရာတွင် နိုင်ငံတော်ပိုင် ပစ္စည်းတစ်စုံတစ်ရာ ပျက်စီးမှုရှိလျှင် ထိုက်သင့်သော လျော်ကြေးငွေကို ပေးဆောင်ရမည်။

၆၀။ မည်သူမဆို ညွှန်ကြားရေးမှူးချုပ်၊ သို့မဟုတ် ၎င်းက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ အထူးခွင့်ပြုချက်မရရှိလျှင် သစ်တောထွက်ပစ္စည်းများကို သယ်ယူရွှေ့ပြောင်းရာ၌ -

(က) မြစ်များတွင် ရေစီးခြင်းကို ယုတ်လျော့စေခြင်း၊ သို့မဟုတ် ရေကြောင်းပြောင်းလဲစေခြင်း၊ သို့မဟုတ် ရေကြောင်းပိတ်ဆို့စေရန် မပြုလုပ်ရ၊

(ခ) မော်တော်ကားလမ်း၊ သို့မဟုတ် မီးရထားလမ်းတစ်လျှောက် ယာဉ်အသွားအလာ ပိတ်ဆို့မှုတစ်စုံတစ်ရာ မပြုလုပ်ရ။

၆၁။ (က) မည်သည့် သစ်တောဝန်ထမ်းမဆို မြစ်၊ ချောင်းနှင့် ရေကြောင်းတစ်လျှောက် သစ်မျှောခြင်းကို အတားအဆီးဖြစ်စေမည့် ပြုလုပ်မှုများကို ကာကွယ်တားမြစ်ခွင့်ရှိသည်။

(ခ) မြို့နယ်သစ်တောအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် အစိုးရအရာရှိသည် သစ်မျှောခြင်းကို အတားအဆီးဖြစ်စေသည့် ပြုလုပ်မှုများကို ဖယ်ရှားခွင့် ရှိသည်။

၆၂။ သစ်မျှောခြင်းကို အတားအဆီးဖြစ်စေမည့် ပြုလုပ်မှုများကို နည်းဥပဒေ ၆၁၊ နည်းဥပဒေခွဲ (က) အရ ကာကွယ်တားမြစ်ခြင်း၊ သို့မဟုတ် နည်းဥပဒေခွဲ (ခ) အရ ဖယ်ရှားခြင်းပြုရာတွင် ကုန်ကျသော စရိတ်များကို အတားအဆီးပြုလုပ်သူအား ကျခံစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

## ရေမျောကမ်းတင်သစ်များ စီမံခန့်ခွဲခြင်း

၆၃။ (က) မည်သူမျှ ရန်ကုန်ဆိပ်ကမ်းနယ်မြေအတွင်း ကျရောက်သည့် ရန်ကုန်မြစ်၊ ပုဇွန်တောင်ချောင်းနှင့် ပဲခူးမြစ်များအတွင်း ရေမျောကမ်းတင်သစ်များကို ရန်ကုန်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့နှင့် ရန်ကုန်တိုင်း သစ်တောအရာရှိတို့၏ ခွင့်ပြုချက်မရရှိဘဲ ဆယ်ယူခြင်းမပြုရ။

(ခ) မည်သူမျှ အောက်ပါမြစ်များအတွင်း ရေမျောကမ်းတင်သစ်များကို ရန်ကုန်တိုင်းသစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ ဆယ်ယူခြင်းမပြုရ -

(၁) မှော်ဘီချောင်းရွာအောက်နှင့် လိန်ကုန်းရေကျော်ချောင်းဝအထိ ရန်ကုန်နှင့်လှိုင်မြစ်တို့၏ တစ်စိတ်တစ်ဒေသ၊

(၂) ပဲခူးနှင့် ရန်ကုန်မြစ်တို့ဆုံရာမှ အိုးဘိုကျွန်း၏ မြောက်ဘက်စွန်းအထိ ဒေသတွင် ကျရောက်သော ပဲခူးမြစ်၏ တစ်စိတ်တစ်ဒေသ။

၆၄။ မည်သူမျှ နည်းဥပဒေ ၆၃ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်သည့် မြစ်များအတွင်း ရေမျောကမ်းတင်သစ်များကို သက်ဆိုင်ရာ ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ ဆယ်ယူခြင်း မပြုရ။

၆၅။ (က) ပြည်နယ်၊ တိုင်း သစ်တောအရာရှိသည် နေရာဒေသနှင့် အချိန်ကာလကို ဖော်ပြပြီး ရေမျောကမ်းတင်သစ်များ သယ်ယူခွင့်ကို ပိတ်ပင်တားမြစ်နိုင်သည်။

(ခ) မည်သူမျှ နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်သည့် တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

၆၆။ (က) နည်းဥပဒေ ၆၃ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်သည့် မြစ်များအတွင်း ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်ဖြင့် ရေမျောကမ်းတင်သစ် ဆယ်သူသည် ဆယ်ယူရရှိသည့် သစ်လုံးများကို အနီးဆုံး သစ်တောကင်းရုံးသို့ စုသိမ်းယူဆောင်လာရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ စုသိမ်းယူဆောင်လာသူသည် သတ်မှတ်ထားသည့် သစ်ဆယ်ခငွေကို ရပိုင်ခွင့် ရှိစေရမည်။

၆၇။ ခရိုင်သစ်တောအရာရှိသည် သစ်တောကင်းရုံးသို့ စုသိမ်းယူဆောင်လာသော ရေမျောကမ်းတင်သစ်များနှင့် စပ်လျဉ်း၍ -

(က) သက်ဆိုင်သူများ သိရှိနိုင်ရန်နှင့် ပိုင်ဆိုင်ခွင့် တောင်းခံနိုင်ရန် မြစ်ညာဒေသရှိ ပြည်နယ်၊ တိုင်းအတွင်းမှ မြို့နယ်သစ်တောရုံးများအားလုံးနှင့် သစ်တောကင်းရုံးများအားလုံးတွင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ချိတ်ဆွဲထားရမည်။ ထို့ပြင် ယင်းသို့သော အမိန့်ကြော်ငြာစာများကို အလိုရှိကြောင်း ကြိုတင်စာရင်းပေးသွင်းထားသည့် ကိုယ်ပိုင်တံဆိပ်ပိုင်ရှင်များသို့လည်း ပေးပို့ရမည်၊

www.burmeseclassic.com

www.burmeseclassic.com


(ခ) ရေပေါ်တွင် အလိုအလျောက်မပေါ်ဘဲ မျောပါလာသည့် ရေမျောကမ်းတင် သစ်များနှင့် ပင်လယ်ပြင်တွင် မျောပါနေသည့်သစ်များကို အမိန့်ကြော်ငြာစာပါ ခွင့်ပြုသည့်ကာလ ကုန်ဆုံးပြီးနောက် ပြည်နယ်၊ တိုင်းသစ်တောအရာရှိ၏ ခွင့်ပြုမိန့်ရယူ၍ ထုခွဲရောင်းချခွင့် ရှိသည်၊

(ဂ) မြန်မာ့သစ်လုပ်ငန်းပိုင် တံဆိပ်ပါရှိသည့် ရေမျောကမ်းတင်သစ်များကို သက်ဆိုင်ရာ မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ရမည်၊

(ဃ) ဆယ်ယူထားသည့် ရေမျောကမ်းတင်သစ်များသည် သစ်သိုလှောင်ဆိပ်များမှ မျောထွက်လာသည့်သစ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါက ပြည်နယ်၊ တိုင်းသစ်တောအရာရှိ၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ မူလပိုင်ရှင်အား ပြန်လည်ယူဆောင်သွားခွင့်ပြုနိုင်သည်။

၆၈။ မူလပိုင်ရှင်သည် နည်းဥပဒေ ၆၇၊ နည်းဥပဒေခွဲ (ဃ) အရ မိမိအား ပြန်လည်ယူဆောင်သွားခွင့်ပြုသည့် ရေမျောကမ်းတင်သစ်များကို သစ်တောကင်းရုံး၌ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ရသည့်အတွက် ပြည်နယ်၊ တိုင်း သစ်တောအရာရှိက သတ်မှတ်သည့် အခကြေးငွေကို ပေးဆောင်ရမည်။

၆၉။ ပင်လယ်တွင်ဖြစ်စေ၊ မြစ်များ၊ ချောင်းများတွင်ဖြစ်စေ ဆယ်ယူရရှိသည့် ရေမျောကမ်းတင်သစ်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း သစ်တောအရာရှိက အခါအားလျော်စွာ ကြေညာ၍ သတ်မှတ်သည့် ဆယ်ယူခနှုန်းထားအတိုင်း သစ်ပိုင်ရှင်က ဆယ်ယူသူကို ပေးချေရမည်။

## အခန်း (၈)

## ကိုယ်ပိုင်တံဆိပ်များကို မှတ်ပုံတင်ခြင်းနှင့် သစ်များကို တံဆိပ်ရိုက်မှတ်ခြင်း

၇၀။ သစ်ထုတ်ယူခွင့်ရရှိသူသည် ခွင့်ပြုမိန့်အရ ထုတ်လုပ်သစ်တွင် ရိုက်မှတ်ရန်အသုံးပြုသော မိမိကိုယ်ပိုင်တံဆိပ်ကို အသုံးပြုမည့် သက်ဆိုင်ရာ ခရိုင်သစ်တောရုံးတွင် မှတ်ပုံတင်ရမည်။

၇၁။ (က) နည်းဥပဒေ ၇၀ အရ မှတ်ပုံတင်လျှောက်ထားသည့် ကိုယ်ပိုင်တံဆိပ်ပုံစံသည် သက်ဆိုင်ရာ ခရိုင်သစ်တောအရာရှိ၏ သဘောတူညီချက်ရရှိရမည့်အပြင် မှတ်ပုံတင်သည့်ပုံစံတွင် သက်ဆိုင်ရာခရိုင်ကို ညွှန်ပြသည့် အထူးအမှတ်အသားတစ်ခု ပါရှိရမည်။

(ခ) မည်သူမျှ ကိုယ်ပိုင်တံဆိပ်ကို မှတ်ပုံတင်ထားသည့် သက်ဆိုင်ရာခရိုင်၏ ပြည်ပတွင် သုံးစွဲခြင်း မပြုရ။

www.burmeseclassic.com

www.burmeseclassic.com



၄၂။ ကိုယ်ပိုင်တံဆိပ်တုံးတစ်ခုနှင့် မလုံလောက်ပါက ဆင့်ပွားတံဆိပ်တုံးကို အမှတ်စဉ် ဖြည့်စွက်၍ သက်ဆိုင်ရာ ခရိုင်သစ်တောအရာရှိ၏ သဘောတူညီချက်ဖြင့် သုံးစွဲနိုင်သည်။

၄၃။ ကိုယ်ပိုင်တံဆိပ်တစ်ခု၏ မှတ်ပုံတင်သက်တမ်းသည် မှတ်ပုံတင်ခွင့်ရရှိသည့် နေ့မှစ၍ ယင်းကို ပယ်ဖျက်သည့်နေ့အထိ ဖြစ်စေရမည်။

၄၄။ မှတ်ပုံတင်သည် ကိုယ်ပိုင်တံဆိပ်အတွက် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို ပေးဆောင်ရမည်။

၄၅။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကိုယ်ပိုင်တံဆိပ်ကို မှတ်ပုံတင်ထားခြင်း ပျက်ပြယ်သည် -

(က) တံဆိပ်တုံးပိုင်ရှင်ကိုယ်တိုင်က မှတ်ပုံတင်ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း၊

(ခ) တံဆိပ်တုံးပိုင်ရှင် သေဆုံးခြင်း၊ သို့မဟုတ် ကြွေးမြီများ မပေးဆပ်နိုင်ကြောင်း တရားရုံးမှ ကြေညာခံရခြင်း၊

(ဂ) အထူးခွင့်ပြုမိန့်ဖြင့် သစ်ထုတ်ရန် မှတ်ပုံတင်ထားသည့်တံဆိပ်ဖြစ်ပါက ခွင့်ပြုသက်တမ်းကုန်ဆုံးခြင်း၊

(ဃ) တံဆိပ်တုံးအား (၁၂) လတိုင်အောင် တစ်ဆက်တည်းအသုံးပြုမှုမရှိခြင်း၊

(င) တံဆိပ်တုံးပုံစံကို ပြောင်းလဲရန်လိုအပ်ကြောင်း ပိုင်ရှင်ဖြစ်သူက လျှောက်ထားလာခြင်း၊

(စ) တံဆိပ်တုံးကို မှတ်ပုံတင်စည်းကမ်းနှင့် ဆန့်ကျင်၍ အသုံးပြုကြောင်း စိစစ်တွေ့ရှိရခြင်း။

၄၆။ ကိုယ်ပိုင်တံဆိပ်တုံးကို လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်ရှိသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကိုယ်ပိုင်တံဆိပ်တုံးကို အသုံးပြုရန် မှတ်ပုံတင်ပြီးကြောင်း သက်ဆိုင်ရာ ခရိုင်သစ်တောအရာရှိရုံးက ထုတ်ပေးသည့် သက်သေခံလက်မှတ်ရရှိထားသူ တံဆိပ်ပိုင်ရှင်။

(ခ) သက်ဆိုင်ရာ ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်ဖြင့် တံဆိပ်တုံးပိုင်ရှင်၏ ကိုယ်စား ကိုင်ဆောင်ခွင့်ရရှိသူ။

၄၇။ သစ်ပင်များကို ခုတ်လှဲခြင်း၊ သို့မဟုတ် သစ်လုံးများကို ဖြတ်ပိုင်းခြင်းပြုသောအခါ (၂၄) နာရီအတွင်း ငုတ်နှင့် သစ်လုံးများအပေါ်တွင် သတ်မှတ်ချက်နှင့်အညီ ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ရမည်။

၄၈။ မည်သူမျှ ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ခြင်းမပြုရသေးသည့်သစ်များကို ခုတ်လှဲသည့်နေရာမှ သယ်ယူရွှေ့ပြောင်းခြင်း မပြုရ။

၄၉။ (က) ခွဲစိတ်ခြင်းမရှိသေးသည့် သစ် သို့မဟုတ် အကြမ်းခုတ်ထားပြီး သစ်များပေါ်တွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်တံဆိပ်ကိုသာ ရိုက်မှတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



(ခ) တံဆိပ်တုံးပိုင်ရှင်ကိုယ်တိုင်၊ သို့မဟုတ် နည်းဥပဒေ ၇၆၊ နည်းဥပဒေခွဲ (ခ) အရ တံဆိပ်တုံးကို ကိုင်ဆောင်ခွင့်ရရှိသူမှတစ်ပါး မည်သူမျှ တံဆိပ်ရိုက်မှတ်ခြင်း မပြု ရ။

၈၀။ မည်သူမျှ ခွင့်ပြုမိန့်မရှိလျှင်ဖြစ်စေ၊ ခွင့်ပြုမိန့်နှင့်အညီ မဟုတ်လျှင်ဖြစ်စေ -

(က) ပင်ထောင်သစ်ပင်တွင် ကိုယ်ပိုင်တံဆိပ်ကို မရိုက်ရ၊

(ခ) သစ်နှင့် သစ်လုံးပေါ်တွင် ရိုက်မှတ်ထားသည့် တံဆိပ်အမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေခြင်း မပြုရ၊

(ဂ) သစ်တောဦးစီးဌာနသို့ ပေးဆောင်ရန်ရှိသည့် အခွန်အခများအားလုံး ပေးဆောင်ပြီးကြောင်း ဖော်ပြသည့် သစ်တောဦးစီးဌာန၏ တံဆိပ်အမှတ်အသားမပါရှိလျှင် အခြားကိုယ်ပိုင်တံဆိပ်ပါသည့် သစ် သို့မဟုတ် တံဆိပ်ရာကို ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်အောင် ပြုလုပ်ထားသည့် လက္ခဏာပါသော သစ်များပေါ်တွင် ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ခြင်း မပြုရ၊

(ဃ) သစ်ထုတ်ခွင့်ရသူ၊ သို့မဟုတ် သစ်ထုတ်ခွင့်ရသူ၏ လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသူ မဟုတ်လျှင် တံဆိပ်အမှတ်အသားမပါသည့် သစ်လုံးများကို ခုတ်လှဲသည့်နေရာမှ မရွှေ့ပြောင်းမီ ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ခြင်း မပြုရ၊

(င) သစ်မျှောချရန်အသုံးပြုသည့် ချောင်း၊ မြောင်းများ၏ အမြင့်ဆုံး ရေတက်ရာ နေရာအတွင်း ရောက်ရှိနေသည့် သစ်များပေါ်တွင် ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ခြင်း မပြုရ၊

(စ) တရားမဝင် ခုတ်လှဲထုတ်ယူထားကြောင်း ယုံကြည်ရန်အကြောင်းရှိသော ကျွန်းငုတ် သို့မဟုတ် သစ်ပေါ်တွင် ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ခြင်းမပြုရ။

## အခန်း (၉)

## သစ်သိုလှောင်ဆိပ်များ

၈၁။ သစ်တောဥပဒေပုဒ်မ ၂၄ အရ တည်ထောင်ထားသော သစ်တောကင်းရုံးများအနက် သင့်လျော်သည့် သစ်တောကင်းရုံးများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း သစ်တော အရာရှိက သစ်သိုလှောင်ရုံဆိပ်များအဖြစ် သတ်မှတ်အသုံးပြုစေနိုင်သည်။ ယင်းသို့ အသုံးပြုသည့် သစ်သိုလှောင်ဆိပ်များကို သီးခြားအမှတ်စဉ်တပ်၍ သက်ဆိုင်ရာ သစ်သိုလှောင်ဆိပ်ရှေ့တွင် ဆိုင်းဘုတ်စိုက်ထူထားရမည်။

၈၂။ မည်သူမျှ ပြည်နယ်၊ တိုင်း သစ်တောအရာရှိက ထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုမရရှိဘဲ သစ်သိုလှောင်ဆိပ်များကို အသုံးမပြုရ။

၈၃။ သစ်သိုလှောင်ဆိပ်များတွင် ပြည်နယ်၊ တိုင်း သစ်တောအရာရှိက ထုတ်ပေးသည့် ခွင့်ပြုမိန့်ရရှိသူ၏ သစ်များကိုသာ သိုလှောင်ခွင့်ရှိသည်။ သို့ရာတွင် ခွင့်ပြုမိန့်ရရှိသူက သ

www.burmeseclassic.com


များကို ရောင်းချပြီး၍ ယင်းသစ်ဝယ်ယူသူက ဆက်လက်သိုလှောင်ထားရှိလိုလျှင် သတ်မှတ်ထားသည့် အခကြေးငွေကို ပေးဆောင်ပြီး ဆက်လက်သိုလှောင်ထားခွင့်ရှိသည်။

၈၄။ မည်သူမျှ သစ်သိုလှောင်ဆိပ်အတွင်းရှိ သစ်သယ်ဆောင်လမ်းကို ပိတ်ဆို့ခြင်း၊ သို့မဟုတ် အတားအဆီးဖြစ်စေခြင်း မပြုရ။

၈၅။ မည်သူမျှ ပြည်နယ်၊ တိုင်း သစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ နေဝင်ချိန်မှ နေထွက်ချိန်အတွင်း သစ်တောကင်းရုံး၊ သို့မဟုတ် သစ်သိုလှောင်ဆိပ်များအတွင်းရှိ သစ်များကို မျှောစာမပါဘဲ ရွှေ့ပြောင်းခြင်း၊ သို့မဟုတ် ရွှေ့ပြောင်းရန် အားထုတ်ခြင်း မပြုရ။

၈၆။ သစ်သိုလှောင်ဆိပ်သို့ ရောက်ရှိလာသည့်သစ်များတွင် မသမာသောနည်းဖြင့် ရရှိထားသည့် သစ်များပါဝင်ကြောင်း စစ်ဆေးတွေ့ရှိရပါက စုံစမ်းစစ်ဆေးမှုအတွက် ကုန်ကျစရိတ်များကို သက်ဆိုင်ရာ သစ်သယ်ဆောင်သူက ကျခံရမည်။

၈၇။ သစ်တောထွက်ပစ္စည်းများကို စစ်ဆေးရန်အလို့ငှာ သစ်တောကင်းရုံး၌ ထားရှိစဉ်အတွင်း၊ သို့မဟုတ် သစ်သိုလှောင်ဆိပ်တွင် သိုလှောင်ထားစဉ်အတွင်း ပျက်စီးမှု၊ သို့မဟုတ် ဆုံးရှုံးမှုပေါ်ပေါက်ခဲ့ခြင်းသည် သစ်တောဝန်ထမ်း၏ ပေါ့ဆမှု၊ လိမ်လည်မှု၊ သို့မဟုတ် တမင်ပျက်စီးစေမှုကြောင့် ပေါ်ပေါက်ရခြင်းမဟုတ်လျှင် သက်ဆိုင်ရာ သစ်တောဝန်ထမ်းတွင် တာဝန်မရှိစေရ။

## အခန်း (၁၀)
## သစ်အခြေခံအသုံးပြုသည့် စက်ရုံတည်ထောင်ခြင်း

၈၈။ သစ်တောဥပဒေပုဒ်မ ၃၀ အရ မည်သူမဆို သစ်အခြေခံအသုံးပြုသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများအတွက် အချင်း (၁၈) လက်မနှင့်အောက် သစ်ဖြတ်လွှ၊ သို့မဟုတ် ယင်းနှင့် ခွဲစိတ်အားညီမျှသော ပတ်လွှစက်များကို သက်ဆိုင်ရာ မြို့နယ်သစ်တောရုံးတွင် သတ်မှတ်ချက်နှင့်အညီ နှစ်စဉ်မှတ်ပုံတင်ပြီး တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်။

၈၉။ (က) အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် တစ်နှစ်လျှင် တန် ၆၀၀၀ နှင့်အထက် ခွဲစိတ်နိုင်သည့် လွှစက် တည်ထောင်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားမှုကို သတ်မှတ်ချက်နှင့်အညီ စိစစ်၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။

၉၀။ (က) နည်းဥပဒေ ၈၉၊ နည်းဥပဒေခွဲ (က) နှင့် အကျုံးမဝင်သည့် တစ်နှစ်လျှင်တန် (၆၀၀၀) အောက် ခွဲစိတ်နိုင်သော လွှစင်၊ လွှစက်၊ သို့မဟုတ် လျှာထိုးစက် တည်

www.burmeseclassic.com

www.burmeseclassic.com


ထောင်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် ယင်းကိစ္စအလို့ငှာ ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိထံ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားမှုကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်ပါက ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။

၉၁။ နည်းဥပဒေ ၈၉၊ နည်းဥပဒေခွဲ (ခ) သို့မဟုတ် နည်းဥပဒေ ၉၀၊ နည်းဥပဒေခွဲ (ခ) အရ သစ်အခြေခံအသုံးပြုသည့် စက်ရုံတည်ထောင်ရန် ခွင့်ပြုမိန့်ရရှိသူသည် ညွှန်ကြားရေးမှူးချုပ်က ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော -

(၁) အခွန်အခများကို ပေးဆောင်ရမည်၊

(၂) ခွင့်ပြုမိန့်စည်းကမ်းချက်များကို လိုက်နာရမည်။

## အခန်း (၁၁)

## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၉၂။ သစ်တောဝန်ထမ်းတိုင်းသည် သစ်တောဥပဒေပါ ပြစ်မှုတစ်စုံတစ်ရာဖြစ်ပွားခြင်းမရှိစေရန် တားဆီးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းများကို ပြုလုပ်ပိုင်ခွင့် ရှိသည်။

၉၃။ အများပြည်သူတို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်သော နေအိမ်၊ အဆောက်အအုံ၊ နေရာတစ်ခုခုတွင် သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို သိုဝှက်ထားကြောင်းယုံကြည်ရန် လုံလောက်သည့်အကြောင်းရှိလျှင် ထိုနေအိမ်၊ အဆောက်အအုံ၊ နေရာကိုရှာဖွေရန် ပထမတန်း ရာဇဝတ်တရားသူကြီး၊ အာဏာရဝရားသူကြီးသည် သစ်တောအရာရှိတစ်ဦးဦးအား ရှာဖွေမိန့် ထုတ်ပေးနိုင်သည်။

၉၄။ ရှာဖွေအမိန့်ရရှိသူသည် -

(က) ရှာဖွေအမိန့်ကို ကိုယ်တိုင်အတည်ပြုဆောင်ရွက်ရမည်။ အခြားသူတစ်ဦးဦးကို တစ်ဆင့်လွှဲအပ်ခြင်း မပြုရ၊

(ခ) ရှာဖွေခြင်းကို သက်သေ (၂) ဦးရှေ့တွင် ပြုလုပ်ရမည်၊

(ဂ) ရှာဖွေအမိန့်တွင်ပါရှိသည့် နေအိမ်၊ အဆောက်အအုံ၊ သို့မဟုတ် နေရာတွင် တွေ့ရှိရသော သက်သေခံပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာတန်ဆာပလာများကို သိမ်းဆည်းခြင်း၊ ပြစ်မှုကျူးလွန်သူကို အရေးယူခြင်း ပြုရမည်။

(ဃ) ရှာဖွေသည့်အချိန်မှ (၂၄) နာရီအတွင်း ရှာဖွေခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှာဖွေအမိန့်ထုတ်ပေးသူ တရားသူကြီးထံ စာဖြင့် အစီရင်ခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



၉၅။ သစ်တောဝန်ထမ်းသည် အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သော အဆောက်အအုံ၊ နေရာနှင့် မည်သည့်ယာဉ်မျိုးကိုမဆို ရှာဖွေအမိန့်ရယူရန်မလိုဘဲ သက်သေ (၂) ဦးရှေ့တွင် ရှာဖွေခြင်းပြုနိုင်သည်။ ယင်းသို့ ရှာဖွေရာတွင် တွေ့ရှိရသော သက်သေခံပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာတန်ဆာပလာများကို သိမ်းဆည်းခြင်း၊ ပြစ်မှုကျူးလွန်သူကို အရေးယူခြင်း ပြုရမည်။

၉၆။ သစ်တောဥပဒေပါ ပြစ်မှုတစ်ခုခုအတွက် ရှာဖွေအမိန့်ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၉၇။ သစ်တောဦးစီးဌာနသည် ဖမ်းဆီးရမိသည့် သစ်တောထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ သစ်တောဥပဒေပုဒ်မ ၃၃ အရ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရာတွင် လိုက်နာရမည့် နည်းလမ်းများကို သတ်မှတ်ထားရှိရမည်။

၉၈။ သစ်တောဝန်ထမ်းတစ်ဦးဦးသည် သစ်တောပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သည်ဟု ယုံကြည်ရန် အကြောင်းရှိသူအား အမည်နှင့် နေရပ်လိပ်စာကို မေးမြန်းရယူနိုင်သည်။ ယင်းသို့ မေးမြန်းခြင်းခံရသူသည် မိမိ၏အမည်နှင့် နေရပ်လိပ်စာအမှန်ကို ထုတ်ဖော်ပြောဆိုရမည်။

၉၉။ ဤနည်းဥပဒေများအရ ရှာဖွေရာတွင် သိမ်းဆည်းရမိသည့် သစ်တောထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ -

(က) သိမ်းဆည်းခြင်းရသူထံ ခံဝန်ချုပ်ဖြင့် ယာယီပြန်လည်ပေးအပ်ထားနိုင်သည်၊

(ခ) ပျက်စီး ပုပ်သိုးလွယ်သော သစ်တောထွက်ပစ္စည်းများကို ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်ဖြင့် ထုခွဲရောင်းချခွင့်ရှိသည်၊

(ဂ) ပိုင်ရှင်မပေါ်သည့် သစ်တောထွက်ပစ္စည်းများကို ပြည်နယ်၊ တိုင်း သစ်တော အရာရှိ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခွင့်ရှိသည်။

၁၀၀။ သစ်တောဥပဒေအရ ကျူးလွန်သောပြစ်မှုကို အရေးယူခြင်းနှင့် စပ်လျဉ်း၍ သစ်တောအရာရှိသည် -

(က) ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၄၅ အရ ပြစ်မှုကျူးလွန်သူကို သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိ တရားရုံးသို့ ဦးတိုက်လျှောက်ထားပြီး တရားစွဲဆိုခြင်း ပြုရမည်၊

(ခ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၄၊ သို့မဟုတ် ပုဒ်မ ၄၆ အရ ပြစ်မှုကျူးလွန်သူကို သက်ဆိုင်ရာရဲစခန်း၌ ပထမသတင်းပေးတိုင်ချက် ဖွင့်လှစ်ခြင်း ပြုရမည်။

www.burmeseclassic.com

www.burmeseclassic.com


၁၀၁။ သစ်တောအရာရှိသည် ဦးတိုက်လျှောက်ထားတရားစွဲဆိုရမည့် သစ်တောပြစ်မှုများနှင့် စပ်လျဉ်း၍ ယင်းသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုခြင်းမပြုမီ -

(က) စွပ်စွဲခံရသူနှင့် သက်သေများ လာရောက်ရန် ဆင့်ခေါ်ခွင့်နှင့် စာရွက်စာတမ်းများ တင်ပြစေရန် တောင်းဆိုခွင့်ရှိသည်၊

(ခ) စုံစမ်းစစ်ဆေးနိုင်ခွင့်နှင့် ယင်းသို့ စုံစမ်းစစ်ဆေးစဉ် သက်သေထွက်ဆိုချက်များကို မှတ်တမ်းရယူခွင့်ရှိသည်။

၁၀၂။ သစ်တောအရာရှိသည် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး လွှဲပြောင်းပေးသော သစ်တောထွက်ပစ္စည်းများကို လက်ခံရယူရမည်။

၁၀၃။ ပြည်နယ်၊ တိုင်း၊ သစ်တောအရာရှိသည် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးသော သစ်တောထွက်ပစ္စည်းများနှင့် သစ်တောဥပဒေပုဒ်မ ၃၃ အရ သစ်တောအရာရှိက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်သစ်တောထွက်ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ ထုခွဲရောင်းချပိုင်ခွင့် ရှိသည်။

၁၀၄။ သစ်တောဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံနိုင်ရန် ခရိုင်သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိသည်။

## အခန်း (၁၂)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၀၅။ မည်သူမဆို အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သစ်တောဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (ဇ) အရ ငွေဒဏ် ကျပ် (၅,၀၀၀) အထိဖြစ်စေ၊ ထောင်ဒဏ်ခြောက်လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

**နည်းဥပဒေ ၁၁ (က)** ။ နည်းဥပဒေ ၈ အရ ကြိုးဝိုင်းတော‌ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် ယင်းသို့ ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအရ ခွင့်ပြုထားသော မြေ၊ သို့မဟုတ် အဆောက်အအုံ တစ်ခုခု၏ အကျိုးခံစားခွင့်မှတစ်ပါး ကျန်အခွင့်အရေးများကို လွှဲပြောင်းခြင်း မပြုရ။

**နည်းဥပဒေ ၁၇ (က)** ။ နည်းဥပဒေ (၁၅) အရ ကြိုးပြင်ကာကွယ်တော သတ်မှတ်သည့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် ယင်းသို့ သတ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်အမိန့်ကြော်ငြာစာအရ ခွင့်ပြုထားသောမြေ၊ သို့မဟုတ် အဆောက်အအုံတစ်ခုခု၏ အကျိုးခံစားခွင့်မှတစ်ပါး ကျန်အခွင့်အရေးများကို လွှဲပြောင်းခြင်းမပြုရ။

**နည်းဥပဒေ ၁၉ ။** ။ မည်သူမျှ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့် လွှဲအပ်ထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ ကြိုးဝိုင်းကာကွယ်တောအတွင်း အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) သစ်တောဦးစီးဌာနက သတ်မှတ်ထားသော သစ်ပင်အမျိုးအစားများကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး၊ သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း၊

(ဃ) စိုက်ပျိုးရန်အတွက် မြေကိုတူးဆွခြင်း၊ သို့မဟုတ် ရှင်းလင်းခြင်း၊

(င) ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း၊ သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများအသုံးပြုခြင်း၊

(စ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း၊ သို့မဟုတ် အမဲလိုက် ပစ်ခတ်ခြင်း၊

(ဆ) မီးမွေးခြင်း၊ မီးဖိုခြင်း၊ သို့မဟုတ် မီးသယ်ယူခြင်း။

**နည်းဥပဒေ ၂၂ ။** ။ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (က)၊ သို့မဟုတ် နည်းဥပဒေခွဲ (ခ) အရ ခွင့်ပြုချက်ရရှိသူသည် -

(က) သက်ဆိုင်ရာခွင့်ပြုချက်တွင် သတ်မှတ်ခွင့်ပြုထားသော ကိစ္စရပ်များကိုသာ ဆောင်ရွက်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် သဘာဝဝန်းကျင်အား ထိခိုက်ပျက်စီးစေခြင်းမရှိရန် အလေးဂရုပြုရမည်၊

(ခ) သက်ဆိုင်ရာခွင့်ပြုချက်ကို ခွင့်ပြုမိန့်ပေးသူ၏ သဘောတူညီချက်မရဘဲ လွှဲပြောင်းခြင်းမပြုရ၊

(ဂ) သက်ဆိုင်ရာခွင့်ပြုချက်ဖြင့် မိမိအသုံးပြုခဲ့သော ပစ္စည်းများကို ခွင့်ပြုချက် ကုန်ဆုံးသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ရွှေ့ပြောင်းသယ်ယူရမည်။

www.burmeseclassic.com

www.burmeseclassic.com


**နည်းဥပဒေ ၂၄ (ခ)** ။ မီးသုံးစွဲသူသည် သစ်တောအရာရှိက သတ်မှတ်ကြေညာထားသည့် နည်းလမ်းစည်းကမ်းများကို လိုက်နာရမည်။

**နည်းဥပဒေ ၂၅ ။** ။ မည်သူမဆို လောင်စာပစ္စည်းများကို သစ်တောနယ်မြေနှင့် ယင်းနယ်မြေအဖြစ် သတ်မှတ်ရန် ကြေညာထားသည့် နယ်နိမိတ်မှ ကိုက် (၁၀၀) ပြင်ပတွင် စုပုံပြီးမှသာ မီးရှို့ရမည်။ ယင်းသို့ မီးရှို့ရာတွင် မီးပြန့်ပွားခြင်းမရှိစေရန် ကြိုတင်ကာကွယ်တားဆီးပြီး ဖြစ်ရမည်။

(ဆ) မီးမွှေးခြင်း၊ မီးဖိုခြင်း၊ သို့မဟုတ် မီးသယ်ယူခြင်း။

**နည်းဥပဒေ ၂၇ ။** ။ မည်သူမျှ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင် ပေါက်ရောက်နေသည့် ကျွန်းနှင့် တားမြစ်သစ်ပင်များကို ခွင့်ပြုမိန့်အရ ထုတ်ယူခြင်းမှတစ်ပါး ပိုင်းဖြတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း မီး၊ သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း မပြုရ။

**နည်းဥပဒေ ၂၉ ။** ။ မည်သူမျှ နည်းဥပဒေ ၂၈ အရ ကြေညာထားသည့် နယ်မြေတွင် ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်မရရှိဘဲ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း မပြုရ။

**နည်းဥပဒေ ၃၀ ။** ။ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ပေါက်ရောက်နေသော တားမြစ်သစ်ပင်စာရင်းတွင် မပါဝင်သည့် သစ်ပင်နှင့် သစ်များကို အောက်ပါကိစ္စရပ်များမှအပ သက်ဆိုင်ရာပြည်နယ်၊ တိုင်း သို့မဟုတ် ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုမိန့်မရရှိဘဲ မည်သူမျှ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ခွဲစိတ်ခြင်း၊ သို့မဟုတ် သယ်ယူရွှေ့ပြောင်းခြင်း မပြုရ -

(က) သုတေသနနှင့် ပညာရေးလုပ်ငန်း၊ ပြည်သူ့အကျိုးပြု သို့မဟုတ် ဘာသာရေးလုပ်ငန်းများတွင် သုံးစွဲရန်ဖြစ်သော သစ်တောထွက်ပစ္စည်းများနှင့် စီးပွားဖြစ်မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး၊ သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် ထုတ်ယူသော သစ်တောထွက်ပစ္စည်းများကို ထုတ်ယူသည့်နေ့မှ (၁) နှစ်အတွင်းနှင့် ထုတ်ယူသည့်နေရာမှ မိုင် (၂၀) အတွင်း သုံးစွဲခြင်း၊

(ခ) မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် သတ်မှတ်အရေအတွက်ထက် မကျော်လွန်ဘဲ ထုတ်ယူခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**နည်းဥပဒေ ၃၂ ။** ။ မည်သူမျှ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအတွင်း ပြည်နယ်၊ တိုင်း သို့မဟုတ် ခရိုင်သစ်တောအရာ ရှိ၏ ခွင့်ပြုချက်မရရှိဘဲ စီးပွားရေးအလို့ငှာ တားမြစ် သစ်ပင် မဟုတ်သည့် သစ်ပင်များကို ထင်း၊ မီးသွေးအလို့ငှာ ခုတ်လှဲ ခြင်း၊ ပိုင်းဖြတ်ခြင်း သို့မဟုတ် ခွဲစိတ်ခြင်း မပြုရ။

**နည်းဥပဒေ ၅၁ ။** ။ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် မိမိသယ်ယူရွှေ့ပြောင်းမည့် သစ်တောထွက်ပစ္စည်းများကို စစ်ဆေးခံရန်၊ အခွန်ဆောင်ရန် သို့မဟုတ် တံဆိပ်အမှတ်အသား ရိုက်မှတ်ရန် သက်ဆိုင်ရာ သစ်တောကင်းရုံးသို့ သယ်ဆောင်သွားရမည်။

**နည်းဥပဒေ ၅၂ ။** ။ မည်သူမျှ ပေးဆောင်ရန်ရှိသော အခွန်အခများကို ပေးဆောင်ခြင်းမပြုရသေးမီအတွင်း သစ်တောထွက်ပစ္စည်းများကို သစ်တောကင်းရုံးမှ သယ်ယူရွှေ့ပြောင်းခြင်း မပြုရ။

**နည်းဥပဒေ ၅၃ ။** ။ သစ်သယ်ယူရွှေ့ပြောင်းသူသည် သစ်လုံးကြီးများဖြင့် ဖွဲ့သော နှစ်ပေခွဲထက် ပိုမိုနစ်မြုပ်သည့် သစ်ဖောင်နှင့် သစ်လုံးများကို ခိုင်ခံ့စွာ နေရာတကျ ဖွဲ့စည်းချည်နှောင်တွဲဖက်ထားသည့် ဖောင်ဖြင့်သာ မျှောချရမည်။

**နည်းဥပဒေ ၅၄ ။** ။ နည်းဥပဒေ ၅၃ ပါ သစ်ဖောင်ကြီးများကို နှစ်စဉ် မေလ (၁၆) ရက်နေ့မှ ဒီဇင်ဘာလ (၁၄) ရက်နေ့အတွင်း၌သာ ချင်းတွင်းမြစ်တစ်လျှောက် မျှောချခွင့်ရှိသည်။

**နည်းဥပဒေ ၅၅ ။** ။ မည်သူမဆို မိမိကြီးကြပ်ကွပ်ကဲ သယ်ဆောင်လာသည့် သစ်၊ ထင်း၊ မျှော၊ ဝါး၊ သို့မဟုတ် ကြိမ်ဖောင်များ တူးမြောင်းနှင့် ဆက်သွယ်လျက်ရှိသည့် ရေလွှဲဆည်ပေါက်သို့ ဆိုက်ရောက်သည့်အခါတွင် ဆည်ကြီးကြပ်သူ၏ သတ်မှတ်ချက်အတိုင်း ကြန့်ကြာမှုမရှိစေဘဲ ရေလွှဲဆည်ကိုဖြတ်၍ သယ်ယူရွှေ့ပြောင်းရမည်။ ရွှေ့ပြောင်းရန် ရေမလုံလောက်ကြောင်း ဆည်ကြီးကြပ်သူက ထင်မြင်လျှင် သစ်တောဝန်ထမ်းက အထူးခွင့်ပြုမိန့်အရ ခွင့်ပြုသည့်လမ်းမှ သယ်ယူရွှေ့ပြောင်းရမည်။

**နည်းဥပဒေ ၅၆ (ခ)** ။ မည်သူမျှ နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း သစ်ဖောင်များကို ချည်

www.burmeseclassic.com

www.burmeseclassic.com


ထားခြင်း၊ ရပ်ထားခြင်း သို့မဟုတ် ဆွဲထားခြင်း မပြုရ။

**နည်းဥပဒေ ၅၇ (ခ)** ။ ။ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူ မည်သူမျှ နည်းဥပဒေ ၅၇၊ နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်သတ်မှတ်သည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။

**နည်းဥပဒေ ၅၈** ။ ။ မည်သူမျှ သစ်တောဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) အရ မျှောစာ မလိုဘဲ သယ်ယူရွှေ့ပြောင်းခွင့်ရှိသော သစ်တောထွက်ပစ္စည်းများမှအပ ကျန်သစ်တောထွက်ပစ္စည်းများကို ပြည်နယ်၊ တိုင်း သို့မဟုတ် ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ နေဝင်ချိန်မှ နေထွက်ချိန်အတွင်း သစ်တောကင်းရုံများကို ဖြတ်ကျော်၍ သယ်ယူရွှေ့ပြောင်းခြင်း မပြုရ။

**နည်းဥပဒေ ၆၀** ။ ။ မည်သူမဆို ညွှန်ကြားရေးမှူးချုပ်၊ သို့မဟုတ် ၎င်းက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ အထူးခွင့်ပြုချက်မရရှိလျှင် သစ်တောထွက်ပစ္စည်းများကို သယ်ယူရွှေ့ပြောင်းရာတွင်-

(က) မြစ်များတွင် ရေစီးခြင်းကို ယုတ်လျော့စေခြင်း၊ သို့မဟုတ် ရေကြောင်းပြောင်းလဲစေခြင်း၊ သို့မဟုတ် ရေကြောင်းပိတ်ဆို့စေခြင်း မပြုလုပ်ရ၊

(ခ) မော်တော်ကားလမ်း သို့မဟုတ် မီးရထားလမ်းတစ်လျှောက် ယာဉ်အသွားအလာပိတ်ဆို့မှုတစ်စုံတစ်ရာ မပြုလုပ်ရ။

**နည်းဥပဒေ ၆၃** ။ ။ (က) မည်သူမျှ ရန်ကုန်ဆိပ်ကမ်းနယ်မြေအတွင်း ကျရောက်သည့် ရန်ကုန်မြစ်၊ ပုဇွန်တောင်ချောင်းနှင့် ပဲခူးမြစ်များအတွင်း ရေမျောကမ်းတင်သစ်များကို ရန်ကုန်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့နှင့် ရန်ကုန်တိုင်း သစ်တောအရာရှိတို့၏ ခွင့်ပြုချက်မရရှိဘဲ ဆယ်ယူခြင်း မပြုရ။

(ခ) မည်သူမျှ အောက်ပါမြစ်များအတွင်း ရေမျောကမ်းတင်သစ်များကို ရန်ကုန်တိုင်း သစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ ဆယ်ယူခြင်းမပြုရ -

(၁) မှော်ဘီချောင်းရွာအောက်နှင့် လိန်ကုန်းရေကျော်ချောင်းဝအထိ ရန်ကုန်နှင့် လှိုင်မြစ်တို့၏ တစ်စိတ်တစ်ဒေသ၊

(၂) ပဲခူးနှင့် ရန်ကုန်မြစ်တို့ဆုံရာမှ ဇီးဘီကျွန်း၏ မြောက်ဘက်စွန်းအထိ ဒေသတွင် ကျရောက်

www.burmeseclassic.com

www.burmeseclassic.com



သော ပဲခူးမြစ်၏ တစ်စိတ်တစ်ဒေသ။

**နည်းဥပဒေ ၆၄ ။** ။ မည်သူမျှ နည်းဥပဒေ ၆၃ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်သည့် မြစ်များအတွင်း ရေမျောကမ်းတင်သစ်များကို သက်ဆိုင်ရာခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ ဆယ်ယူခြင်း မပြုရ။

**နည်းဥပဒေ ၆၅ (ခ)** ။ မည်သူမျှ နည်းဥပဒေ ၆၅ (က) အရ ပြည်နယ်၊ တိုင်းသစ်တောအရာရှိ၏ နေရာဒေသနှင့် အချိန်ကာလကို ဖော်ပြပြီး ရေမျောကမ်းတင်သစ်များ သယ်ယူခွင့်ပိတ်ပင်တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

**နည်းဥပဒေ ၆၆ (က)** ။ နည်းဥပဒေ ၆၃ ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်သည့် မြစ်များအတွင်း ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်ဖြင့် ရေမျောကမ်းတင် သစ်ဆယ်သူသည် ဆယ်ယူရရှိသည့်သစ်လုံးများကို အနီးဆုံးသစ်တောကင်းရုံးသို့ စုသိမ်းယူဆောင်လာရမည်။

**နည်းဥပဒေ ၇၁ (ခ)** ။ မည်သူမျှ ကိုယ်ပိုင်တံဆိပ်ကို မှတ်ပုံတင်ထားသည့် သက်ဆိုင်ရာ၏ ပြင်ပတွင် သုံးစွဲခြင်း မပြုရ။

(ဆ) မီးမွှေးခြင်း၊ မီးဖိုခြင်း၊ သို့မဟုတ် မီးသယ်ယူခြင်း။

**နည်းဥပဒေ ၇၇ ။** ။ သစ်ပင်များကို ခုတ်လှဲခြင်း၊ သို့မဟုတ် သစ်လုံးများကို ဖြတ်ပိုင်းခြင်းပြုသောအခါ (၂၄) နာရီအတွင်း ငုတ်နှင့်သစ်လုံးများအပေါ်တွင် သတ်မှတ်ချက်နှင့်အညီ ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ရမည်။

**နည်းဥပဒေ ၇၈ ။** ။ မည်သူမျှ ကိုယ်ပိုင်တံဆိပ် ရိုက်မှတ်ခြင်းမပြုရသေးသည့် သစ်များကို ခုတ်လှဲသည့်နေရာမှ သယ်ယူရွှေ့ပြောင်းခြင်း မပြုရ။

**နည်းဥပဒေ ၇၉ ။** ။ (က) ခွဲစိတ်ခြင်းမရှိသေးသည့် သစ်၊ သို့မဟုတ် အကြမ်းခုတ်ထားပြီး သစ်များပေါ်တွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်တံဆိပ်ကိုသာ ရိုက်မှတ်ရမည်။

(ခ) တံဆိပ်တုံးပိုင်ရှင်ကိုယ်တိုင်၊ သို့မဟုတ် နည်းဥပဒေ ၇၆၊ နည်းဥပဒေခွဲ (ခ) အရ တံဆိပ်တုံးကိုင်ဆောင်ခွင့်ရရှိသူမှတစ်ပါး မည်သူမျှ တံဆိပ်ရိုက်မှတ်ခြင်း မပြုရ။

**နည်းဥပဒေ ၈၀ ။** ။ မည်သူမျှ ခွင့်ပြုမိန့်မရှိလျှင်ဖြစ်စေ၊ ခွင့်ပြုမိန့်နှင့်အညီ မဟုတ်လျှင်ဖြစ်စေ -

(က) ပင်ထောင်သစ်ပင်တွင် ကိုယ်ပိုင်တံဆိပ်ကို မရိုက်ရ၊

(ခ) သစ်နှင့် သစ်လုံးပေါ်တွင် ရိုက်မှတ်ထားသည့် တံဆိပ် အမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း

www.burmeseclassic.com

www.burmeseclassic.com


သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေခြင်း မပြုရ၊

(ဂ) သစ်တောဦးစီးဌာနသို့ ပေးဆောင်ရန်ရှိသည့် အခွန်အခ များအားလုံး ပေးဆောင်ပြီးကြောင်း ဖော်ပြသည့် သစ် တောဦးစီးဌာန၏ တံဆိပ်အမှတ်အသား မပါရှိလျှင် အခြားကိုယ်ပိုင်တံဆိပ်ပါသည့် သစ်၊ သို့မဟုတ် တံဆိပ်ရာကို ဖျက်ဆီးခြင်း၊ သို့မဟုတ် ပုံသဏ္ဌာန်ပျက်အောင် ပြုလုပ်ထားသည့် လက္ခဏာပါသော သစ်များပေါ်တွင် ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ခြင်းမပြုရ၊

(ဃ) သစ်ထုတ်ခွင့်ရသူ၊ သို့မဟုတ် သစ်ထုတ်ခွင့်ရသူ၏ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူမဟုတ်လျှင် တံဆိပ်အမှတ်အသားမပါသည့် သစ်လုံးများကို ခုတ်လှဲသည့်နေရာမှ မရွှေ့ပြောင်းမီ ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ခြင်းမပြုရ၊

(င) သစ်မျှောချရန် အသုံးပြုသည့် ချောင်း၊ မြောင်းများ၏ အမြင့်ဆုံးရေတက်ရာနေရာအတွင်း ရောက်ရှိနေသည့် သစ်များပေါ်တွင် ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ခြင်း မပြုရ။

(စ) တရားမဝင် ခုတ်လှဲထုတ်ယူထားကြောင်း ယုံကြည်ရန် အကြောင်းရှိသော ကျွန်းစို၊ သို့မဟုတ် သစ်ပေါ်တွင် ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ခြင်း မပြုရ။

**နည်းဥပဒေ ၈၂ ။** ။ မည်သူမျှ ပြည်နယ်၊ တိုင်း သစ်တောအရာရှိက ထုတ်ပေးသည့် ခွင့်ပြုချက်ကို မရရှိဘဲ သစ်သိုလှောင်ဆိပ်များကို အသုံးမပြုရ။

**နည်းဥပဒေ ၈၄ ။** ။ မည်သူမျှ သစ်သိုလှောင်ဆိပ်အတွင်းရှိ သစ်သယ်ဆောင်လမ်းကို ပိတ်ဆို့ခြင်း၊ သို့မဟုတ် အတားအဆီးဖြစ်စေခြင်းမပြုရ။

**နည်းဥပဒေ ၈၅ ။** ။ မည်သူမျှ ပြည်နယ်၊ တိုင်း သစ်တောအရာရှိ၏ ခွင့်ပြုချက် မရရှိဘဲ နေဝင်ချိန်မှ နေထွက်ချိန်အတွင်း သစ်တောကင်းရုံး၊ သို့မဟုတ် သစ်သိုလှောင်ဆိပ်များအတွင်းရှိ သစ်များကို မျှောစာမပါဘဲ ရွှေ့ပြောင်းခြင်း၊ သို့မဟုတ် ရွှေ့ပြောင်းရန် အား ထုတ်ခြင်းမပြုရ။

**နည်းဥပဒေ ၉၈ ။** ။ သစ်တောဝန်ထမ်းတစ်ဦးဦးသည် သစ်တောပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သည်ဟု ယုံကြည်ရန် အကြောင်းရှိသူအား အမည်နှင့် နေရပ်လိပ်စာကို မေးမြန်းရယူနိုင်သည်။ ယင်းသို့

www.burmeseclassic.com



မေးမြန်းခြင်းခံရသူသည် မိမိ၏ အမည်နှင့် နေရပ်လိပ်စာ အမှန်ကို ထုတ်ဖော်ပြောဆိုရမည်။

## အခန်း (၁၃)

## အထွေထွေ

၁၀၆။ တည်ဆဲကာကွယ်တောများကို ဤနည်းဥပဒေများအရ သတ်မှတ်ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောများဖြစ်သည်ဟု မှတ်ယူရမည်။

၁၀၇။ ၁၉၀၂ ခုနှစ်၊ သစ်တောအက်ဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများကို ဤ နည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

♦ ♦ ♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com


## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## သစ်တောရေးရာဝန်ကြီးဌာန
### အမိန့်ကြော်ငြာစာအမှတ် ၆၂/၉၈
### (၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောဥပဒေ ပုဒ်မ ၅၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို သစ်တောနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ သစ်တောနည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ သို့မဟုတ် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် အကျုံးဝင်သောကိစ္စဖြစ်ပါက ယင်းဥပဒေများနှင့်အညီ ဆောင်ရွက်ပြီးခြင်း၊

၃။ သစ်တောနည်းဥပဒေ ၄၁ အောက်တွင် နည်းဥပဒေ ၄၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၄၁-က။ အစိုးရအဖွဲ့သည် သစ်တောဥပဒေပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ ဒေသခံပြည်သူအစုအဖွဲ့အပိုင် သစ်တောစိုက်ခင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် လုပ်ပိုင်ခွင့်ကို သစ်တောရေးရာဝန်ကြီးဌာနအား လွှဲအပ်သည်။

၄။ သစ်တောနည်းဥပဒေ ၉၉ တွင်ပါရှိသော "ဤနည်းဥပဒေများအရ ရှာဖွေရာတွင် သိမ်းဆည်းရမိသည့် သစ်တောထွက် ပစ္စည်းများနှင့်စပ်လျဉ်း၍" ဆိုသည့် စကားရပ်ကို "ဤနည်းဥပဒေများအရ သစ်တောဝန်ထမ်းက ရှာဖွေရာတွင် သိမ်းဆည်းရမိသည့် သစ်တောထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ မြို့နယ်သစ်တောအရာရှိသည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ သစ်တောနည်းဥပဒေ ၁၀၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၀၀။ သစ်တောဥပဒေပါ ပြစ်မှုကို အရေးယူခြင်းနှင့် စပ်လျဉ်း၍ -

(က) အောက်ဖော်ပြပါ ပစ္စည်းတစ်ခုခုကို ခွင့်ပြုမိန့်မရရှိဘဲ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်းပြုသည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ပြစ်မှုကျူးလွန်သူအား သစ်တောဦးစီးဌာနမဟုတ်သည့် အခြား **အစိုးရဌာနအဖွဲ့အစည်းမှ** တာဝန်ရှိသူက ဖမ်းဆီးခြင်းဖြစ်လျှင် ထိုဖမ်းဆီးသူသည် တရားခံကို သက်သေခံပစ္စည်းများနှင့်အတူ သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည် -

(၁) ၁ တန်ထက် မပိုသော ကျွန်းသစ်၊

(၂) ကျွန်းမဟုတ်သည့် တားမြစ်သစ်ပင်မှ ထွက်ရှိသည့် ၃ တန်ထက် မပိုသောသစ်၊

(၃) ကျွန်း သို့မဟုတ် တားမြစ်သစ်ပင်မှ ထွက်ရှိသည့် သစ်မှအပ ၃ တန်ထက်မပိုသော အခြားသစ်၊

(၄) သစ်မှအပ ဒေသတန်ဖိုးကျပ် ၅၀၀၀ ထက်မပိုသော အခြားသစ်တောထွက်ပစ္စည်း၊

(၅) မြေ၌စွဲကပ်ထားသော သို့မဟုတ် မြေ၌စွဲကပ်ထားသောပစ္စည်းတွင် တပ်ဆင်ထားသည့် မရွှေ့မပြောင်းနိုင်သော သစ်တောထွက်ပစ္စည်း၊
ခြွင်းချက်။ ။ နည်းဥပဒေခွဲ (က) အရ အရေးယူဆောင်ရွက်ရာတွင် ဤနည်းဥပဒေခွဲငယ် (၅) ပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို သိမ်းဆည်းခြင်းဖြစ်လျှင် မြို့နယ်သစ်တောဦးစီးဌာနသို့ ယင်းပစ္စည်းကို လွှဲပြောင်းပေးရန်မလိုဘဲ အမှုအကြောင်းအရာဖော်ပြချက်နှင့်တကွ တရားခံကိုသာ လွှဲပြောင်းပေးရမည်။

(ခ) သက်ဆိုင်ရာ သစ်တောအရာရှိသည် နည်းဥပဒေခွဲ (က) အရ လွှဲပြောင်းပေးသော ပြစ်မှုများနှင့်စပ်လျဉ်း၍ သစ်တောဥပဒေပုဒ်မ ၃၃ နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) သစ်တောဥပဒေပုဒ်မ ၃၃ တွင် အကျုံးဝင်သော ပြစ်မှုမှအပ ရဲအရေးယူပိုင်ခွင့်မရှိသော သစ်တောဥပဒေပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၄၅ ပါ ပြစ်မှုဖြစ်လျှင် ယင်းပြစ်မှု ကျူးလွန်သူအား ဖမ်းဆီးသော သစ်တောဝန်ထမ်းကဖြစ်စေ၊ ရဲတပ်ဖွဲ့ဝင်ကဖြစ်စေ သက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထား၍ တရားစွဲဆိုရမည်။

(ဃ) သစ်တောဥပဒေပုဒ်မ ၃၃ တွင် အကျုံးဝင်သော ပြစ်မှုမှအပ ရဲအရေးယူပိုင်ခွင့်ရှိသော သစ်တောဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၄ သို့မဟုတ် ပုဒ်မ ၄၆ ပါ ပြစ်မှုဖြစ်လျှင် ယင်းပြစ်မှုကျူးလွန်သူအား ဖမ်းဆီးသော

www.burmeseclassic.com

www.burmeseclassic.com


သစ်တောဝန်ထမ်း သို့မဟုတ် ရဲတပ်ဖွဲ့ဝင်ကဖြစ်စေ၊ ယင်းပြစ်မှုကို ကျူးလွန် ကြောင်းသိရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ နှင့်အညီ သက်ဆိုင်ရာ ရဲစခန်း၌ ပထမသတင်းပေးတိုင်ကြားရ မည်။

ဝန်ကြီး
သစ်တောရေးရာဝန်ကြီးဌာန

◆ ◆ ◆ ◆ ◆

လျှို့ဝှက်

www.burmeseclassic.com

www.burmeseclassic.com


ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန

# တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေ နည်းဥပဒေ

၁၃၅၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်
(၁၉၉၄ ခုနှစ်၊ ဇွန်လ ၈ ရက်)

www.burmeseclassic.com

www.burmeseclassic.com


## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၄)

၁၃၅၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၁၉၉၄ ခုနှစ်၊ ဇွန်လ ၈ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ** ဆိုသည်မှာ နေရင်းဒေသရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဆိုသည်၊

(ခ) **တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်းပေါက်ဖွား ကျက်စားသော တိရစ္ဆာန်များ၊ ငှက်များ၊ ပိုးမွှားများ၊ ရေနေသတ္တဝါများနှင့်ယင်း တို့၏ အသီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥနှင့် ပိုးလောင်းများကို ဆို သည်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက်သော အပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှို၊ ရေအောက်ရှိအပင်နှင့် ယင်းတို့၏ မျိုးစေ့များကို ဆိုသည်၊

(ဃ) **သဘာဝနယ်မြေ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိ သက်မဲ့ဖွဲ့စည်းမှုများ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထားများတည်ရှိသည့်ဒေသများကို အရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ ဤဥပဒေအရ သတ်မှတ်သည့် နယ်မြေကိုဆိုသည်၊

(င) **သက်ရှိသက်မဲ့ဖွဲ့စည်းမှု** ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝဝန်းကျင်ကို ဆိုသည်။

(စ) **နေရင်းဒေသ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာ နယ်မြေနှင့် အပင်များ သဘာဝအတိုင်း ပေါက်ရောက်ရာနယ်မြေတို့ကို ဆိုသည်၊

(ဆ) **တိရစ္ဆာန်ဥယျာဉ်** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်၊

(ဇ) **ရုက္ခဗေဒဥယျာဉ်** ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသော အပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကိုဆိုသည်၊

(ဈ) **သစ်တောနယ်မြေ** ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင် ကာကွယ်တောတို့ကိုဆိုသည်၊

(ည) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးကော်မတီကို ဆိုသည်၊

(ဋ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်၊

(ဌ) **ဝန်ကြီး** ဆိုသည်မှာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးကို ဆိုသည်၊

(ဍ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(ဎ) **သစ်တောအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ မြို့နယ်အကြီးအကဲအဆင့်မှ ညွှန်ကြားရေးမှူးအဆင့်ထိ အဆင့်ဆင့်သော အရာရှိများကိုဆိုသည်၊

www.burmeseclassic.com

www.burmeseclassic.com



(ဏ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ တောကြပ်အဆင့်မှ ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ အဆင့်ဆင့်သော ဝန်ထမ်းများကို ဆိုသည်၊

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရ၏ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) အစိုးရ၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော ငှက်များကို ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(င) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊

(စ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းရမည် -

(၁) ဝန်ကြီး ဥက္ကဋ္ဌ
သစ်တောရေးရာဝန်ကြီးဌာန

(၂) သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့ဝင်များ
အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ

www.burmeseclassic.com

www.burmeseclassic.com


(၃) သက်ဆိုင်ရာပညာရှင်များ ကျွမ်းကျင်သူများ — အဖွဲ့ဝင်များ
(၄) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(ခ) လိုအပ်လျှင် ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်သည် ဝန်ကြီးက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊

(ခ) အစိုးရက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဂ) အစိုးရက သဘာဝနယ်မြေများထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဃ) သဘာဝနယ်မြေများသတ်မှတ်ရေးနှင့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်တည်ထောင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(င) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(စ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဆ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံခြားတိုင်းပြည်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၄)

## သဘာဝနယ်မြေများသတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း

၇။ သဘာဝနယ်မြေအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သိပ္ပံကြိုးဝိုင်း၊

www.burmeseclassic.com

www.burmeseclassic.com


(ခ) အမျိုးသားဥယျာဉ်၊
(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်၊
(ဃ) သဘာဝကြိုးဝိုင်း၊
(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊
(စ) ဘူမိရူပထူးခြားသည့်ကြိုးဝိုင်း၊
(ဆ) ဝန်ကြီးကသတ်မှတ်သော အခြားသဘာဝကြိုးဝိုင်း။

၈။ ဝန်ကြီးသည် -
(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မည်သည့်ဒေသတွင်မဆို ဤဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ လိုအပ်လျှင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ -
(၁) သဘာဝနယ်မြေများကို အမျိုးအစားအလိုက် သတ်မှတ်နိုင်သည်၊
(၂) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်နိုင်သည်။
(ခ) သစ်တောနယ်မြေမှအပ အခြားအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်လိုပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊
(ဂ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေတွင် ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်လိုပါက တည်ဆဲမြေသိမ်းယူခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊
(ဃ) မည်သည့်နယ်မြေ၊ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကြိုတင်ကြေညာရမည်၊
(င) ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်မည့် သက်ဆိုင်ရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးရမည်။

၉။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -
(က) ပုဒ်မ ၈ အရ သတ်မှတ်ထားသည့် သဘာဝနယ်မြေတစ်ခု၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း၊ အမျိုးအစားပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒ ဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၀။ ဝန်ကြီးသည် -

(က) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၈ အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် -

(က) သဘာဝနယ်မြေအတွင်း လုံးဝတားမြစ်ထားသောဒေသမှအပ သိပ္ပံဆိုင်ရာသုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) သဘာဝနယ်မြေအတွင်းသို့ ပြင်ပ ပတ်ဝန်းကျင်မှ အန္တရာယ်မကျရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများမရှိစေရန် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို နိုင်ငံခြားတိုင်းပြည်များနှင့် အလဲအလှယ်ပြုလုပ်နိုင်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) သဘာဝနယ်မြေများအတွင်း တောရိုင်းတိရစ္ဆာန်များ အရှည်တည်တံ့နေစေရေးအတွက် ဦးရေအချိုးအစားမျှတစေရန် ဖမ်းဆီးခြင်း၊ သုတ်သင်ခြင်းပြုရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်၊

(ခ) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် အတွင်း ကြည့်ရှုလေ့လာ အပန်းဖြေသူများက လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ပြီး အများပြည်သူသိရှိရန် ကြေညာထားရမည်။

၁၄။ သစ်တောဦးစီးဌာနသည် ကော်မတီကဖြစ်စေ၊ ဝန်ကြီးကဖြစ်စေ ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ သဘာဝနယ်မြေအမျိုးအစားအလိုက် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

www.burmeseclassic.com

www.burmeseclassic.com



(က) သိပ္ပံကြိုးဝိုင်းအတွင်း သဘာဝသိပ္ပံပညာဆိုင်ရာ ဖြစ်စဉ်ပြောင်းလဲမှုများကို သုတေသနပြုလုပ်နိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) အမျိုးသားဥယျာဉ်အတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ သုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် ခွင့်ပြုခြင်း၊

(ဂ) အဏ္ဏဝါ အမျိုးသားဥယျာဉ်အတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားနေသော သတ္တဝါများ၊ ယင်းတို့၏ နေရင်းဒေသများဖြစ်သော သန္တာကျောက်တန်းများ၊ ကျောက်ပန်းကျောက်ခက်များ၊ ရေညှိရေမှော်များနှင့် ကမ်းခြေတစ်လျှောက်နှင့် မြစ်ဝများတွင် ပေါက်ဖွားကျက်စားသည့် တောရိုင်းတိရစ္ဆာန်များ၊ ယင်းတို့၏ နေရင်းဒေသများကို သဘာဝအတိုင်း တည်ရှိနေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) သဘာဝကြိုးဝိုင်းအတွင်း ထူးခြားထင်ရှားသော သဘာဝအပင်များနှင့် သဘာဝအတိုင်း ဆင့်ကဲဖြစ်ပေါ်နေသော သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ အရှည်တည်တံ့နေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တောရိုင်းတိရစ္ဆာန်များ အနှောင့်အယှက်ကင်းရှင်းစွာ ကျက်စားနိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသောငှက်များ ရောက်ရှိရပ်နားရာ ရေတိမ်ဘေးမဲ့တောကို ထိန်းသိမ်းရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ဘူမိရုပ ထူးခြားသည့် ကြိုးဝိုင်းအတွင်း ထူးခြားလှပသည့် သဘာဝအနေအထားများနှင့် ရှီးရာမလေ့များဖြင့် ထင်ရှားသည့်ဒေသများကို ထိန်းသိမ်းခြင်း။

## အခန်း (၅)

## ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ

၁၅။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် -

(က) မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို အောက်ပါအမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည် -

(၁) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၂) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၃) ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(ခ) မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့် သဘာဝအပင်အမျိုးအမည်နှင့် နေရာဒေသကို သတ်မှတ်ကြေညာရမည်၊

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအား ကာကွယ်ရမည့် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်၊

(ဃ) ကာကွယ်ရန် သတ်မှတ်မည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များမှာ အခြားအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုအောက်တွင်ရှိနေပါက သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၆။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် -

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းအား စည်းကမ်းချက်များသတ်မှတ်၍ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ပြုနိုင်သည်၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသူအား စမ်းသပ်ခြင်း၊ မျိုးပွားခြင်းပြုနိုင်ရန် ထိန်းသိမ်းထားသည့် သဘာဝနယ်မြေမှ ထုတ်ယူခွင့်၊ သယ်ဆောင်ခွင့်၊ လက်ဝယ်ထားခွင့် ပြုနိုင်သည်။

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအနက် စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်အမျိုးအမည်ကို ထုတ်ပြန်ကြေညာသည်၊

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာထားသည့် စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်ကို စည်းကမ်းချက်များသတ်မှတ်၍ ဖမ်းဆီးခွင့်၊ မွေးမြူခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ပြုနိုင်သည်၊

(ဂ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဝါသနာအရလည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း မွေးမြူခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ဃ) သဘာဝနယ်မြေနှင့်ကပ်လျက်ရှိသည့် ပတ်ဝန်းကျင်ဒေသအတွင်း လိုအပ်လျှင် မည်သည့်တိရစ္ဆာန်ကိုမဆို မွေးမြူသူများအား သဘာဝနယ်မြေအတွင်း ရောဂါကူးစက်ခြင်းနှင့် မျိုးရိုးဗီဇရောယှက်ခြင်းမှ ကာကွယ်နိုင်ရန် သင့်လျော်သည့် အစီအမံများချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်းပြုနိုင်သည်။

၁၈။ (က) ညွှန်ကြားရေးမှူးချုပ်သည် စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြည်ပသို့ တင်ပို့ခွင့်ပြုရန် ထောက်ခံချက်ပေးနိုင်သည်၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) ညွှန်ကြားရေးမှူးချုပ်က တာဝန်လွှဲအပ်ထားသည့် သစ်တောအရာရှိသည် အမဲလိုက်ခွင့် သို့မဟုတ် စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းရန် ခွင့်ပြုနိုင်သည်။

## အခန်း (၆)

## အမဲလိုက်ခြင်း

၁၉။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝနယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များနှင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များမှအပ အခြားတောရိုင်းတိရစ္ဆာန်များကို အမဲလိုက်သူအား စည်းကမ်းချက်များသတ်မှတ်၍ အမဲလိုက်ခွင့်လိုင်စင် ထုတ်ပေးနိုင်သည်။

၂၀။ အမဲလိုက်ခွင့်လိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော အမဲလိုက်ခွင့်လိုင်စင်ခကို ပေးဆောင်ရမည်၊

(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) သစ်တောဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၇)

## တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့်

၂၁။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် အခြားမည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်စီးပွားရေးအဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်ရန်ဖြစ်စေ၊ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) ပုဂ္ဂလိကပိုင် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၂။ ဝန်ကြီးသည် -

(က) ပုဒ်မ ၂၁ ပုဒ်မခွဲ (က) အရ တည်ထောင်လုပ်ကိုင်ခွင့်ပြုထားသော တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လိုအပ်လျှင် တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၃။ ပုဒ်မ ၂၁ အရ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်လုပ်ငန်း လိုအပ်ချက်များနှင့် ညီညွတ်မှုရှိမရှိ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်၊

(ခ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်၊

(ဂ) လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရမည့်စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် ဝန်ကြီး၏သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၅။ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်လုပ်ငန်းလိုင်စင် ရရှိသူသည် -

(က) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်၊

(ခ) လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ပေးသွင်းရမည်၊

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ သေဆုံးလျှင် ယင်း၏ တရားဝင်ဆက်ခံသူက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားရမည်။

## အခန်း (၈)
## မှတ်ပုံတင်ခြင်း

၂၆။ (က) ဤဥပဒေ အာဏာမတည်မီက လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း လက်ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင်သူသည် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်မည်၊

www.burmeseclassic.com

www.burmeseclassic.com


(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ထားသူထံမှ ရိုးရာဓလေ့ထုံးစံအရ ဆက်ခံရရှိသူမှအပ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရရှိသူသည် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ဂ) ဤဥပဒေအာဏာတည်ပြီးနောက် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သုတေသနပြုလုပ်နိုင်ရေးအတွက် ပုဒ်မ ၁၆ ပုဒ်မခွဲ (က) အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ရသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ယင်းတောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို သုတေသနပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တရဖြစ်စေ၊ လက်ဝယ်ထားရှိလိုလျှင် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မှတ်ပုံတင်ရမည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်သည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောအရာရှိသည် -

(က) ပုဒ်မ ၂၆ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ခြင်း၊ သို့မဟုတ် မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

## အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၈။ သစ်တောဝန်ထမ်းများသည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန်အလို့ငှာ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ သစ်တောအရာရှိသည် သဘာဝနယ်မြေအတွင်းဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာ မတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေ ကျပ် ၁၀၀၀ အထိ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့် ပြုထားသောနေရာသို့ သတ်မှတ်သည့် စည်းကမ်းနှင့် မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊

(ခ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုသောနေရာမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(ဂ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊
(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ချောက်လှန့်ခြင်း၊ သို့မဟုတ် တမင် အနှောင့်အယှက်ပေးခြင်း၊
(င) သဘာဝအပင်နှင့် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ခွင့်ပြုချက်မရှိဘဲ ခူးဆွတ်ခြင်း သို့မဟုတ် ချိုးဖဲ့ခြင်း။

၃၀။ သစ်တောအရာရှိသည် သဘာဝနယ်မြေအတွင်းဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်း ပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေကျပ် ၅၀၀၀ အထိ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်-
(က) လုံးဝတားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊
(ခ) ခွင့်ပြုချက်မရှိဘဲ ရုပ်ရှင် သို့မဟုတ် ဗီဒီယိုရိုက်ခြင်း၊
(ဂ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊
(ဃ) စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊

၃၁။ သစ်တောအရာရှိသည် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို တားမြစ်ထားသည့် ရာသီအတွင်း ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရဖြစ်စေခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ မွေးမြူခြင်းပြုလုပ်သူအား ဒဏ်ကြေးငွေကျပ် ၁၀,၀၀၀ အထိ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်။

၃၂။ သစ်တောအရာရှိသည် -
(က) စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ချမှတ်သည့်အခါ သဘာဝနယ်မြေမှဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာ မတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်မှဖြစ်စေ ထွက်ရှိသော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်၊
(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော ပစ္စည်းကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

## အခန်း (၁၀)

## အယူခံခြင်း

၃၃။ သစ်တောအရာရှိကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

၃၄။ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀,၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လိုင်စင်မရရှိဘဲ အမဲလိုက်ခြင်း၊

(ခ) အမဲလိုက်ခွင့် လိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊

(ဂ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေး အလို့ငှာ မွေးမြူခြင်း၊

(ဃ) သဘာဝနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခပ်ခြင်း၊

(င) သဘာဝနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသောပစ္စည်းကိုဖြစ်စေ၊ ဓာတ် သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(စ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကိုလုပ်ငန်းလိုင်စင်မရှိဘဲ တည် ထောင်လုပ်ကိုင်ခြင်း။

၃၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀,၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ် စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်း ချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင် တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာ ဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်း နည်းဖြင့် ဖျက်ဆီးခြင်း၊

(ဂ) သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ သဘာဝအနေအထား တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဃ) သဘာဝနယ်မြေ နယ်နိမိတ်အမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ အစိုးရက စီမံအုပ် ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ် စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေရန် ပြုလုပ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၃၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀,၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ကာကွယ်ထားသည့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံချက်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း။

၃၈။ ပုဒ်မ ၃၆ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၃၇ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို ပုဒ်မ ၂၇ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ဂ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းဖြင့် ဖော်စပ်ပြီးသော ဆေးဝါးကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် မသက်ဆိုင်စေရ။

၃၉။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်သူကြောင့် သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်း၊ ကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

## အထွေထွေ

၄၀။ The Wild Life Protection Act, 1936 အရ ကြေညာထားသည့် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများကို ဤဥပဒေအရ သဘာဝနယ်မြေအဖြစ် သတ်မှတ်ထားသည့် တောရိုင်း တိရစ္ဆာန် ဘေးမဲ့တောများဖြစ်သည်ဟု မှတ်ယူရမည်။

၄၁။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သက်သေခံပစ္စည်း သည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်း ကို တရားရုံးရှေ့သို့တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင် သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးသို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူ ကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၄၂။ ဤဥပဒေအရ တရားစွဲဆိုရာတွင် သစ်တောရေးရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၄၃။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့် အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် ဖမ်းဆီးရမိသော သက်သေခံပစ္စည်းနှင့်စပ်လျဉ်း ၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင်လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေ ပြရန်တာဝန်ရှိသည်။

၄၄။ ပြည်သူ့ရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင် ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၄၅။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ် ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကောလိပ်တော် အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၄၆။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များမထုတ်ပြန်မီ The Wild Life Protection Act, 1936 အရ ထုတ် ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဆာကြူလာများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

www.burmeseclassic.com

www.burmeseclassic.com


(က) သစ်တောရေးရာ ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) သစ်တောရေးရာဝန်ကြီးဌာန သို့မဟုတ် သစ်တောဦးစီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၈။ The Wild Life Protection Act, 1936 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

♦ ♦ ♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com


## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## သစ်တောရေးရာဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၀၂)

**ရန်ကုန်မြို့၊ ၁၃၆၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်**
**၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်**

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ သစ်တောရေးရာဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်၊ အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကို ဆိုသည်၊

(ခ) **အမဲလိုက်ခြင်း** ဆိုသည်မှာ နေရင်းဒေသနှင့် သဘာဝနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်ကို သတ်ဖြတ်ခြင်းနှင့် ဖမ်းဆီးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် နေရင်းဒေသနှင့် သဘာဝနယ်မြေအတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ တောရိုင်းတိရစ္ဆာန်ကို သယ်ဆောင်ခြင်းလည်း ပါဝင်သည်၊

www.burmeseclassic.com

www.burmeseclassic.com



(ဂ) **ကြားခံနယ်မြေ** ဆိုသည်မှာ သဘာဝနယ်မြေအတွင်း အမာခံထိန်းသိမ်းရေးနယ်မြေနှင့် ဆက်စပ်နေပြီး အမာခံထိန်းသိမ်းရေးနယ်မြေကို ထိခိုက်မှုမရှိစေဘဲ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန် ကြားခံသတ်မှတ်အုပ်ချုပ်သော နယ်မြေဧရိယာကို ဆိုသည်၊

(ဃ) **အမာခံထိန်းသိမ်းရေးနယ်မြေ** ဆိုသည်မှာ သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုနှင့် ဇီဝမျိုးစုံမျိုးကွဲတို့ကို ရေရှည်တည်တံ့စေရန် ထုတ်ယူသုံးစွဲခြင်းနှင့် ထိခိုက်မှုမရှိစေဘဲ နောင်လာနောက်သားများအကျိုးကို ရည်ရွယ်၍ ထိန်းသိမ်းကာကွယ်ထားသော နယ်မြေကို ဆိုသည်၊

(င) **ကျက်စားဒေသ** ဆိုသည်မှာ တိရစ္ဆာန်များ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် လိုအပ်ချက်အားလုံးကို ထိုနေရာအတွင်း ရရှိနိုင်ပြီး လှည့်လည်သွားလာကျက်စားနေထိုင်နိုင်သော နေရာအကျယ်အဝန်းကို ဆိုသည်၊

(စ) **ပိုင်နက်နယ်မြေ** ဆိုသည်မှာ ကျက်စားဒေသ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး မျိုးတူတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန် ကာကွယ်ထားသောနေရာကို ဆိုသည်၊

(ဆ) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝနယ်မြေ၊ တိရစ္ဆာန် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် သစ်တောအရာရှိကို ဆိုသည်။

## အခန်း (၂)
## သဘာဝနယ်မြေသတ်မှတ်ခြင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း

၃။ ဝန်ကြီးသည် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) အရ မည်သည့်ဒေသတွင်မဆို ဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ လိုအပ်ပါက သဘာဝနယ်မြေတစ်ခုခုကို သတ်မှတ်ရန်ဖြစ်စေ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တစ်ခုခုကို တည်ထောင်ရန်ဖြစ်စေ ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကြိုတင်ကြေညာရမည်၊ ထိုသို့ ကြေညာရာတွင် အောက်ပါအချက်များ ပါဝင်ရမည် -

(က) တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်း၊

(ခ) သဘာဝနယ်မြေအမျိုးအစား၊

(ဂ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၊

(ဃ) နည်းဥပဒေ ၄ ပါ ကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်းသည့် တားမြစ်ချက်များ၊

(င) ပဏ္ဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဝန်ကြီးသည် သဘာဝနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်ရန် သို့မဟုတ် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြေညာသည့်နေ့မှစ၍ ထိုနေ့တွင်တည်ရှိသော အခွင့်အရေးများမှအပ အောက်ပါကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ တားမြစ်ချက်များ ထည့်သွင်းဖော်ပြနိုင်သည် -

(က) အဆောက်အအုံအသစ် ဆောက်လုပ်ခြင်း၊

(ခ) တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အနာတရဖြစ်စေခြင်း၊ တောရိုင်း တိရစ္ဆာန်ကိုဖြစ်စေ၊ တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းများကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းနှင့် သဘာဝအပင်နှင့် သစ်တောထွက်ပစ္စည်းများ ဖျက်ဆီးခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊

(ဂ) မြေတူးခြင်း၊ မြေရှင်းလင်းခြင်း၊

(ဃ) သစ်ပင်သီးနှံစိုက်ပျိုးခြင်း၊

(င) စားကျက်မြေအဖြစ် အသုံးပြုခြင်း၊

(စ) မီးရှို့ခြင်း၊

(ဆ) ငါးဖမ်းခြင်း၊

(ဇ) အမဲလိုက်ခြင်း၊

(ဈ) ရေထု၊ လေထု ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးများကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

၅။ ဝန်ကြီးသည် နည်းဥပဒေ ၃ အရ ထုတ်ပြန်ထားသော သဘာဝနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်ရန် သို့မဟုတ် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာချက်ကို ပြန်လည် ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ပြန်လည် ရုပ်သိမ်းကြောင်းကို အများပြည်သူသိရှိစေရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်၊

၆။ ဝန်ကြီးသည် သတ်မှတ်တည်ထောင်မည့် သဘာဝနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်တည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (င) အရ ပမာဏစိစစ်ရေးအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ တာဝန်ပေးရမည်။

၇။ (က) နည်းဥပဒေ ၃ အရ သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ပမာဏစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း တင်ပြလျှောက်ထားနိုင်သည်

www.burmeseclassic.com

www.burmeseclassic.com



(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် ကာလအတွင်း တင်ပြတောင်းဆိုမှု တစ်စုံတစ်ရာမရှိလျှင် အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုမရှိဟု မှတ်ယူရမည်၊

(ဂ) ပဏာမစိစစ်ရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရာ၌ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများ ဆင့်ခေါ်ခြင်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း ပြုနိုင်သည်၊

(ဃ) ပဏာမစိစစ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့်ကာလအတွင်း တင်ပြတောင်းဆိုမှုများရှိခဲ့လျှင် ယင်းတို့ကို စုံစမ်းစစ်ဆေး၍ တောင်းဆိုချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းခြင်းကို ထိခိုက်စေခြင်း ရှိ၊ မရှိစိစစ်ပြီး သဘာထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ပေးသည့်ကာလအတွင်း တင်ပြရမည်။

၈။ ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၇ ၊ နည်းဥပဒေခွဲ (ဃ) အရ ပဏာမစိစစ်ရေးအဖွဲ့က တင်ပြသော အစီရင်ခံစာကို စိစစ်ပြီး ဥပဒေပုဒ်မ ၈ အရ သဘာဝနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်ရန်ဖြစ်စေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန်ဖြစ်စေ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးအတွက် သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးထံ တင်ပြရမည်။

၉။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၈ အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများရှိကြောင်း တင်ပြချက်အပေါ် စိစစ်ပြီး ဝန်ကြီး၏ သဘောတူညီချက်ဖြင့် -

(က) သင့်လျော်သော အခွင့်အရေးများနှင့် အကျိုးခံစားခွင့်များကို ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးရမည်၊

(ခ) အဆိုပြု သဘာဝနယ်မြေနယ်နိမိတ်အတွင်း မိရိုးဖလာ လုပ်ကိုင်ခွင့်ရှိသည့် အခွင့်အရေးများအတွက် ကြားခံနယ်မြေသတ်မှတ်၍ ကြားခံနယ်မြေအတွင်းတွင် ခွင့်ပြုပေးနိုင်သည်။ ထိုအခွင့်အရေးများကို မှတ်တမ်းတင်ထားရှိရမည်။

၁၀။ ဝန်ကြီးသည် ဥပဒေပုဒ်မ ၈ အရ သဘာဝနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်ရာတွင်လည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်ရာတွင်လည်းကောင်း -

(က) သစ်တောနယ်မြေမှအပ အခြားအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊

(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



မြေဖြစ်ပါက တည်ဆဲမြေသိမ်းယူခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ မြေသိမ်းယူရေး နှင့် မြေသိမ်းယူပြီးနောက် ဥပဒေပုဒ်မ ၈ အရ သတ်မှတ်တည်ထောင်နိုင်ရန် လွှဲပြောင်းရယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင် ရွက်ရမည်။

၁၁။ ဝန်ကြီးသည် ဥပဒေပုဒ်မ ၈ အရ တင်ပြချက်အပေါ် စိစစ်ပြီး အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် သတ်မှတ်တည်ထောင်ရန် ကြိုတင်ကြေညာထားသော သဘာဝနယ်မြေ များကိုလည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များကိုလည်းကောင်း အမိန့် ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ခြင်း သို့မဟုတ် တည်ထောင်ခြင်းပြုနိုင်သည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သဘာဝနယ်မြေအတွင်း လုံးဝတားမြစ်ထား သောဒေသမှအပ သိပ္ပံဆိုင်ရာသုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ခ) ဥပဒေပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် အတွင်း အများပြည်သူ ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို စည်းကမ်း ချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၁၃။ အများပြည်သူတို့သည် သတ်မှတ်ထားသော သဘာဝနယ်မြေတွင်လည်းကောင်း၊ တည် ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များတွင်လည်းကောင်း နည်း ဥပဒေ ၁၂ အရ ခွင့်ပြုထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ သဘာဝနယ်မြေအတွင်းသို့ ပြင်ပ ပတ်ဝန်းကျင်မှ အန္တရာယ်မကျရောက်စေ ရန်နှင့် ထိခိုက်နှောင့်ယှက်မှုများမရှိစေရန် အောက်ပါအစီအမံများ ချမှတ်ဆောင်ရွက်ရ မည် -

(က) ကြားခံနယ်မြေအတွင်း လိုအပ်ပါက ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည် ထောင်ခွင့် သို့မဟုတ် သီးနှံသစ်တောရောနှော စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုခြင်း၊

(ခ) ကြားခံနယ်မြေသတ်မှတ်ပေးခဲ့ခြင်းမရှိသည့် သဘာဝနယ်မြေများ၏ နယ်နိမိတ် အစပ်တွင်လည်းကောင်း၊ အတွင်းတွင်လည်းကောင်း လိုအပ်ပါက ကြားခံနယ်မြေ သတ်မှတ်၍ ယင်းကြားခံနယ်မြေမှ သစ်တောထွက်ပစ္စည်းများကို စည်းကမ်းချက် များသတ်မှတ်၍ အကန့်အသတ်ဖြင့် ထုတ်ယူသုံးစွဲခွင့်ပြုခြင်း၊

(ဂ) သဘာဝနယ်မြေများပျက်စီးမှုမရှိစေရန် ဒေသခံပြည်သူများအား ပညာပေးစည်း ရုံးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


(ဃ) ဒေသခံပြည်သူများအား ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အထောက်အကူ ဖြစ်စေသည့် နည်းပညာအကူအညီများပေးခြင်း။

(င) သဘာဝနယ်မြေနှင့် ဆက်စပ်လျက်ရှိသည့် ပတ်ဝန်းကျင်ဒေသအတွင်း လိုအပ်လျှင် မည်သည့် တိရစ္ဆာန်ကိုမဆို မွေးမြူသူများအား သဘာဝနယ်မြေအတွင်း ရောဂါကူးစက်ခြင်းနှင့် မျိုးရိုးဗီဇရောယှက်ခြင်းမှ ကာကွယ်နိုင်ရန် သင့်လျော်သည့် အစီအမံများချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်း။

၁၅။ နည်းဥပဒေ ၁၁ အရ သဘာဝနယ်မြေသတ်မှတ်ကြောင်း သို့မဟုတ် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် ယင်းအမိန့်ကြော်ငြာစာအရ -

(က) ခွင့်ပြုထားသောမြေ သို့မဟုတ် အဆောက်အအုံတစ်ခုခု၏ အကျိုးခံစားခွင့်မှ တစ်ပါး ကျန်အခွင့်အရေးများကို ခံစားခွင့်မရှိစေရ၊

(ခ) ခွင့်ပြုထားသော အခွင့်အရေးများကို ကြေညာသည့်နေ့မှစ၍ တစ်ဆက်တည်း ၅ နှစ်ထက်ကျော်လွန်၍ ခံစားခြင်းမရှိလျှင် အဆိုပါအခွင့်အရေးသည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၆။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) သတ်မှတ်ထားသည့် သဘာဝနယ်မြေတစ်ခု၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ ပြင်ဆင်ခြင်း၊ အမျိုးအစား ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ခ) တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) အရ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၇။ ဥပဒေပုဒ်မ ၉ အရ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးက သဘာဝနယ်မြေ သို့မဟုတ် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ခဲ့လျှင် သတ်မှတ်တည်ထောင်စဉ်က ပျက်ပြယ်ပြီးဖြစ်သော အများပြည်သူတို့၏ အခွင့်အရေးကို ပြန်လည်ရပိုင်ခွင့် မရှိစေရ။

၁၈။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံက လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူစာချုပ်များနှင့်အညီ ပြည်တွင်းမှ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ပြည်ပသို့ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် ထုတ်ယူခြင်း၊ သယ်ဆောင်ခြင်းနှင့် လက်ဝယ်ထားခြင်းကိုလည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်များ၊ အဖွဲ့အစည်းများနှင့် အလဲအလှယ် ပြုလုပ်ခြင်းကိုလည်းကောင်း စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉။ ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၁၈ အရ စည်းကမ်းချက်များ သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် နိုင်ငံနှင့် စည်းကမ်းသတ်မှတ်ရေးအတွက် ကြိုတင်ညှိနှိုင်းရမည်။

၂၀။ နည်းဥပဒေ ၁၈ အရ ခွင့်ပြုချက်ရရှိသူသည် -

(က) သိပ္ပံဆိုင်ရာသုတေသနပြုလုပ်နေစဉ် သို့မဟုတ် မျိုးရိုးဗီဇထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေစဉ် သစ်တောဦးစီးဌာနမှ ပုဂ္ဂိုလ်များအား ပူးပေါင်းပါဝင် ဆောင်ရွက်ခွင့်ပြုရမည်၊

(ခ) ထွက်ပေါ်လာမည့် သိပ္ပံဆိုင်ရာ သုတေသန တွေ့ရှိချက်များကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း သစ်တောဦးစီးဌာနသို့ ခွဲဝေပေးရမည်၊

(ဂ) သိပ္ပံဆိုင်ရာသုတေသန တွေ့ရှိချက်များကို အသုံးပြု၍ စီးပွားဖြစ်ထုတ်လုပ်လျှင် ယင်းထုတ်လုပ်မှုမှရရှိသည့် အကျိုးအမြတ်များကို သစ်တောဦးစီးဌာနသို့ သတ်မှတ်ထားသည့် အချိုးအစားအရ ခွဲဝေပေးရမည်။

၂၁။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၈ အရ တည်ထောင်ထားသော တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်၌ပြသရန် လိုအပ်သည့် ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို လဲလှယ်ရေး အစီအစဉ်အရဖြစ်စေ၊ ဝယ်ယူ၍ဖြစ်စေ၊ အခမဲ့ဖြစ်စေ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် စုဆောင်းနိုင်သည်။

၂၂။ ညွှန်ကြားရေးမှူးချုပ်သည် သက်ရှိသက်မဲ့ဖွဲ့စည်းမှု အမျိုးမျိုးပါဝင်သော သဘာဝနယ်မြေများရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ရေရှည်တည်တံ့စေရန် အောက်ပါလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ရမည် -

(က) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အမာခံထိန်းသိမ်းရေးနယ်မြေနှင့် ကြားခံနယ်မြေများ သတ်မှတ်၍ နယ်မြေပိုင်းခြား ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ခ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်တို့ အပြန်အလှန်ဆက်နွယ်တည်မှုစနစ်ကို လေ့လာမှတ်တမ်းတင်ခြင်း၊

(ဂ) တောရိုင်းတိရစ္ဆာန်တို့၏ နေရင်းဒေသကို လေ့လာမှတ်တမ်းတင်ခြင်း၊

(ဃ) ဇီဝမျိုးစုံမျိုးကွဲတို့ကို သိပ္ပံနည်းကျ လေ့လာမှတ်တမ်းတင်ခြင်း၊

(င) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်တို့၏ လက်ရှိအခြေအနေမှန်ကို သိရှိရန်အစဉ် လေ့လာဆန်းစစ်၍ စာရင်းကောက်ခြင်း၊

(စ) တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ ရေရှည်တည်တံ့နိုင်ရေးအတွက် သတ်မှတ်ဒေသအတွင်း လက်ခံနိုင်စွမ်းအားကို အမြဲဆန်းစစ်ခြင်း၊

(ဆ) တောရိုင်းတိရစ္ဆာန်များ ကျက်စားရှင်သန်နေထိုင်သည့် နယ်မြေအကျယ်အဝန်းကို လေ့လာ မှတ်တမ်းတင်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(ဈ) တောရိုင်းတိရစ္ဆာန်တစ်မျိုးချင်း၏ ပိုင်နက်နယ်မြေများကို လေ့လာမှတ်တမ်းတင်ခြင်း၊

(ည) ရာသီအလိုက် ဒေသရွှေ့ပြောင်းလေ့ရှိသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များကို လေ့လာမှတ်တမ်းတင်ခြင်း၊

(ဋ) သဘာဝရေထွက်နှင့် သဘာဝကျစ်တွင်းများ တည်ရှိမှုကို လေ့လာမှတ်တမ်းတင်၍ လိုအပ်သလို ပြုပြင်ပေးခြင်း၊

(ဌ) လူများကို ဘေးအန္တရာယ်ပြုသော တောရိုင်းတိရစ္ဆာန်နှင့် ပတ်ဝန်းကျင်လှုံ့ဆော်မှုကြောင့်ဖြစ်စေ၊ ရောဂါဘယကြောင့်ဖြစ်စေ ပုံမှန်မဟုတ်ဘဲ ဆိုးသွမ်းရူးသွပ်သော တောရိုင်းတိရစ္ဆာန်တို့ကို သုတ်သင်ရှင်းလင်းခြင်း၊

(ဍ) တောရိုင်းတိရစ္ဆာန်တို့၏ နေရင်းဒေသအတွင်း အကောင်အရေအတွက် ပွားများစေရန် လိုအပ်ပါက သိပ္ပံနည်းကျ မျိုးပွားပြီး ပြန်လည်ထည့်သွင်းစေလွှတ်ပေးခြင်း၊

(ဎ) တောရိုင်းတိရစ္ဆာန်များသည် ပုံမှန်မဟုတ်သောနှုန်းဖြင့် တိုးပွားလာပါက မျိုးပွားနှုန်းကို ကန့်သတ်ထိန်းသိမ်းခြင်း၊ ဖယ်ထုတ်ခြင်း။

၂၃။ ဥပဒေပုဒ်မ ၁၄ အရ သစ်တောဦးစီးဌာနသည် ကော်မတီကဖြစ်စေ၊ ဝန်ကြီးကဖြစ်စေ ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ သဘာဝနယ်မြေအမျိုးအစားအလိုက် အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သိပ္ပံကြိုးဝိုင်းအတွင်း -

(၁) ထူးခြားထင်ရှားသည့် သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ၊ ဘူမိရုပသွင်ပြင်လက္ခဏာများနှင့် မျိုးစိတ်များတည်ရှိရာ ကုန်းတွင်း သို့မဟုတ် ရေဇရိယာများတွင် သိပ္ပံဆိုင်ရာသုတေသန ပြုလုပ်ခြင်း၊

(၂) သဘာဝဖြစ်စဉ်များ ပြောင်းလဲမှုကို စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်း၊

(ခ) အမျိုးသားဥယျာဉ်အတွင်း -

(၁) သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ ရေရှည်တည်တံ့စေရန် ကာကွယ်ထိန်းသိမ်းခြင်း၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများကို ထိခိုက်မှုမရှိစေသည့် သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်ခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်စေရန် ဇုံနယ်မြေများ သတ်မှတ်ပြီး ခွင့်ပြုခြင်း၊

(၃) သက်ရှိသက်မဲ့ဖွဲ့စည်းမှုများနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီးစေသည့် ထုတ်ယူသုံးစွဲမှုနှင့် ဝင်ရောက်နေထိုင်မှုတို့ကို ထိရောက်စွာ တားမြစ်ခြင်း၊

(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း -

(၁) အဏ္ဏဝါသက်ရှိသက်မဲ့ ဖွဲ့စည်းမှုများကို ရေရှည်တည်တံ့စေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


(၂) အဏ္ဏဝါသက်ရှိသက်မဲ့ဖွဲ့စည်းမှုများကို ထိခိုက်မှုမရှိစေသည့် သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်းနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၃) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် ဇုံနယ်မြေ သတ်မှတ်ပြီး ခွင့်ပြုစေခြင်း၊

(၄) အဏ္ဏဝါသက်ရှိသက်မဲ့ဖွဲ့စည်းမှုများနှင့် သဘာဝ အနေအထားကို ထိခိုက်ပျက်စီးစေသည့် ထုတ်ယူသုံးစွဲမှုနှင့် ဝင်ရောက်နေထိုင်မှုတို့ကို ထိရောက်စွာ တားမြစ်ခြင်း၊

(ဃ) သဘာဝကြိုးဝိုင်းအတွင်း -

(၁) ယိုယွင်းပျက်စီးမှုမရှိသေးသည့် သက်ရှိသက်မဲ့ဖွဲ့စည်းမှုနှင့် သဘာဝဖြစ်စဉ်များကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်း၊

(၂) သဘာဝအရင်းအမြစ်များကို မထိခိုက်စေဘဲ ပတ်ဝန်းကျင်ပြည်သူလူထုက စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း အထူးကာကွယ်ရန် လိုအပ်သော မျိုးစိတ်များ အပါအဝင် တောရိုင်းတိရစ္ဆာန်များ အနှောင့်အယှက်ကင်းရှင်းစွာ ရှင်သန်မျိုးပွား ကျက်စားနေထိုင်နိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ယင်းတို့၏ နေရင်းဒေသရေရှည်တည်တံ့စေရန် စီမံဆောင်ရွက်ခြင်း၊ ရာသီအလိုက် ရွှေ့ပြောင်းကျက်စားလေ့ရှိသည့် ငှက်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ဘေးမဲ့ပေး၍ ကာကွယ်ထိန်းသိမ်းခြင်း၊

(စ) ဘူမိရုပထူးခြားသည့် သဘာဝနယ်မြေအတွင်း ထူးခြားလှပသည့် သဘာဝအနေအထားများနှင့် ထင်ရှားသည့် ရှေးရာယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယင်းဒေသအတွင်း အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဆ) သဘာဝခရီးသွားလုပ်ငန်းကို စီမံချက်ရေးဆွဲဆောင်ရွက်ပြီး ဝင်ငွေ တစ်စိတ်တစ်ပိုင်းကို သဘာဝနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ရင်းနှီးသုံးစွဲခြင်း။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် သင့်လျော်သည့် သစ်တောအရာရှိ တစ်ဦးဦးအား အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

၂၅။ အုပ်ချုပ်ရေးမှူးသည် ဥပဒေပုဒ်မ ၈ ၊ ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) နေ့စဉ် စီမံခန့်ခွဲအုပ်ချုပ်မှု လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊
(ဂ) သဘာဝနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များအတွင်းရှိ သဘာဝအပင်နှင့် တောရိုင်းတိရစ္ဆာန်တို့၏ တည်ရှိဖြစ်ပေါ် ပြောင်းလဲနေမှုများကို ကွင်းဆင်းလေ့လာဖော်ထုတ် သုတေသနပြုမှတ်တမ်းတင်ခြင်း၊
(ဃ) သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကို အနီးဝန်းကျင်ရှိ ပြည်သူများအား စည်းရုံးပညာပေး၍ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း၊
(င) သဘာဝနယ်မြေ၏ အမာခံထိန်းသိမ်းရေးနယ်မြေကို မထိခိုက်စေဘဲ ကြားခံနယ်မြေအတွင်း ဒေသခံပြည်သူတို့၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံ၍ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊
(စ) မြေအသုံးချမှုဆိုင်ရာ ပဋိပက္ခနှင့် အခြားပဋိပက္ခများ ကြုံတွေ့လာပါက အထက်အဆင့်ဆင့်သို့ တင်ပြခြင်း၊
(ဆ) သဘာဝနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ခြင်း။

၂၆။ (က) ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ မန္တလေးရတနာပုံဥယျာဉ်နှင့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တို့ကို ဤနည်းဥပဒေများအရ သတ်မှတ်တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များဖြစ်သည်ဟု မှတ်ယူရမည်။
(ခ) တချင်းပြည်နယ်ရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ စစ်ကိုင်းတိုင်းရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နှင့် တနင်္သာရီတိုင်းရှိ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်တို့ကို ဤနည်းဥပဒေများအရ သဘာဝနယ်မြေအဖြစ် သတ်မှတ်ထားသည့် အမျိုးသားဥယျာဉ်များနှင့် အဏ္ဏဝါအမျိုးသားဥယျာဉ်ဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း(၃)

## ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို အမိန့်ကြော်ငြာစာများထုတ်ပြန်၍ အောက်ပါအမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည်-
(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊
(ခ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊
(ဂ) ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။

www.burmeseclassic.com

www.burmeseclassic.com



၂၈။ ညွှန်ကြားရေးမှူးချုပ်သည် သတ်မှတ်ကြေညာထားသော မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များနှင့် စပ်လျဉ်း၍ -

(က) ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အများပြည်သူသိရှိလိုက်နာစေရန် သင့်လျော်သော လူထုပညာပေးနည်းလမ်းကို အသုံးပြု၍ ဆောင်ရွက်ရမည်၊

(ခ) အမျိုးအစားအလိုက် အမြဲမပြတ် စူးစမ်းလေ့လာခြင်း၊ အရေအတွက် ခန့်မှန်းခြင်း၊ ပျံ့နှံ့ကျက်စားမှုနှင့် ပေါက်ရောက်မှုလေ့လာခြင်းတို့ကို ပြုရမည်၊

(ဂ) လိုအပ်ပါက ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ကာကွယ်မှုအဆင့် ပြောင်းလဲသတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် နုတ်ပယ်ခြင်းတို့ကို ပြုနိုင်သည်။

၂၉။ (က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခုခုသည် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်တစ်မျိုးမျိုးကို သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်လိုပါက ခွင့်ပြုချက်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး မျိုးသုဉ်းမည့် အန္တရာယ်အဆင့်တွင်မရှိသော လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ရန် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) အရ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သုတေသနပြုလုပ်ခွင့်၊ စည်းကမ်းချက်များ သတ်မှတ်၍ ဖမ်းဆီးခွင့်နှင့် လက်ဝယ်ထားခွင့် ပြုနိုင်သည်၊

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (ခ) အရ ခွင့်ပြုသည့်အခါ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ရန်ခွင့်ပြုသော လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ စုဆောင်းခြင်းပြုရမည့်နေရာဒေသနှင့် အချိန်ကာလကို လည်းကောင်း၊ ဖမ်းဆီးခြင်း၊ စုဆောင်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ နည်းလမ်းများကိုလည်းကောင်း သတ်မှတ်ပေးရမည်။

၃၀။ နည်းဥပဒေ ၂၉၊ နည်းဥပဒေခွဲ (ခ) အရ ခွင့်ပြုချက်ရရှိသူသည် -

(က) သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခွန်အခနှင့် တန်ဖိုးကို ပေးဆောင်ရမည်၊

(ခ) သိပ္ပံဆိုင်ရာ သုတေသနတွေ့ရှိချက်များကို သစ်တောဦးစီးဌာနသို့ သတ်မှတ်ထားသော အချိန်ကာလအတွင်း တင်ပြရမည်၊

(ဂ) သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းကို ခွင့်ပြုရမည်၊

(ဃ) သိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်အား ထိခိုက်နှောင့်ယှက်မှုမရှိစေရန် စီမံထားရှိရမည်၊

www.burmeseclassic.com

www.burmeseclassic.com



(င) သိပ္ပံဆိုင်ရာသုတေသနပြုလုပ်သော တောရိုင်းတိရစ္ဆာန်များကို ရောဂါဘယ ကျရောက်မှုမရှိစေရန်နှင့် လေလွင့်ပြန့်ပွားမှုမရှိစေရန် စီမံချက်များ ထားရှိဆောင်ရွက်ရမည်၊

(စ) နည်းဥပဒေ ၂၉၊ အပိုဒ်ခွဲ (ဂ) ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၃၁။ (က) ထိန်းသိမ်းထားသည့် သဘာဝနယ်မြေမှ ကာကွယ်ထားသည့် သဘာဝအပင်ကို သိပ္ပံဆိုင်ရာ စမ်းသပ်ခြင်း၊ မျိုးပွားခြင်း ပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်လိုသူသည် ခွင့်ပြုချက်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ကာကွယ်ထားသည့် သဘာဝအပင်ကို ထိန်းသိမ်းထားသည့် သဘာဝနယ်မြေမှ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ထုတ်ယူခွင့်၊ သယ်ဆောင်ခွင့်နှင့် လက်ဝယ်ထားခွင့် ပြုနိုင်သည်။

၃၂။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအနက် စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်အမျိုးအမည်ကို ထုတ်ပြန်ကြေညာနိုင်သည်။

၃၃။ (က) နည်းဥပဒေ ၃၂ အရ ထုတ်ပြန်ကြေညာထားသည့် စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်များကို စီးပွားရေးအလို့ငှာ ဖမ်းဆီးခြင်း၊ မွေးမြူခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လိုသူသည် ပြုလုပ်လိုသည့် တိရစ္ဆာန်အမျိုးအမည်နှင့် အကောင်အရေအတွက်ကို ဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ် သစ်တောဦးစီးဌာနသို့ လျှောက်ထားရမည်၊

(ခ) သက်ဆိုင်ရာ သစ်တောဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ အဆင့်ဆင့်တင်ပြရမည်၊

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်ကို စိစစ်ပြီး စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်ကို စည်းကမ်းချက်များသတ်မှတ်၍ ဖမ်းဆီးခွင့်၊ မွေးမြူခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်ပြုနိုင်သည်။

၃၄။ ညွှန်ကြားရေးမှူးချုပ်သည် စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်ကို ဖမ်းဆီးခွင့်၊ မွေးမြူခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်ပြုသည့်အခါ -

(က) ဖမ်းဆီးရမည့် သို့မဟုတ် မွေးမြူရမည့် နေရာဒေသကို သတ်မှတ်ပေးရမည်၊

(ခ) ဖမ်းဆီးခွင့်၊ မွေးမြူခွင့်ပြုသည့် တောရိုင်းတိရစ္ဆာန်အမျိုးအမည်၊ ဖမ်းဆီးရမည့်ဒေသ၊ အထီးအမ အကောင်အရေအတွက်နှင့် အချိန်ကာလကို သတ်မှတ်ပေးရမည်၊

www.burmeseclassic.com

www.burmeseclassic.com


(ဂ) ဖမ်းဆီးခွင့်၊ မွေးမြူခွင့်ပြုသည့် တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးမွေးမြူခြင်းဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်၊

(ဃ) လွှဲပြောင်းခွင့်ပြုသည့် တောရိုင်းတိရစ္ဆာန် အမျိုးအမည်၊ လွှဲပြောင်းရမည့်ဒေသ၊ အထီးအမအကောင် အရေအတွက်၊ အချိန်ကာလနှင့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

၃၅။ စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်ကို နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (ဂ) အရ ဖမ်းဆီးခွင့်ရရှိသူသည် -

(က) သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ခ) သတ်မှတ်ဒေသမှဖမ်းဆီးပြီး မွေးမြူခွင့်ပြုသည့်ဒေသသို့ သယ်ယူရာတွင် သစ်တောဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် နည်းလမ်းများနှင့်အညီ သယ်ယူရွှေ့ပြောင်းရမည်၊ ထို့ပြင် ယင်းသို့ ရွှေ့ပြောင်းရာတွင် သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုကို ခံယူရမည်၊

(ဂ) ဖမ်းဆီးခွင့်ပြုသည့် တောရိုင်းတိရစ္ဆာန်အတွက် သတ်မှတ်သည့် တန်ဖိုးကို ပေးဆောင်ရမည်၊

(ဃ) သတ်မှတ်ပေးသည့် တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးရာတွင် အခြားတိရစ္ဆာန်များအား ထိခိုက်မှု၊ သေဆုံးမှုဖြစ်ပေါ်စေပါက ယင်းသို့ ထိခိုက်သေဆုံးသည့် အရေအတွက်နှင့် ဆုံးရှုံးမှုအပေါ် မူတည်၍ သတ်မှတ်သည့် ဒဏ်ကြေးကို ပေးဆောင်ရမည်၊

(င) ဖမ်းဆီးရမိသည့် တောရိုင်းတိရစ္ဆာန်အရေအတွက်ကို သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိပြီး သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို ပေးဆောင်ရမည်၊

(စ) ညွှန်ကြားရေးမှူးချုပ်က နည်းဥပဒေ ၃၄ (ဃ) အရ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

၃၆။ စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်ကို နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (ဂ) အရ မွေးမြူခွင့်ရရှိသူသည် -

(က) သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ခ) စီးပွားရေးအလို့ငှာ မွေးမြူခွင့်ရရှိထားသော တောရိုင်းတိရစ္ဆာန်မှ ပေါက်ဖွားလာသော အကောင်အရေအတွက်ကို စနစ်တကျ မှတ်တမ်းများထားရှိပြီး သက်ဆိုင်ရာခရိုင်သစ်တောဦးစီးဌာနသို့ လစဉ် စာရင်းပေးပို့ရမည်၊

(ဂ) ညွှန်ကြားရေးမှူးချုပ်က နည်းဥပဒေ ၃၄ (ဃ) အရ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

၃၇။ စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်ကို နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (ဂ) အရ တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့် ရရှိသူသည် -

www.burmeseclassic.com

www.burmeseclassic.com


(က) သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊
(ခ) လွှဲပြောင်းပြီးနောက် လွှဲပြောင်းပေးပြီးကြောင်းကို လွှဲပြောင်းခြင်းခံရသူနေထိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည့်အပြင် လွှဲပြောင်းခွင့်ပြုခဲ့သော သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနသို့ ပြန်လည်သတင်းပို့ရမည်။

၃၈။ စီးပွားရေးအလို့ငှာ မွေးမြူနိုင်သော တောရိုင်းတိရစ္ဆာန်ကို နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (ဂ) အရ ဖမ်းဆီးခွင့်၊ မွေးမြူခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်ရရှိသူသည် -
(က) ကနဦးဖမ်းဆီးမွေးမြူထားသည့် တောရိုင်းတိရစ္ဆာန်များကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ၊
(ခ) သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၏ စစ်ဆေးခြင်းကို ခံယူရမည်။

၃၉။ (က) ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) အရ သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဝါသနာအရလည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း၊ မွေးမြူလိုသူသည် မွေးမြူလိုသည့် တိရစ္ဆာန်အမျိုးအမည်နှင့် အကောင်အရေအတွက်ကို ဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနသို့ လျှောက်ထားရမည်၊
(ခ) သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ အဆင့်ဆင့် တင်ပြရမည်၊
(ဂ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်ကို စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၀။ ညွှန်ကြားရေးမှူးချုပ်သည် သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) အရ ဝါသနာအရလည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း မွေးမြူခွင့်ပြုသည့်အခါ -
(က) တစ်ဦးချင်းမွေးမြူနိုင်မည့် တောရိုင်းတိရစ္ဆာန်အမျိုးအစား၊ အရေအတွက်ကို သတ်မှတ်ရမည်၊
(ခ) မွေးမြူခွင့်ပြုသည့် တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးရမည့်ဒေသ၊ အချိန်ကာလနှင့် ဖမ်းဆီးရမည့် နည်းစနစ်နှင့် ဖမ်းဆီးခွင့်ပြုသည့် အကောင်အရေအတွက်ကို သတ်မှတ်ရမည်။

၄၁။ နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (ဂ) အရ မွေးမြူခွင့်ရရှိသူသည် -
(က) သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊
(ခ) ညွှန်ကြားရေးမှူးချုပ်က ခွင့်ပြုသည့် တောရိုင်းတိရစ္ဆာန်အမျိုးအစား၊ ခွင့်ပြုအကောင်အရေအတွက်ကိုသာ မွေးမြူရမည်၊

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ဖမ်းဆီးခွင့်ပြုသည့် တောရိုင်းတိရစ္ဆာန်ကို ဖမ်းဆီးရမိပြီး ရက်ပေါင်း ၃၀ အတွင်း မွေးမြူမည့်ဒေသသို့ ရွှေ့ပြောင်းပြီးဖြစ်ရမည့်အပြင် သက်ဆိုင်ရာ မြို့နယ်သစ်တော ဦးစီးဌာနတွင် မှတ်ပုံတင်ပြီး ဖြစ်ရမည်၊

(ဃ) မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်များမှ ပေါက်ဖွားသည့် တောရိုင်း တိရစ္ဆာန်များကို သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(င) မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် ယင်းမှ ပေါက်ဖွားသည့် တောရိုင်း တိရစ္ဆာန်များကို စီးပွားဖြစ် ရောင်းဝယ်ဖောက်ကားခြင်း မပြုရ၊

(စ) ခွင့်ပြုသည့် တောရိုင်းတိရစ္ဆာန်ကို ဖမ်းဆီးရာတွင်လည်းကောင်း၊ မွေးမြူမည့်ဒေသ သို့ ရွှေ့ပြောင်းရာတွင်လည်းကောင်း၊ မွေးမြူရာတွင်လည်းကောင်း သစ်တောဦးစီး ဌာနမှ တာဝန်ရှိသူများ၏ စစ်ဆေးခြင်းကို ခံယူရမည်၊

(ဆ) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော အခြားစည်းကမ်းချက်များကို လိုက်နာရ မည်။

၄၂။ (က) ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) အရ စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ပြည်ပသို့ တင်ပို့ လိုသူသည် ထောက်ခံချက်ရရှိရန် မြို့နယ်သစ်တောဦးစီးဌာနသို့ လျှောက်ထားရ မည်။

(ခ) သက်ဆိုင်ရာ သစ်တောဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထား ခြင်းကို စိစစ်၍ မိမိ၏ သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ အဆင့် ဆင့် တင်ပြရမည်၊

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်ကို စိစစ်ပြီး ဝန်ကြီး ၏ သဘောတူညီချက်ဖြင့် ပြည်ပသို့တင်ပို့ရန် ထောက်ခံချက်ပေးနိုင်သည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ထောက်ခံချက်ရရှိသူသည် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက် ရမည်။

၄၃။ (က) ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ အမဲလိုက်ခွင့် သို့မဟုတ် စီးပွားရေးအလို့ငှာ မွေးမြူခွင့် ပြုထားသော တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကို ဖြစ်စေ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းခွင့်ပြုလုပ်လိုသူသည် ညွှန်ကြားရေး မှူးချုပ်က တာဝန်လွှဲအပ်ထားသည့် သစ်တောအရာရှိထံသို့ မြို့နယ်ကျော်၍ သယ်ယူခွင့်ရရှိရန် လျှောက်ထားရမည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်က တာဝန်လွှဲအပ်ထားသည့် သစ်တောအရာရှိသည် နည်း ဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို ရရှိပါက စိစစ်ပြီး စည်းကမ်းချက်များ

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်၍ မြို့နယ်ကျော် သယ်ယူရွှေ့ပြောင်းရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ဂ) သယ်ယူရွှေ့ပြောင်းသည့် တောရိုင်းတိရစ္ဆာန်နှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများသည် မွေးမြူခွင့်ပြုထားသည့် သို့မဟုတ် လိုင်စင်ဖြင့် အမဲလိုက်ရာမှ ရရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့မှ ပေါက်ဖွားသည့် တိရစ္ဆာန်များ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်းများ ဖြစ်ရမည်၊

(ဃ) ပြောင်းရွှေ့မည့်နေရာသည် ယင်းတိရစ္ဆာန်အတွက် သင့်လျော်မှုရှိရမည့်အပြင် စီးပွားရေးအလို့ငှာ မွေးမြူရေးလုပ်ငန်းအတွက် မှတ်ပုံတင်ပြီး ဖြစ်ရမည်။

## အခန်း (၄)
## အမဲလိုက်ခြင်း

၄၄။ (က) သဘာဝနယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များနှင့် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များမှအပ အခြားတောရိုင်းတိရစ္ဆာန်များအား အမဲလိုက်လိုသူသည် သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနသို့ အမဲလိုက်ခွင့်လိုင်စင်ရရှိရန် လျှောက်ထားရမည်၊

(ခ) သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ အဆင့်ဆင့်တင်ပြရမည်။

၄၅။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်ကို စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ အမဲလိုက်ခွင့်လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်၊

(ခ) နည်းဥပဒေခွဲ (က) အရ အမဲလိုက်ခွင့်လိုင်စင် ထုတ်ပေးရာတွင် လိုင်စင်၌ အမဲလိုက်ခွင့်ပြုသည့်ဒေသ၊ နယ်နိမိတ်၊ ဖော်ပြချက်၊ အမဲလိုက်ခွင့်ပြုသည့် တိရစ္ဆာန်အမျိုးအမည်၊ ခွင့်ပြု အကောင်အရေအတွက်နှင့် အခြားသတ်မှတ်ချက်များကို ဖော်ပြရမည်။

၄၆။ အမဲလိုက်ခွင့် လိုင်စင်ရရှိသူသည် -

(က) အဆိပ်ခတ်၍ ဖမ်းဆီးခြင်း မပြုလုပ်ရ၊

(ခ) ကျော့ကွင်း၊ ထောင်ကျင်း၊ ထောင်ချောက်၊ သံညှပ်များဖြင့် အမဲလိုက်ခြင်းမပြုလုပ်ရ၊

(ဂ) လင့်စင်မှဖြစ်စေ၊ ကျင်းအတွင်းမှဖြစ်စေ အမဲလိုက်ခြင်း မပြုလုပ်ရ၊

www.burmeseclassic.com

www.burmeseclassic.com



(ဃ) မီးမောင်းထိုး၍ အမဲလိုက်ခြင်း မပြုလုပ်ရ၊
(င) ဆင်၏ ကျောကုန်းပေါ်မှဖြစ်စေ၊ ယာဉ်တစ်မျိုးမျိုးပေါ်မှဖြစ်စေ အမဲလိုက်ခြင်း မပြုလုပ်ရ၊
(စ) တောရိုင်းတိရစ္ဆာန်များအား ရုန်းရင်းဆန်ခတ်ဖြစ်စေရန် ခြောက်လှန့်မောင်းနှင်ခြင်း၊ ရုတ်တရက် လန့်ပြေးစေခြင်း၊ နှောင့်ယှက်ခြင်းတို့ဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုလုပ်ရ၊
(ဆ) သာသနာ့အဆောက်အအုံပရဝုဏ်မှ ကိုက် ၅၀ အတွင်း အမဲလိုက်ခြင်း၊ ဖမ်းဆီးခြင်းမပြုလုပ်ရ၊
(ဇ) ပေါက်ကွဲစေတတ်သော ပစ္စည်းများသုံးစွဲ၍ အမဲလိုက်ခြင်းမပြုလုပ်ရ၊
(ဈ) ခွေးများအသုံးပြု၍ အမဲလိုက်ခြင်း မပြုလုပ်ရ၊
(ည) ကျစ်တွင်း၊ ရေသောက်လေ့ရှိသောနေရာ၊ မစင်အမြဲစွန့်လေ့ရှိသောနေရာ၊ သီးစားပင်များနှင့် ယင်းနေရာများသို့လာသည့် လမ်းများတွင် စောင့်၍ ပစ်ခတ်ဖမ်းဆီးခြင်း မပြုလုပ်ရ၊
(ဋ) တိရစ္ဆာန်အမနှင့် သားပေါက်များအား ပစ်ခတ်ဖမ်းဆီးခြင်း မပြုလုပ်ရ၊
(ဌ) ပိုက်ကွန်များ အသုံးပြု၍ ဖမ်းဆီးခြင်း မပြုလုပ်ရ၊
(ဍ) ဥ၊ အသိုက်အမြုံ စသည်တို့ကို ဖျက်သိမ်းခြင်း၊ စုသိမ်းခြင်း မပြုလုပ်ရ၊
(ဎ) သစ်ခေါင်းနှင့် ကျင်းများအတွင်းရှိ တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးခြင်း မပြုလုပ်ရ၊
(ဏ) ခွင့်ပြုချက်မရှိဘဲ မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခြင်း မပြုလုပ်ရ၊
(တ) အစာဖြင့်လည်းကောင်း၊ အသံတုဖြင့်လည်းကောင်း ထောင်ဖမ်းခြင်း မပြုလုပ်ရ၊
(ထ) လျှပ်စစ်ဓာတ်အားဖြင့် ထောင်ဖမ်းခြင်း မပြုလုပ်ရ၊
(ဒ) လိုင်စင်တွင် ခွင့်ပြုထားသည့် လက်နက်ကိရိယာများမှအပ အခြားလက်နက်ကိရိယာများဖြင့် အမဲလိုက်ခြင်း မပြုလုပ်ရ၊
(ဓ) လိုင်စင်တွင် ခွင့်ပြုထားသည့် အချိန်ကာလနှင့် ခွင့်ပြုအရေအတွက်ထက် ကျော်လွန်ပြီး အမဲလိုက်ခြင်း မပြုလုပ်ရ၊
(န) အမဲလိုက်ပြီးပါက ရရှိသည့် သားကောင်အမျိုးအမည်၊ အရေအတွက်ကိုဖော်ပြ၍ အနီးဆုံးမြို့နယ် သစ်တောအရာရှိထံ တင်ပြအကြောင်းကြားရမည်၊
(ပ) ခွင့်ပြုထားသည့် တောရိုင်းတိရစ္ဆာန်ကိုသာ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်နှင့် ရွှေ့ပြောင်းရောင်းချခွင့် ရှိသည်၊
(ဖ) ဖမ်းဆီးရမိထားသည့် တောရိုင်းတိရစ္ဆာန်ကို မြို့နယ်ကျော်၍ သယ်ယူလိုပါက နည်းဥပဒေ ၄၃ နှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်၊
(ဗ) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် အခြားစည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

## တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့်

၄၇။ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဥပဒေပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို နိုင်ငံတော်အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် ဆက်စပ်လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ မိမိကိုယ်တိုင် လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ သစ်တောဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးထံ လျှောက်ထားရမည်။

၄၈။ နည်းဥပဒေ ၄၇ အရ လျှောက်ထားရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြ လျှောက်ထားရမည် -

(က) လျှောက်ထားသည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်အမည်၊ နေရပ်လိပ်စာ၊

(ခ) လုပ်ကိုင်လိုသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ တည်နေရာ၊

(ဂ) ရည်ရွယ်ချက်၊

(ဃ) ရင်းနှီးမြှုပ်နှံသည့် ငွေကြေးပမာဏ၊ ငွေရေးကြေးရေး စီမံအစဉ်နှင့် အထောက်အထားများ၊

(င) နိုင်ငံတော်အတွက် ရရှိနိုင်သည့် အကျိုးအမြတ်၊

(စ) ပြသမည့်တောရိုင်းတိရစ္ဆာန် သို့မဟုတ် သဘာဝအပင်အမျိုးအမည်နှင့် အရေအတွက်၊

(ဆ) တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင် စုဆောင်းမည့် အစီအစဉ်၊

(ဇ) ဥယျာဉ်အကွက်ချပုံစံနှင့် တိရစ္ဆာန်ခြံဝင်း၊ လှောင်အိမ်များ၏ ဒီဇိုင်းပုံစံများ၊

(ဈ) ရေရရှိရေး အစီအစဉ်၊

(ည) ဥယျာဉ်အား စီမံအုပ်ချုပ်မည့် အစီအစဉ်။

၄၉။ ဝန်ကြီးသည် -

(က) နည်းဥပဒေ ၄၇ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) နည်းဥပဒေခွဲ (က) အရ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်ခွင့်ကို ခွင့်ပြုပါက ခွင့်ပြုသော တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်၊ ထိုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၀။ အုပ်ချုပ်ရေးမှူးသည် ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ လုပ်ကိုင်ခွင့်ပြုထားသော တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



၅၁။ (က) စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ပုဂ္ဂလိကပိုင် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ပုဂ္ဂလိကပိုင် ရုက္ခဗေဒဥယျာဉ်ကို ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ တည်ထောင်လုပ်ကိုင်လိုပါက ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးထံ တင်ပြရမည်။

၅၂။ ဝန်ကြီးသည် နည်းဥပဒေ ၅၁ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင်စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၅၃။ ပုဂ္ဂလိကပိုင် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့် ရရှိရန် နည်းဥပဒေ ၅၁ အရ လျှောက်ထားခြင်းဖြစ်ပါက နည်းဥပဒေ ၄၈ ပါ အချက်များအပြင် ပုဂ္ဂလိကပိုင် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်တည်ထောင်မည့် မြေနေရာအကျယ်အဝန်းနှင့် မြေပိုင်ဆိုင်မှုတို့ကို ဖော်ပြလျှောက်ထားရမည်။

၅၄။ နည်းဥပဒေ ၄၉၊ နည်းဥပဒေခွဲ (က) သို့မဟုတ် နည်းဥပဒေ ၅၂ အရ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ငန်းလိုင်စင် ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၅၅။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) နည်းဥပဒေ ၅၄ အရ လျှောက်ထားချက်ကို ရရှိသည့်အခါ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းဖြစ်ပါက လိုင်စင်၌ လုပ်ငန်းလိုအပ်ချက်နှင့်အညီ လိုင်စင်စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

၅၆။ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်လုပ်ငန်း လိုင်စင်ရရှိသူသည် -

(က) လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခွန်အခများကို မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ပေးသွင်းရမည်၊

(ခ) ပြည်တွင်းပြည်ပမှ တိရစ္ဆာန်များနှင့် သဘာဝအပင်များစုဆောင်းခြင်းကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်၊

(ဂ) တိရစ္ဆာန်ဥယျာဉ် ပြင်ပခြံစည်းရိုးအား အနည်းဆုံး ၆ ပေ အမြင့် ခိုင်ခံ့စွာ ကာရံထားရမည်၊

(ဃ) လာရောက်ကြည့်ရှုသော ပြည်သူများအတွက်လည်းကောင်း၊ တိရစ္ဆာန်များအတွက် လည်းကောင်း၊ အန္တရာယ်မရှိစေရန် တိရစ္ဆာန်များအား ခိုင်ခံ့သော တိရစ္ဆာန်ခြံဝင်း သို့မဟုတ် လှောင်အိမ်များဖြင့် ထားရှိရမည်၊

www.burmeseclassic.com

www.burmeseclassic.com



(င) တိရစ္ဆာန်ခြံဝင်း သို့မဟုတ် လှောင်အိမ်များအား လေဝင်လေထွက် ကောင်းမွန်စေရန်၊ အရိပ်အာဝါသရှိရန်၊ သန့်ရှင်းရေးပြုလုပ်မှုလွယ်ကူစေရန်၊ အမိုးအကာလုံလောက်မှုရှိရန်၊ ခြောက်သွေ့သည့်နေရာရှိရန်နှင့် တိရစ္ဆာန်များအတွက် လှုပ်ရှားသွားလာရန် လုံလောက်သောနေရာရှိရန် စီစဉ်ဆောက်လုပ်ရမည်၊

(စ) ရောဂါဘယဖြစ်ပွားနေသော တိရစ္ဆာန်များအား သီးခြားခွဲ၍ ထိန်းသိမ်းထားရှိရန် သီးခြားခြံဝင်း သို့မဟုတ် လှောင်အိမ်များ ဆောက်လုပ်ထားရမည်၊

(ဆ) တိရစ္ဆာန်ခြံဝင်း သို့မဟုတ် လှောင်အိမ်များအား နေ့စဉ်သန့်ရှင်းရေး ပြုလုပ်ရမည်၊

(ဇ) တိရစ္ဆာန်ခြံဝင်း သို့မဟုတ် လှောင်အိမ်များတွင် ပြသထားသော တိရစ္ဆာန်များ၏ အမည်၊ သိပ္ပံအမည်၊ တွေ့ရှိရာဒေသနှင့် အခြားအကြောင်းအရာများပါဝင်သော ဆိုင်းဘုတ်ကို တပ်ဆင်ထားရမည်၊

(ဈ) တိရစ္ဆာန်များအား ပြုစုစောင့်ရှောက်ရန် ကျွမ်းကျင်သော တိရစ္ဆာန်ထိန်းဝန်ထမ်းများ ခန့်ထားရမည်၊

(ည) တိရစ္ဆာန်များကျန်းမာရေးအတွက် တိရစ္ဆာန်ဆေးကုသရေးပညာဘွဲ့ရ ဝန်ထမ်းများ ခန့်ထားရမည်၊

(ဋ) တိရစ္ဆာန်တစ်ကောင်ချင်းအတွက် မှတ်တမ်းထားရှိရမည်၊

(ဌ) တိရစ္ဆာန်များအား နေ့စဉ်လုံလောက်သော အစာအဟာရများ ကျွေးမွေးရမည်၊

(ဍ) တိရစ္ဆာန်များအား ရောဂါကာကွယ်ဆေးများ အချိန်မှန်ထိုးနှံပေးရမည်၊

(ဎ) ဖျားနာသော သို့မဟုတ် ဒဏ်ရာရသော တိရစ္ဆာန်များကို လုံလောက်သော ဆေးဝါးကုသမှု ပေးရမည်၊

(ဏ) သေဆုံးသော တိရစ္ဆာန်များကို ခွဲစိတ်စစ်ဆေးပြီး သေဆုံးရသော အကြောင်းရင်းကို မှတ်တမ်းတင်ထားရှိရမည်၊ အသေကောင်များကို မြေမြှုပ်၍လည်းကောင်း၊ မီးရှို့၍လည်းကောင်း ဖျက်ဆီးပစ်ရမည်၊

(တ) တိရစ္ဆာန်များတွင် ကပ်ရောဂါဝင်ရောက်ပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်၊

(ထ) ပိုလျှံသော ပြည်တွင်းမျိုးတိရစ္ဆာန်များကို ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် နေရင်းဒေသများတွင် သိပ္ပံနည်းကျ ဘေးမဲ့လွှတ်နိုင်သည်၊

(ဒ) မည်သူမျှ တိရစ္ဆာန်များကို ညှင်းပန်းနှိပ်စက်ခြင်း မပြုရ၊

(ဓ) လာရောက်လည်ပတ်သူများအတွက် နားနေရန်နေရာနှင့် ကျန်းမာရေးနှင့် ညီညွတ်သော သန့်စင်ခန်းများကို လုံလောက်စွာ စီစဉ်ပေးရမည်၊

(န) လာရောက်လည်ပတ်သူများနှင့် တိရစ္ဆာန်များအတွက် အရိပ်အာဝါသရရှိရန် အပင်ကြီးများ စိုက်ပျိုးထားရမည်၊

www.burmeseclassic.com

www.burmeseclassic.com



(ပ) ဥယျာဉ်မှ ထွက်ရှိသော အမိုက်သရိုက်များနှင့် အညစ်အကြေးများကို ဥယျာဉ်၏ ပြင်ပတွင် စနစ်တကျ စွန့်ပစ်ရမည်၊

(ဖ) တိရစ္ဆာန်ဥယျာဉ်ရှိ မွေးမြူထားသော တိရစ္ဆာန်အရေအတွက်၏ အတိုးအလျော့ စာရင်းကို သစ်တောဦးစီးဌာနသို့ တစ်နှစ်တစ်ကြိမ် တင်ပြရမည်၊

(ဗ) ဥပဒေအရ တည်ထောင်သည့် တိရစ္ဆာန်ဥယျာဉ်ရှိ သတ်မှတ်ကောင်ရေထက်ပို သော ပြည်ပ တိရစ္ဆာန်မျိုးများကို ပြည်တွင်းတွင် လွှတ်ခြင်းမပြုရ၊ စနစ်တကျ ဖျက်ဆီးခြင်း ပြုရမည်၊

(ဘ) သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၏ စစ်ဆေးခြင်းကို ခံယူရမည်၊

(မ) လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သည့် နည်းလမ်း များနှင့်အညီ မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ပေးသွင်း ရမည်၊

(ယ) ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး ပညာပေးလုပ်ငန်း၊ သိပ္ပံဆိုင်ရာသုတေသန လုပ်ငန်းနှင့် မျိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်၊

(ရ) လုပ်ငန်းလိုင်စင်သက်တမ်း မကုန်ဆုံးမီသေဆုံးလျှင် ထိုသူ၏ တရားဝင်ဆက်ခံ သူက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက် ထားရမည်၊

(လ) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော အခြားစည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

၅၇။ ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် သစ်တောဝန်ထမ်းများသည် လိုင်စင်ပါ စည်းကမ်းချက်များနှင့် နည်းဥပဒေ ၅၆ ပါ စည်းကမ်းချက်များကို လိုက်နာခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်း၍ ပုဂ္ဂလိကပိုင် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်များသို့ တစ်နှစ်လျှင်တစ်ကြိမ် သို့မဟုတ် အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးရမည်။

၅၈။ ညွှန်ကြားရေးမှူးချုပ်သည် လုပ်ငန်းလိုင်စင်ရရှိသူက လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက် များနှင့် နည်းဥပဒေ ၅၆ ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၆)

## မှတ်ပုံတင်ခြင်း

၅၉။ (က) သစ်တောရေးရာဝန်ကြီးဌာနသည် ဤနည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ရမည့် လုံးဝ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်း များကိုဖြစ်စေ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားရမည်၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) ဥပဒေအာဏာမတည်မီက မှတ်ပုံတင်ရန်လိုအပ်သော လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းများကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရှိုးရာဓလေ့ထုံးစံအရလည်းကောင်း လက်ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင်သူသည် နည်းဥပဒေခွဲ (က) ပါ အမိန့်ကြော်ငြာစာကို ထုတ်ပြန်သည့်နေ့မှစ၍ ၆ လအတွင်း သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ဂ) နည်းဥပဒေခွဲ (ခ) အရ မှတ်ပုံတင်ထားသူထံမှ ရိုးရာဓလေ့ထုံးစံအရ ဆက်ခံရရှိသူမှအပ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရရှိသူသည် လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်၊

(ဃ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ရသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် ယင်းတောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တရဖြစ်စေ၊ လက်ဝယ်ထားရှိလိုလျှင် လက်ဝယ်ထားရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

၆၀။ (က) သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနမှူးသည် နည်းဥပဒေ ၅၉၊ နည်းဥပဒေခွဲ (ခ) နှင့် (ဂ) တို့အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ မှတ်ပုံတင်ရန်ခွင့်ပြုပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

## အခန်း (၇)
## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် အရေးယူခြင်း

၆၁။ သစ်တောဝန်ထမ်းတိုင်းသည် ဥပဒေပါ ပြစ်မှုများဖြစ်ပွားခြင်းမရှိစေရန် ကြိုတင်ကာကွယ်တားဆီးခြင်းများကို ပြုလုပ်ပိုင်ခွင့်ရှိသည်။

၆၂။ အများပြည်သူတို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်သော နေအိမ်၊ အဆောက်အအုံ၊ နေရာတစ်ခုခုတွင် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ယင်း၏အစိတ်အပိုင်း သို့မဟုတ် ကာကွယ်ထားသည့် သဘာဝအပင်နှင့် အစိတ်အပိုင်းတစ်စုံတစ်ရာကို ဥပဒေနှင့်မညီဘဲ

www.burmeseclassic.com

www.burmeseclassic.com


သို့ဝှက်ထားကြောင်း ယုံကြည်ရန် လုံလောက်သည့်အကြောင်းရှိလျှင် ဥပဒေနှင့်အညီ ထိုနေအိမ်၊ အဆောက်အအုံ၊ နေရာကိုရှာဖွေရန် ပထမတန်းအာဏာရ တရားသူကြီးထက် မနိမ့်သော တရားသူကြီးတစ်ဦးဦးသည် သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူး တစ်ဦးဦးအား ရှာဖွေမိန့် ထုတ်ပေးနိုင်သည်။

၆၃။ ရှာဖွေမိန့်ရရှိသူသည် -

(က) ရှာဖွေမိန့်ကို ကိုယ်တိုင်အတည်ပြု ဆောင်ရွက်ရမည်၊ အခြားသူတစ်ဦးဦးကို ထပ်ဆင့်လွှဲအပ်ခြင်း မပြုရ၊

(ခ) ရှာဖွေခြင်းကို သက်သေ ၂ ဦးရှေ့တွင် ပြုလုပ်ရမည်၊

(ဂ) ရှာဖွေမိန့်တွင် ပါရှိသည့်နေရာ သို့မဟုတ် နေအိမ်၊ အဆောက်အအုံတွင် တွေ့ရှိရသော သက်သေခံပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ကိရိယာ တန်ဆာပလာများကို သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူကို အရေးယူခြင်းပြုရမည်၊

(ဃ) ရှာဖွေသည့်အချိန်မှ ၂၄ နာရီအတွင်း ရှာဖွေခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှာဖွေမိန့်ထုတ်ပေးသူ တရားသူကြီးထံ စာဖြင့် အစီရင်ခံရမည်။

၆၄။ သစ်တောဝန်ထမ်းသည် အများပြည်သူ ဝင်ထွက်သွားလာနိုင်သော အဆောက်အအုံ၊ နေရာနှင့် မည်သည့်ယာဉ်မျိုးကိုမဆို ရှာဖွေမိန့် ရယူရန်မလိုဘဲ သက်သေ ၂ ဦးရှေ့တွင် ရှာဖွေခြင်းပြုနိုင်သည်၊ ယင်းသို့ ရှာဖွေရာတွင် တွေ့ရှိရသော သက်သေခံပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ကိရိယာတန်ဆာပလာများကို သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူကို အရေးယူခြင်းပြုရမည်။

၆၅။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုအတွက် ရှာဖွေမိန့်ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံ ပစ္စည်းသိမ်းဆည်းခြင်းတို့နှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

၆၆။ ဥပဒေပုဒ်မ ၃၅၊ ၃၆ နှင့် ၃၇ တို့အရ ကျူးလွန်သော ပြစ်မှုများကို အရေးယူခြင်းနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးသော သစ်တောအရာရှိ သို့မဟုတ် သဘာဝထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်ကဖြစ်စေ၊ ယင်းပြစ်မှုကျူးလွန်ကြောင်း သိရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ နှင့်အညီ သက်ဆိုင်ရာရဲစခန်း၌ ပထမ သတင်းပေးတိုင်ကြားရမည်။

၆၇။ ဤဥပဒေအရ တရားစွဲဆိုရာတွင် သစ်တောရေးရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၆၈။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

www.burmeseclassic.com

www.burmeseclassic.com


(က) ဖြစ်မှုကျူးလွန်သူကြောင့် သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးကို သစ်တော ဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်၊

(ခ) ဖြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊

(ဂ) ဖြစ်မှုနှင့် သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

၆၉။ သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးသည် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး လွှဲပြောင်းပေးသော ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ယင်း၏ အစိတ်အပိုင်းများ၊ ကာကွယ်ထားသည့် သဘာဝအပင်နှင့် ယင်း၏အစိတ်အပိုင်းများကို လက်ခံရယူရမည်။

၇၀။ ပြည်နယ်၊ တိုင်းသစ်တောအရာရှိသည် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးသော တောရိုင်းတိရစ္ဆာန်နှင့် ယင်း၏အစိတ်အပိုင်းများ၊ ကာကွယ်ထားသည့် သဘာဝအပင်နှင့် ယင်း၏ အစိတ်အပိုင်းများကို သတ်မှတ်ချက်နှင့်အညီ ထုခွဲရောင်းချခွင့် ရှိသည်။

## အခန်း (၈)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၇၁။ ဥပဒေပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သော ဖြစ်မှုကို အရေးယူခြင်းနှင့်စပ်လျဉ်း၍ သစ်တောဝန်ထမ်းသည် အမှုကို စစ်ဆေးတည်ဆောက်ပြီးပါက မြို့နယ်သစ်တောအရာရှိထံ လွှဲအပ်ရမည်။

၇၂။ ဥပဒေပါ စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်ရန်အလို့ငှာ သစ်တောဝန်ထမ်းက ရှာဖွေရာတွင် သိမ်းဆည်းရမိသော ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ယင်း၏ အစိတ်အပိုင်းများ၊ ကာကွယ်ထားသည့် သဘာဝအပင်နှင့် ယင်း၏ အစိတ်အပိုင်းများ တို့နှင့်စပ်လျဉ်း၍ မြို့နယ်သစ်တောအရာရှိသည် -

(က) သိမ်းဆည်းခြင်းခံရသူထံ ခံဝန်ချုပ်ဖြင့် ယာယီပြန်လည်ပေးအပ်ထားနိုင်သည်၊

(ခ) ပျက်စီး၊ ပုပ်သိုးလွယ်သောပစ္စည်းများကို ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်ဖြင့် ထုခွဲရောင်းချခွင့်ရှိသည်၊

(ဂ) ပိုင်ရှင်မပေါ်သည့် ပစ္စည်းများကို ပြည်နယ်၊ တိုင်းသစ်တောအရာရှိ၏ ခွင့်ပြုချက် ဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခွင့်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



၇၃။ ဥပဒေပုဒ်မ ၂၉၊ ၃၀ နှင့် ၃၁ ပါ ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်သူအား သစ်တောဦးစီးဌာန မဟုတ်သည့် အခြားအစိုးရဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူက ဖမ်းဆီးခြင်းဖြစ်လျှင် ထိုဖမ်းဆီးသူသည် ပြစ်မှုကျူးလွန်သူကို သက်သေခံပစ္စည်းနှင့်အတူ သက်ဆိုင်ရာ မြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

၇၄။ သက်ဆိုင်ရာသစ်တောအရာရှိသည် ဥပဒေပုဒ်မ ၂၉၊ ၃၀ နှင့် ၃၁ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား သတ်မှတ်ထားသည့် ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်ချမှတ်ပြီး ဥပဒေပုဒ်မ ၃၂ နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၉)

## အထွေထွေ

၇၅။ ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေများ၊ ဒဏ်ကြေးများကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံနိုင်ရန် ခရိုင်သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၇၆။ The Wild Life Protection Act ၁၉၃၆ အရ ထုတ်ပြန်ထားသည့် ၁၉၄၁ ခုနှစ်၊ မြန်မာနိုင်ငံတော် သားငှက်တိရစ္ဆာန်ကာကွယ်ရေးနည်းဥပဒေများကို ဤနည်းဥပဒေများ ဖြင့် ရုပ်သိမ်းလိုက်သည်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com